

# နားခိုရာ ရင်ခွင်

ဘဒ္ဒန္တနာရဒါဘိဝံသ(လှုရတနာ)

သာသနာ-၂၅၆၀ ခရစ်-၂၀၁၇ ကောဇာ-၁၃၇၈

Hlayadanar 42

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

## အလှူတကာတွင် တရားဓမ္မအလှူသည်
## အမြတ်ဆုံး

သို့

------------------------

------------------------

------------------------

မှ

------------------------

------------------------

------------------------

အမှတ်တရ ဓမ္မဒါနလက်ဆောင်မွန်

နေ့စွဲ----------------

# နားခိုရာ ရင်ခွင်

## တအုပ် ဓမ္မဒါန

### အလှူရှင်

ဦးတင်ထွန်း + ဒေါ်အေးအေးမြင့်

ရွှေပြည်သစ် မိသားစု၏

သမီးငယ်

မဇာလီတင်ထွန်းက

မွေးနေ့အထိမ်းအမှတ် ဓမ္မဒါနပြုပါသည်

(၁၆-၄-၂၀၁၇)

# နားစိုရာ ရင်ခွင်

(ရင်ခွင် (၄)မျိုးနှင့် အမြတ်ဆုံးမေ္တရင်ခွင်
ခိုလှုံနည်းတို့ကို ဖော်ပြထားသည်)

**လှရတနာစာစဉ် (၆၄)**

ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာ)
ပထမကျော်,အဂ္ဂမဟာအကျော်,အဋ္ဌကထာပြန်အကျော်,
ဝင့်သကာ,ပါဠိပါရဂူ,သ-စ-အ ဓမ္မာစရိယ။
တိပိဋကဩဝါဒါစရိယ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

သာသနာ-၂၅၆၀၊ ကောဇာ-၁၃၇၈၊ ခရစ်-၂၀၁၇

နားခိုရာရင်ခွင်

# ပုံနှိပ်မှတ်တမ်း

အမှတ် .... ..... .....
ရက်စွဲ...... ...... ....


| | | |
|---|---|---|
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် ၂၀၁၇-ဧပြီလ။ |
| အုပ်ရေ | - | ၁၀၀၀ |
| စီစဉ်သူ | - | ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာ) |
| မျက်နှာဖုံးဒီဇိုင်း | - | ကိုမြင့်မောင်၊ |
| ခတ်ပုံ | - | ကိုအောင်ဟိန်း |
| ပုံနှိပ်သူ | - | ဦးမြင့်ဦး<br>(သိန်းသန်းဦး အောက်ဖ်ဆက်)<br>အမှတ်(၁၂၁/၁၁၉)၊ ၃၄-လမ်း၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်။<br>ဖုန်း-၂၅၂၆၂၀၊ ၃၉၈၀၃၁။ |
| ထုတ်ဝေသူ | - | ဦးမြင့်ဦး (ရွှေကျေးစာပေ) |

ဘဒ္ဒန္တနာရဒါဘိဝံသ- နားခိုရာ ရင်ခွင်
ရွှေကျေးစာပေ ၂၀၁၇-ခုနှစ်၊ ဧပြီလ၊ ပထမအကြိမ်၊
၄၁၉- စာ၊ ၁၃၊ ၂၂၊ × ၂၀-စင်တီ
နားခိုရာ ရင်ခွင်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဘုရားရှိခိုးခြင်း | ၂ |
| ၂။ | မေတ္တာပို့သခြင်း | ၃ |
| ၃။ | ရင်ခွင် (၄)မျိုး | ၄ |
| ၄။ | ကုဋေ(၈၀)သူဌေးသားဝတ္ထု | ၄၁ |
| ၅။ | သုံးဖြုန်းနည်း မွဲနည်း (၃)မျိုး | ၄၆ |
| ၆။ | ဘုရားရှင် ပြုံးတော်မူခြင်း | ၄၈ |
| ၇။ | မဟာဓနသေဋ္ဌိပုတ္တဝတ္ထု | ၅၀ |
| ၈။ | မပူပန်ကြောင်းတရား (၁၀)ပါး | ၅၃ |
| ၉။ | ကုဋေ(၈၀)သူဌေးသား ကဗျာ | ၅၄ |
| ၁၀။ | ဓမ္မိကဥပါသကဝတ္ထု | ၅၅ |
| ၁၁။ | သားသမီး (၃)မျိုး | ၅၆ |
| ၁၂။ | ဝေဠုဒွါရေယျသုတ္တန်နည်း | ၇၀ |
| ၁၃။ | သတ္တဝါတွေရဲ့ အလိုဆန္ဒ (၅)မျိုး | ၇၀ |
| ၁၄။ | ကာယကံ (၃)ပါး | ၇၂ |
| ၁၅။ | ဝစီကံ (၄)ပါး | ၇၄ |
| ၁၆။ | သဒ္ဓမ္မ (၇)ပါး | ၇၅ |
| ၁၇။ | လိုလားအပ်ရာ (၄)ဌာန | ၇၆ |
| ၁၈။ | ရွှေဘုန်းပွင့်ဘုရားသို့ လှူငွေ (၄)သိန်း | ၈၀ |

၁၉။မန်းရွှေစက်တော်ရာမုခ်ဦးမှခြေတော်ရာမှတ်တမ်း ၈၂
၂၀။ ဘုရားခြေတော်ရာရှိခိုးများ ၉၀
၂၁။ ကိုရီးယားခရီးစဉ် ၁၀၃
၂၂။ လိုက်ပါသူများစာရင်း ၁၁၁

# နိဒါန်းအမှာစာ
# အိန္ဒိယနိုင်ငံမှ စာ(၁)စောင်

ဇန္နဝါရီလ ပထမပတ်တွင် ဗုဒ္ဓဂယာမှ ဘုရားဖူးပြန်လာသော ဒကာတစ်ဦးထံမှ စာ (၁)စောင် ရရှိလာပါသည်။ ထိုစာမှာ - အိန္ဒိယနိုင်ငံ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ကုသိနာရုံ ဆရာတော်ကြီး ဘဒ္ဒန္တဉာဏိဿရ ထံမှ (၂-၁-၂၀၁၇) နေ့စွဲဖြင့် ပေးပို့လာသောစာ ဖြစ်ပါသည်

ဆရာတော် ယခု ကိုရီးယားတွင်လည်း ခြေတော်ရာတစ်ဆူ လိုအပ်နေပါပြီ။ ပထမကျောင်း နှင့် တော်တော်ဝေးသော ကိုရီးယားတွင် ခြေတော်တစ်ဆူ လိုအပ်ကြောင်း တောင်းဆိုလာခဲ့ပါသည်။ သို့ပါ၍ သင့်တော်သော ဒကာဒကာမ တစ်ဦးဦးကို ဆော်သြပြီး ခြေတော်ရာတစ်ဆူ လှူဒါန်းရန် ဆော်သြပေးပါ။ ဖြစ်နိုင်ပါက ယခု လာမည့် ဧပြီလတွင် တည်ထားနိုင်ရန်၊ ထိုထက်စောပါက ပို၍ကောင်းပါသည် ဆရာတော်။ ဖြစ်နိုင် မဖြစ်နိုင်ကို ဖုန်းဆက်၍ အကြောင်းကြားစေလိုပါသည်။

ကုသိနာရုံ ဆရာတော်ကြီး၏ ဤခြေတော်ရာ အလှူခံစာကို ချက်ချင်းပင် ဖြစ်နိုင်ပါကြောင်းကို အကြောင်းပြန်လိုက်ရပါ၏။ ဆရာတော်ကြီး, မှာသည့် ဧပြီလတွင်ပင် တည်ထားနိုင်ရန် စီစဉ်ရပါသည်။ ဧပြီလမှာ သင်္ကြန်တွင်းကာလဖြစ်ရာ အလုပ်ပိတ်သဖြင့် အလှူရှင်များလည်း ကိုရီးယားသို့ လိုက်ပါကြမည်ဖြစ်၏။ မြန်မာနိုင်ငံမှ အလှူရှင်တို့က ကိုရီးယား၌ ဘုရားရွှေခြေတော်ရာ (၂)ဆူလှူသည့် အကြောင်းကို မှတ်တမ်းတင်ထားရပါမည်။

စာရေးသူသည် **"နားခိုရာ ရင်ခွင်"** တရားကို (၁) ကသာမြို့ ဦးဌေးကို + ဒေါ်သန်းစောဦး မိသားစု တိုက်သစ်တက်ပွဲနှင့် (၂) ရန်ကုန်မြို့ ရွှေဘုန်းပွင့်ဘုရားတို့၌ ဟောကြားခဲ့ပါသည်။ ထို (၂)ပွဲတွင် ရွှေဘုန်းပွင့်ဘုရား၌ ဟောကြားသော **"နားခိုရာ ရင်ခွင်"**တရားကို မဇ္ဈလီတင်ထွန်း က မွေးနေ့အထိမ်းအမှတ်အဖြစ် ဓမ္မဒါနစာအုပ် ပြုလုပ်လျက် လှူဒါန်းခြင်း ဖြစ်ပါသည်။

မဇ္ဈလီတင်ထွန်း၏ မိဘများသည် မန်းရွှေစက်တော်ရာ အဝင်ဝမုခ်ဦးကြီး၏ အထက်၌ စကျင်ကျောက်သား ဗုဒ္ဓခြေတော်ရာကြီး (၂)ဆူတို့ကိုလည်း (၈. ၂. ၂၀၁၆)နေ့တွင်

ရေစက်ချ လှူဒါန်းထားကြ၏၊ ထို ဗုဒ္ဓခြေတော်ရာကြီး (၂)ဆူ၏ မှတ်တမ်းကိုလည်း ဤစာအုပ်၌ ဖော်ပြထားပါသည်။

ရှပ်ပိုင်းဆိုင်ရာ သိပ္ပံပညာတိုးတက်နေသော အိုင်တီခေတ်တွင် မိဘတို့မှာ သားသမီးတို့ အတွက် ဆရာများမှာ တပည့်တို့အတွက်, စိုးရိမ်ပူပန်သောက ရောက်နေကြရ၏။ ထို သားငယ် သမီးငယ် တပည့်ငယ်တို့အတွက် ဆရာမိဘတို့က ငယ်စဉ်ကပင် ဓမ္မရင်ခွင်၌ ခိုလှုံဖြစ်အောင် စောင့်ရှောက်ပေးကြဖို့နှင့် တပည့်သားသမီးတို့ကလည်း မိဘဆရာစကား လိုက်နာကြဖို့ကို ရည်ရွယ်၍ **"နားခိုရာ ရင်ခွင်"** ဟူသော ဤတရားကို ဟောကြားထားခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ မိဘရင်ခွင်, ဆရာရင်ခွင်, လောကရင်ခွင်တို့မှာ ခိုလှုံရုံမျှသာမကဘဲ ဓမ္မရင်ခွင်ထိ ခိုလှုံကြလျှက် စိုးရိမ်ပူပန်မှုများ ပြေပျောက်ကြပြီး ပျော်ရွှင်ချမ်းမြေ့စွာ ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်နိုင်ကြပါစေ ဟူ၍ ဆုတောင်းပတ္ထနာပြုလိုက်ရပါ၏။

အရှင်နာရဒါဘိဝံသ (လှုရတနာ)

(၉. ၄. ၂၀၁၇)

## နားခိုရာ ရင်ခွင် (၄)မျိုး

(၁) မိဘရင်ခွင် (၂) ဆရာရင်ခွင်

(၃) လောကရင်ခွင် (၄) ဓမ္မရင်ခွင်

၁။ နားခိုစရာ ရင်ခွင်မှာ လေးဖြာအပေါင်းရှိ။
၂။ မိဘ ဆရာ လောကသာ ဓမ္မာထည့်၍သိ။
၃။ ဓမ္မရင်ခွင်, နားခိုဝင်, သူပင်မြတ်လေဘိ။

(လှရတနာဆရာတော်)

၄

# ဓမ္မရင်ခွင် ခိုဝင်ခြင်း (က) ဇနသန္ဓဇာတ်တော်လာ ပူပန်ကြောင်းတရား (၁၀)ပါးနှင့် မပူပန်ကြောင်းတရား (၁၀)ပါး

၁။ ငယ်ကဥစ္စာ၊ မဖွေရှာ၊ အိုခါကြောင့်ကြ၊ ပူပန်ရ။ (ငယ်စဉ်ဥစ္စာ ရှာဖွေပါ)

၂။ ငယ်ကပညာ၊ မသင်ပါ၊ အိုခါကြောင့်ကြ၊ ပူပန်ရ။ (ငယ်စဉ်အခါ ပညာရှာ)

၃။ ငယ်ကဆိုးညစ်၊ လွန်ကောက်ကျစ်၊ အိုလစ်ခါမှ၊ ပူပန်ရ။ (ငယ်စဉ်အခါ လိမ္မာပါ)

၄။ ငယ်စဉ်စိတ်ဆတ်၊ သူ့သက်သတ်၊ အိုလတ်ခါမှ၊ ပူပန်ရ။ (ပါဏာတိပါတ ရှောင်ကြဉ်ကြ)

၅။ ငယ်စဉ်မိုက်မြူး၊ ကာမေကျူး၊ အိုမူးခါမှ၊ ပူပန်ရ။ (မိစ္ဆာစာရ ရှောင်ကြဉ်ကြ)

၆။ ငယ်စဉ်ပြည့်တင်း၊ မလှူလျှင်း၊ အိုမင်းခါမှ၊ ပူပန်ရ။ (ငယ်စဉ်အခါ ပေးလှူပါ)

၇။ မိအိုဖအို၊ မပြုလို၊ ကိုယ်အိုခါမှ၊ ပူပန်ရ။ (ငယ်စဉ်မိဘ လုပ်ကျွေးကြ)

၈။ မွေးဖဆရာ၊ ထင်သေးခါ၊ အိုခါကြောင့်ကြ၊ ပူပန်ရ။
(အမိအဖ ရှိသေလေးစားကြ)

၉။ ရဟန်းသူမြတ်၊ မဆည်းကပ်၊ အိုလတ်ခါမှ၊ ပူပန်ရ။
(ရဟန်းသူမြတ် ဆည်းကပ်အပ်)

၁၀။ ငယ်စဉ်တရား၊ မကျင့်ကြား၊ မိုက်မှားအိုမှ၊ ပူပန်ရ။
(အမြတ်တရား ကျင့်ကာထား)

ထိုမှအပြန်၊ ကောင်းကျိုးမှန်၊ ဧကန်မုချ၊ မပူရ။

(ဆရာညွှာ)

## (ခ) ဝေဠုဒွါရေယျသုတ္တန်နည်း
## (သဒ္ဓမ္မ -၇- ပါးနှင့် အာကင်္ခိယ-၄-ဌာန)

၁။ သက်သတ်, ခိုးဝှက်၊ အိမ်ရာဖျက်၊ သုံးချက် ကာယကံ။

၂။ ကာ, ဒုသုံးပါး၊ ကြဉ်ရှောင်ငြား၊ သုံးပါး ကာယကံ။

၃။ မုသာ, မိတ်ခွဲ၊ ဆဲရေး, ပြိန်ဖျင်း၊ အပါယ်ချဉ်း၊ လေးသင်း ဝစီကံ။

၄။ နှုတ်, ဒုလေးပါး၊ ကြဉ်ရှောင်ငြား၊ လေးပါး ဝစီကံ။

(လယ်တီဆရာတော်)

၅။ သူတော်တရား၊ ခုနှစ်ပါးနှင့် လိုလားအပ်ရာ၊ လေးဖြာဌာန၊ ပြည့်စုံကမူ၊ ဘဝဆန္ဒ၊ ထပ်တူကြ၏။

၆။ ငရဲ ပေတ၊ တိရစ္ဆာနှင့်၊ အသုရပါ ဤလေးဖြာ၊ မှတ်ပါပါယ်လေးဘုံ။

၇။ ဘဝဆန္ဒ၊ ထပ်တူကြလို၊ များလူပိုလ်တို့၊ သရဏဂုံ သီလ၊ ထိန်းသိမ်းကြလျက်၊ ခုနှစ်ဝတရား၊ ကျင့်စဉ်များကို၊ လျင်လျားမကြာ၊ ဖြည့်ကျင့်ပါလျှင်၊ နတ်ရွာသုဂတိ၊ နိဗ္ဗာန်ထိပင်၊ ရရှိစေရန်၊ တောင်းဆုပန်သည်၊ ဧကန်မုချ၊ ရစေသောဝ်။

(လှရတနာဆရာတော်)

ဓမ္မဒါနကုသိုလ်ရှင်

ရွှေဘုန်းပွင့်ဘုရား ဓမ္မသဘင်၌

ဦးတင်ထွန်း + ဒေါ်အေးအေးမြင့်

ရွှေပြည်သစ်ကားရောင်းဝယ်ရေး မိသားစု ကောင်းမှု

(၂၆. ၃. ၂၀၁၇) တနင်္ဂနွေနေ့

# ဘုရားရှိခိုးခြင်း

နားခိုရာ ရင်ခွင် တရားတော် မဟောကြားခင် ထိုနားခိုရာ ရင်ခွင်တရားတော်ရဲ့မှီရာဖြစ်တဲ့ ပါဠိတော်တို့ကို ဟောကြားတော်မူသော ဓမ္မသာမိ တရားပိုင်ရှင်ဖြစ်သည့် မြတ်စွာ ဘုရားသခင်ကို ရှေးဦးစွာ ရှိခိုးကြမှာ ဖြစ်ပါတယ်။ အဲဒီလိုရှိခိုးတဲ့အခါ ဒီဓမ္မသဘင် ကျင်းပနေတဲ့ ဓမ္မာရုံရဲ့ ဘုန်းဘုန်းတို့ ဘယ်ဘက်မှာ သက်တော်ထင်ရှား ဘုရားရှင်ရဲ့ ခြေတော်အစုံ ကြာပဒုံကို ရည်မှန်းပြီးတော့ ထုလုပ်ထားတဲ့ ဥဒ္ဒိဿစေတီထိုက်တဲ့ ဗုဒ္ဓခြေတော်ရာရှိပါတယ်။ အဲဒီ ဗုဒ္ဓခြေတော်ရာကို ရည်မှန်းပြီးတော့ သက်တော်ထင်ရှား ဘုရားရှင် ရဲ့ ခြေတော်အစုံ ကြာပဒုံကို ရှိခိုးမှာဖြစ်ပါတယ်။ သက်တော်ထင်ရှား ဘုရားရှင်ရှိစဉ်က နတ်တွေ ဗြဟ္မာတွေ လာတဲ့အခါ ရဟန္တာအရှင်မြတ်တွေ လာတဲ့အခါ ဘုရားရှင်ရဲ့ ခြေတော်ကို ဦးတိုက်ရှိခိုးတဲ့ အလေ့အထအတိုင်း ရှိခိုးကြမှာ ဖြစ်ပါတယ်။ ရှိခိုးတဲ့အခါ ဟောတဲ့ပုဂ္ဂိုလ် နာယူတဲ့ ပရိသတ် လည်းပဲ ရှိခိုးပြီးသားဖြစ်အောင် ရှေ့က ဘုန်းဘုန်းဆိုတဲ့ အတိုင်း လက်အုပ်ချီပြီးတော့ ညီညီညာညာရှိခိုးကြပါမယ်။



ကိုရီးယားသို့ လှူဒါန်းသည့် ဘုရားရွှေခြေတော်ရာ



ကိုရီးယားသို့ လှူဒါန်းသည့် ဘုရားရွှေခြေတော်ရာ



ရွှေစက်တော်မှန်ဦးပေါ်မှ စကျင်ကျောက်သားခြေတော်ရာ



ရွှေစက်တော်မှဉ်ဦးပေါ်မှ စကျင်ကျောက်သားခြေတော်ရာ



မှခ်ဦးပေါ်သို့ မတင်ခင် ခြေတော်ရာကြီးကို ပရိတ်ရေပက်ဖျန်းစဉ် (၄-၂-၂၀၁၆)



ကရိန်းစက်ကြီးဖြင့် စကျင်ခြေတော်ရာကြီးကို မုခ်ဦးပေါ်သို့ ပင့်ဆောင်စဉ် (၄-၂-၂၀၁၆)



ခြေတော်ရာကြီးကို မှန်ဦးပေါ်သို့ ပင့်စဉ် သံဃာတော်များက ခြေတော်ရာဂုဏ်တော်တို့ကို ရွတ်ဖတ်စဉ် (၄-၂-၂၀၁၆)



မုခ်ဦးထက်မှ ခြေတော်ရာ (၂)ဆူတို့ကို အနေကဇာတင်ကြစဉ် (၈-၂-၂၀၁၆)



မန်းရွှေစက်တော်ရာ မုခ်ဦးထက်မှ စကျင်ခြေတော်ရာကြီး(၂)ဆူ ရေစက်ချပွဲ (၈-၂-၂၀၁၆)




မန်းရွှေစက်တော်ရာ မုခ်ဦးမှ ခြေတော်ရာ ရေစက်ချပွဲ တက်ရောက်သူများ (၈–၂–၂၀၁၆)




မန်းရွှေစက်တော်ရာ မုခ်ဦးထက်မှ ခြေတော်ရာ(၂)ဆူ အလှူရှင်မိသားစု (၈-၂-၂၀၁၆)




မန်းရွှေစက်တော်ရာမှ အောက်စက်တော်ရာအား ဆွမ်းတော်ပွဲပေါင်း(၁၀၀၀)ကျော် ကပ်လှူထားစဉ် (၈-၂-၂၀၁၆)



မန်းရွှေစက်တော်ရာမှ အောက်စက်တော်ရာ (၈-၂-၂၀၁၆)



လုရတနာဆရာတော် တရားမဟောကြားခင် ရွှေဘုန်းပွင့်ဘုရား ဂေါပကရုံးခန်း ဧည့်သည်တော်မှတ်တမ်း၌ ဩဝါဒချီးမြှင့်စဉ် (၂၆-၃-၂၀၁၇)



(ပငဝ် -၆-၅၂) ဍုၚ်ဗၞကြၚ် ပ္ၚောဲဒေသဍုၚ်ဗဂဍိုၚ်ၚ် ဇရောဲလၟောဝ်ဂြၚ်ဒဒေဟ ၚိုဒ်ဒါၚ်ဂှ်ကီုသ္ၚါဗ်



စာအုပ်ဓမ္မဒါနအလှူရှင် မဇာလီတင်ထွန်းက ဂေါပကသို့ အလှူငွေလွှဲအပ်စဉ် (၂၆-၃-၂၀၁၇)

**ဒသဗလသဿ ဘဂဝတော ပါဒေ သိရသာ ဝန္ဒာမ၊**

**ဒသဗလသဿ၊** အားတော်ဆယ်တန် ဉာဏ်တော် ဆယ်ပါး ပါရှိပြောသော။ **ဘဂဝတော၊** ဘုန်းတော် ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော သက်တော် ထင်ရှား မြတ်စွာဘုရား၏။ **ပါဒေ၊** တရာ့ရှစ်ကွက် စက်လက္ခဏာ အစုံပါသော ခြေတော်အစုံ ကြာပဒုံတို့ကို။ **ဝန္ဒာမ၊** တရားဟော တရားနာ ဘေးရန်ကွာ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစေကြောင်း ချမ်းသာစေကြောင်း မေတ္တာလောင်းလျက် ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့် ရိုသေစွာ ရှိခိုးကြပါကုန်၏ အရှင်ဘုရား ( သာဓု သာဓု သာဓု )

## မေတ္တာပို့သခြင်း

ဓမ္မသာမိဖြစ်တဲ့ တရားပိုင်ရှင် မြတ်စွာဘုရားသခင်ကို ရှိခိုးပြီးတဲ့နောက် တရားပွဲကျင်းပရာ ရွှေဘုန်းပွင့် စေတီတော်ကြီးကို စောင့်တဲ့စေတီစောင့်နတ် နှင့်တကွ တရားနာပရိသတ်များအား အမျှထား ပြီးတော့ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများ ဘေးရန်ကင်းကွာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေလို့ မေတ္တာဆက်လက်ပြီးတော့ ပို့သပေးကြပါမယ်။ အဲဒီလို မေတ္တာပို့တဲ့အခါမှာလည်းပဲ ကာယကံ မေတ္တာ၊

ဝစီကံမေတ္တာ၊ မနောကံမေတ္တာ မေတ္တာသုံးမျိုးလုံး ပါရှိသွားအောင် ဟောသူ နာသူ ပရိသတ်တွေပါ မေတ္တာပို့ကြရပါမယ်။ အားလုံးပဲ မေတ္တာပို့ကြ ရအောင် -

**စေတီစောင့်နတ် တရားနာပရိသတ်များ အမှူးထား၍ အရပ်ဆယ်မျက်နှာ၌ နေကြကုန်သော ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ။** ( သာဓု သာဓု သာဓု )

## ရင်ခွင်(၄)မျိုး

ဓမ္မသာမိ တရားပိုင်ရှင်ဖြစ်တဲ့ မြတ်စွာဘုရားသခင်ကိုလဲ ရှိခိုးပြီးသွားပြီ၊ စေတီစောင့်နတ်နှင့်တကွ တရားနာပရိသတ်အမှူးထားပြီးတော့ ကမ္ဘာသူ ကမ္ဘာသားတွေကိုလည်း မေတ္တာပို့သပြီးပြီဆိုတော့ စောစောပိုင်းက ပြောပြထားတဲ့ တရားကို ဟောကြားနာယူကြမှာဖြစ်ပါတယ်။ နားခိုရာ ရင်ခွင်တရားကို နာယူတဲ့အခါ မှတ်သားရမယ့် အချက် အလက်တွေဟာ များပြားတဲ့အတွက် ကြိုတင်ပြီးတော့ စာရွက်တွေဖြန့်ဝေပေးထားပါတယ်။ ဖြန့်ဝေပေးထားတဲ့စာရွက်ကို

ကြည့်ပြီးတော့ နာယူကြမှာဖြစ်ပါတယ်။ ဖြန့်ဝေပေးထားတဲ့ စာရွက်ကို ကြည့်ပြီးတော့ နာယူမယ်ဆိုရင် ဘုန်းဘုန်းတို့ တရားသား လိုရင်းအချက်တွေကို မှတ်မိသွားမှာဖြစ်ပါတယ်။ နားခိုရာ ရင်ခွင်ဆိုတဲ့ တရားနာယူ တဲ့အခါ နားခိုရာရင်ခွင်က ဘယ်နှစ် မျိုးတောင်ရှိသလဲဆိုတော့ လေးမျိုးတောင်ရှိပါတယ်။ အဲဒီလေးမျိုးက ဘာတွေလဲဆိုတော့ နံပါတ်တစ် မိဘရင်ခွင်၊ နံပါတ်နှစ်က ဆရာ့ရင်ခွင်၊ နံပါတ်သုံးက လောကရင်ခွင်၊ နံပါတ်လေးက ဓမ္မရင်ခွင်လို့ ခေါ်ရပါတယ်။ ဒါကို ဘုန်းဘုန်းတို့ ပါဠိဒေသနာအနေနဲ့ စီတဲ့အခါ ရောက်တော့

## ရင်ခွင် (၄)မျိုးပြဂါထာ

**ဥရာ မာတာ စ ဧရိယော၊**

**လောကော ဓမ္မော စတုတ္ထိကာ။**

**ဓမ္မောရသ္မိံ ဘဝါသတ္တာ၊**

**သေဋ္ဌာ တေသု ပမောဒနာ။**

**ဥရာ**၊ နားခိုရာရင်ခွင်တို့သည်။ **မာတာစ**၊ သားငယ် သမီးငယ်ဘဝတွင် နားခိုရာ မိဘရင်ခွင် လည်းကောင်း၊ **အာစရိယောစ**၊ ငယ်ရွယ်ချိန် ပညာသင်ယူစဉ် နားခိုရာ ဆရာ့ ရင်ခွင် လည်းကောင်း။ **လောကောစ**၊ စည်းပွားရှာစဉ်

နားခိုရာ လောကရင်ခွင် လည်းကောင်း။ **ဓမ္မော စ၊** တရားနှလုံး ကျင့်သုံးလျက် နားခိုရာ ဓမ္မရင်ခွင် လည်းကောင်း။ **ဣတိ၊** ဤသို့လျှင်။ **စတုဗ္ဗိဓာ၊** လေးပါး အပြားရှိကုန်၏။ **တေသု၊** ထိုနားခိုရာ ရင်ခွင်လေးမျိုးတို့တွင်။ **ဓမ္မောရသ္မိံ၊** တရားနှလုံး ကျင့်သုံးခြင်း ဓမ္မရင်ခွင်၌။ **ဘဝါသတ္တာ၊** နားခိုကြသူတို့ သည်။ **ပမောဒနာ၊** ပစ္စုပ္ပန်သံသရာ နှစ်ဖြာတို့၌ လှိုက်လှိုက်လှဲလှဲ ဝမ်းသာ ပျော်ရွှင်ကြရကုန်သည်ဖြစ်၍။ **သေဋ္ဌာ၊** မြင့်မြတ် ကြသူတို့သည်သည်။ **ဘဝန္တိ၊** မုချဧကန် အမှန်ပင် ဖြစ်ကြပါပေ သတည်း။ ( **သာဓု သာဓု သာဓု** )

အဲတော့ နားခိုရာ ရင်ခွင်ဟာ ဒီဒေသနာအရ

၁။ နံပါတ် လူရယ်လို့ ဖြစ်လာပြီဆိုရင် သတ္တဝါတိုင်း သတ္တဝါ တိုင်း မိဘရင်ခွင်မှာနားခိုကြရတယ်။မိခင်ရဲ့ နို့ချိုတိုက်ကျွေး ပြီးတော့ မွေးမြူခြင်းကို ခံယူရတယ်။ ဖခင်ရဲ့ စောင့်ရှောက်မှု ကို ခံယူရတယ်။ဒါတင်မက ထိုက်သလောက် အရွယ် (၁)နှစ်၊ (၂)နှစ် ရောက်လာတဲ့အခါ မိဘနှစ်ပါးကပဲ ပုဗ္ဗာစရိယ မိနှင့်ဖဆိုတဲ့အတိုင်း ဒါက အဖိုးအဖွားပဲ၊ ဒါက ဦးကြီး ဦးလေး အဒေါ်ပဲ၊ ဒါက အရှေ့အရပ်၊ အနောက်အရပ်ပဲစသည်ဖြင့် တစ်လုံးစ နှစ်လုံးစကနေ သင်ပေးကြရတယ်။ အဲဒီနည်းနဲ့

မိဘရင်ခွင်မှာ သားတွေ သမီးတွေဟာ နားခိုကြရတယ်၊ ခိုလှုံကြရတယ်။ ဒါဟာ ပထမဆုံး နားခိုစရာ မိဘရင်ခွင်ပါပဲ။ ကိုယ့်ဘဝကိုပဲ ပြန်ပြီးတော့၊ အာရုံပြုပြီး တရားနာပေါ့လေ၊ ငါးနှစ်သား အရွယ်လောက်ရောက်တဲ့အခါ ကျောင်းအပ်ကြတယ်။ မိဘတွေက ကျောင်းအပ်ပေးကြတယ်။ ဒီအခါမှာ တန်းကျောင်းက ဆရာ၊ ဆရာမတွေက ငါးနှစ်ကစပြီးတော့ အတန်းပညာတွေ၊ လောကီပညာတွေ ဘဝမှာ နေထိုင်နိုင်အောင် စီးပွားရှာနည်းပညာတွေ သင်ကြားပေးကြရတယ်။ အဲဒီအခါမှာ ကျောင်းသားတွေ၊ ကျောင်းသူတွေဟာ ဆရာတွေရဲ့ ရင်ခွင်မှာ ခိုလှုံကြရတယ်။ ဒါကိုတော့ ဒုတိယမြောက် ဆရာ့ရင်ခွင်လို့ ခေါ်ရတယ်။

ဆရာ့ရင်ခွင်မှာ ပညာသင်လိုက်တာ တက္ကသိုလ် ကနေ ဘွဲ့တွေရ ဒီဂရီတွေရ အဲသလို ရတဲ့အခါ အလုပ်အကိုင်တွေ ရကြ လုပ်ကြ ကိုင်ကြရတယ်။ အလုပ်ကိုင်တွေ လုပ်ရင်းနဲ့ စီးပွားရှာကြရတယ်။ စီးပွားရှာတဲ့အခါ တစ်ချို့လဲ တစ်ယောက်တည်း တစ်ဦးတည်း ရှာကြတယ်။ တစ်ချို့လည်း ကြင်ဖော်သက်ထားနဲ့ အဲဒါနှစ်ဦးပေါင်းပြီးတော့ စီးပွားရှာကြတယ်။ အလုပ်အကိုင်တွေ လုပ်ကြတယ်။ အဲဒီလို ဘဝမှာ စီးပွားရေး

တွေ ရှာဖွေရ လုပ်ကိုင်ကြရတာကိုတော့ လောကရင်ခွင်လို့ ခေါ်ရတယ်။ ဘဝရင်ခွင်လို့လဲ ခေါ်ရတယ်။ အဲဒီ လောကရင်ခွင်ဟာ တစ်ယောက်တည်းပဲ စီးပွားရှာရှာ နှစ်ယောက်ပဲ စီးပွားရှာရှာ မိသားစုနဲ့ပဲ ရှာရှာ လောကရင်ခွင်ပါပဲ၊ ချစ်သူရင်ခွင် သို့မဟုတ် ဇနီးမယား ရင်ခွင်၊ ခင်ပွန်းရင်ခွင် ဒါတွေဟာ အားလုံးပဲ လောကရင်ခွင်လို့ ခေါ်တဲ့ ဘဝရင်ခွင်ထဲမှာ အကျုံးဝင်ပါတယ်။ အဲတော့ လောကရင်ခွင်လို့ခေါ်တဲ့ ဘဝရင်ခွင်ဟာ အလွန်ပဲ ကျယ်ပြန့်လှပါတယ်။ ဒီလိုနည်းနဲ့ပဲ သားတွေ သမီးတွေ မိသားစုအနေနဲ့ ဖြစ်လာကြတယ်။ အဲဒီလို ဖြစ်လာပြီးတဲ့နောက် တတိယအရွယ်ရောက်လာ ပါတယ်။

တတိယအရွယ်ရောက်လာတော့ ဘုရားသွားကျောင်းတက် ဘုရားရိပ် တရားရိပ်ခိုလှုံကြတယ်။ ဘုရားရိပ် တရားရိပ် ခိုလှုံတဲ့အခါ ရောက်တော့ ဒါန သီလ ဘာဝနာ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ကြတယ်။ ဥပုသ်တွေ ဆောက်တည်ကြတယ်။ ရိပ်သာတွေ ဝင်ကြ၊ တရားတွေနာကြ၊ တရားတွေထိုင်ကြ၊ တရားတွေ အားထုတ်ကြတယ်။ ဒါကိုတော့ စတုတ္ထမြောက် ဓမ္မရင်ခွင်လို့ ခေါ်ရတယ်။ ပုဂ္ဂိုလ်သတ္တဝါတစ်ဦး တစ်ယောက်ရဲ့ ဘဝဖြစ်စဉ်ကို ခြုံပြီး

ကြည့်လိုက်ရင် ဒီရင်ခွင်လေးခုက လွတ်တာရှိရဲ့လား။ မရှိဘူး။ ဒီရင်ခွင်လေးခုကနေပြီးတော့ နားခိုပြီး ခိုလှုံပြီးတော့ တစ်ဘဝတာ ဖြတ်သန်းကျင်လည် ကြရတယ်။ တစ်ဘဝတာ တင်လားဆိုတော့ မဟုတ်သေးဘူး။ ဒီဘဝက ကံကုန် သက်တမ်းကုန်လို့ ကွယ်လွန်အနိစ္စရောက်လို့ နောက်ဘဝ နောက်သံသရာတွေ ကျင်လည်တဲ့အခါမှာလဲ ဒီရင်ခွင်လေးမျိုး က လွတ်ရဲ့လား မလွတ်ဘူး။ သတ္တဝါတွေ အနေနဲ့ ဘဝ သံသရာ ကျင်လည်တဲ့အခါလည်း တစ်နံပါတ် မိဘရင်ခွင် နှစ်နံပါတ် ဆရာ့ရင်ခွင် သုံးနံပါတ် လောကရင်ခွင် လေးနံပါတ် ဓမ္မရင်ခွင် ဒီရင်ခွင် လေးမျိုးနဲ့ပဲ ဘဝသံသရာ ကျင်လည်နေကြ ရတယ်။ အဲလိုဆိုတော့ ဘဝသံသရာရဲ့အချုပ်ဟာ ရင်ခွင်လေးမျိုးနဲ့ပဲ စုစည်းပြီးသား ဖြစ်သွားတယ်။

အဲတော့ သတ္တဝါတိုင်း သတ္တဝါတိုင်းဟာ ဒီရင်ခွင် လေးမျိုးထဲမှာ နားခိုခွင့်ကော ရကြရဲ့လား၊ ဒီလိုလည်း စိစစ်ကြည့်ရတယ်။ စိစစ်ကြည့်လိုက်တော့ မိဘရင်ခွင်ကတော့ ဒီမိဘနှစ်ပါးကပဲ ပေါက်ဖွားရတဲ့အတွက် မိဘရင်ခွင်ကိုတော့ အားလုံးပဲ ခိုလှုံကြရပါတယ်။ ဒါပေမယ့် ဆရာ့ရင်ခွင်မှာ တချို့ ကျောင်းသားကျောင်းသူအနေနဲ့ ကျောင်းနေပြီးတော့

ခိုလှုံခွင့်ရကြရဲ့လား မရဘူး။ တစ်ချို့ သားငယ် သမီးငယ်တွေ မိဘစီးပွားရေး အဆင်မပြေတဲ့အခါ မိဘနဲ့အတူ ဘဝမှာ ရုန်းကန်လှုပ်ရှားကြရတယ်။ လောကရင်ခွင်မှာ ငယ်ငယ်လေး နဲ့ပဲ စီးပွားရှာလိုက်ကြရတယ်။ အဲတော့ တချို့ကလေးငယ်တွေ ဆရာ့ရင်ခွင် မှာ မခိုလှုံခဲ့ကြရဘူး။ ဆရာ့ထံမှာ ပညာသင်ကြား ခွင့် မရလိုက်ကြဘူး။ တချို့ကြတော့လဲ မိဘရင်ခွင် ခိုလှုံတာ ငါးနှစ်သက်တမ်းထိ ရထားပြီးတော့ ငါးနှစ်ကျမှ ဆရာ့ရင်ခွင် မှာ ကျောင်းထားတယ်ဆိုပေမယ့် တချို့ သားသမီးလေးတွေ မိဘရင်ခွင်မှာ ငါးနှစ်သားထိ နေခွင့်ရကြရဲ့လား မရဘူး။ တချို့သားသမီးလေးတွေ မိဘက စွန့်ပစ်တာကို ခံလိုက်ရ တယ်။ အဲဒီအခါမှာ ပရဟိတဂေဟာတွေမှာ သွားပြီးတော့ နေကြထိုင်ကြရတယ်။ အဲတော့ တချို့ သားငယ် သမီးငယ်တွေဟာ မိဘရင်ခွင်ကိုသော်မှ အပြည့်အဝ နားခိုခွင့် မရကြဘူး။ တချို့ သားငယ် သမီးငယ်တွေကြပြန်တော့လည်း မိဘစီးပွားရေး မပြေလည်တဲ့အတွက် ကျောင်းသား ကျောင်းသူ ဘဝအနေနဲ့ ဆရာ့ရင်ခွင်မှာ နားခိုခွင့်ရကြရဲ့လား။ မရကြဘူး။ သို့ပေမယ့် တတိယမြောက် ရင်ခွင်ဖြစ်တဲ့ လောက ရင်ခွင် ဘဝရင်ခွင်မှာတော့ ပညာတတ်သည်ဖြစ်စေ မတတ်သည်

ဖြစ်စေ မိဘရင်ခွင် နှင့် ဆရာ့ရင်ခွင်မှာ မခိုလှုံခဲ့သည်ဖြစ်စေ၊ ခိုလှုံခဲ့သည် ဖြစ်စေ တတိယမြောက် ဘ၀ရင်ခွင်ဖြစ်တဲ့ လောကရင်ခွင်ကိုတော့ အကုန်လုံးဘဲ ခိုလှုံကြရတယ်။ အချိန်တန် အရွယ်ရောက်ပြီဆိုရင် တစ်ဦးထဲဘဲဖြစ်ဖြစ် ဇနီးမောင်နှံဘဲ ဖြစ်ဖြစ် မိသားစုနဲ့ဘဲဖြစ်ဖြစ် ဘ၀မှာ ရပ်တည်နေထိုင်နိုင်အောင် ရုန်းကန် ကြရတယ်။ ရှာဖွေကြရတယ်။ အဲတော့ သတ္တဝါတိုင်း ပုဂ္ဂိုလ်တိုင်း တတိယမြောက် လောကရင်ခွင် ဘ၀ရင်ခွင်ကိုတော့ နားခိုကြရတယ်။ ရုန်းကန်လှုပ်ရှားကြရတယ်။

တစ်ချို့လဲ စီးပွားရေး အဆင်ပြေတဲ့အခါ စတုတ္ထမြောက်ဖြစ်တဲ့ ဓမ္မရင်ခွင်မှာ ဒါနကုသိုလ်ကောင်းမှုတွေပြု ငါးပါးသီလ၊ ရှစ်ပါး သီလ၊ ဥပုသ်သီလတွေ ဆောက်တည် တရားတွေနာကြ၊ တရားတွေထိုင်ကြ၊ တရားရိပ်သာတွေ သွားပြီးတော့ တရားဝင်ကြခြင်းအားဖြင့် စတုတ္ထမြောက် ဓမ္မရင်ခွင်ကို ခိုလှုံကြတယ်။ ဒါပေမယ့် တတိယမြောက် လောကရင်ခွင် ခိုလှုံတဲ့ ပုဂ္ဂိုလ်သတ္တဝါတိုင်း စတုတ္ထမြောက် ဓမ္မရင်ခွင်ကို ခိုလှုံနိုင်ကြရဲ့လား။ မခိုလှုံနိုင်ဘူး။ ဘ၀ပြဿနာတွေ စီးပွားရေးအခက်အခဲတွေ မပြည့်စုံတာတွေ

အတွက် ဘဝရင်ခွင်မှာဘဲ ခိုလှုံပြီးတော့ လောက ရင်ခွင်မှာဘဲ ကျေနပ်နေကြရတယ်။ တစ်ချို့ကြပြန်တော့လည်း စီးပွားရေး ရှုန်းကန်လှုပ်ရှားနေရတဲ့အတွက် စီးပွားရေး မပြည့်စုံလို့ ကုသိုလ်ကောင်းမှု မပြုလုပ်နိုင်ဘူး။ ဓမ္မရင်ခွင်မှာ မခိုလှုံနိုင်ဘူး။ တချို့ကြတော့လည်း စီးပွားဥစ္စာက ပြည့်စုံပါရဲ့၊ သို့ပေမယ့် ပြည့်စုံသထက် ပြည့်စုံအောင်၊ ကြွယ်ဝချမ်းသာသထက် ကြွယ်ဝ ချမ်းသာအောင် လောဘက ဦးဆောင်နေတဲ့အတွက် ဓမ္မရင်ခွင်မှာ မခိုလှုံနိုင်ဘူး။ အဲတော့ ဓမ္မရင်ခွင် ခိုလှုံနိုင်ဖို့ဟာ တော်တော်ကိုဘဲ ကုသိုလ်အားကြီးတဲ့ ပုဂ္ဂိုလ်တွေမှာဘဲ ခိုလှုံခွင့်ရတာပါဘဲ။ ဒါကြောင့်မို့ စောစောပိုင်းက ဂါထာမှာ ဓမ္မောရသို့ ဘဝါသတ္တာ၊ သေဋ္ဌာ တေသု ပမောဒနာ၊ တေသု စတုဗ္ဗိဓေသု ဥရေသု၊ ထိုကဲ့သို့သော မိဘရင်ခွင် ဆရာ့ရင်ခွင် လောကရင်ခွင် ဓမ္မရင်ခွင်အားဖြင့် ရင်ခွင် လေးမျိုးတို့တွင်။ ဓမ္မောရသို့၊ ကုသိုလ်ပြုခြင်းဟုဆိုအပ်သော ဓမ္မရင်ခွင်၌။ ဘဝါသတ္တာ၊ ကုသိုလ်ပြုခြင်းအားဖြင့် ခိုလှုံခွင့်ရကြသော ပုဂ္ဂိုလ်သတ္တဝါတို့သည်သာလျှင်။ ပမောဒနာ၊ ဒီပစ္စုပ္ပန်လောက တမလွန်ဘဝသံသရာ လောကတို့မှာ ပျော်ရွှင်ကြရကုန်သည် ဖြစ်၍။ သေဋ္ဌာ၊ ဘဝအဆင့်အတန်း မြင့်မားကြသော

ပုဂ္ဂိုလ်တို့သည်။ ဟောန္တို ဖြစ်ကြရကုန်၏။ ရင်ခွင်လေးမျိုးထဲမှာ စတုတ္ထမြောက်ဖြစ်တဲ့ ဓမ္မရင်ခွင်မှာခိုလှုံတဲ့ ပုဂ္ဂိုလ်မှသာလျှင် ဒီပစ္စုပ္ပန်ဘဝရော တမလွန်သံသရာမှာပါ ဘဝအဆင့်အတန်း မြင့်မြတ်တဲ့ပုဂ္ဂိုလ်၊ အထက်တန်းကျတဲ့ ပုဂ္ဂိုလ် လို့ သတ်မှတ်ရတယ်။

အဲဒီတော့ ဘုန်းဘုန်းတို့ ရင်ခွင်လေးမျိုးထဲမှာ ဘယ်ရင်ခွင်ဟာ ဘဝအတွက် အရေးကြီးဆုံးလဲ။ ဓမ္မရင်ခွင်ဟာ အရေးကြီးဆုံးပါဘဲ။ အဲတော့ ဒီနေ့ည ဓမ္မရင်ခွင်ခိုလှုံတဲ့နည်းကို ပြောတဲ့အခါ ဖြန့်ဝေထားတဲ့ စာရွက်မှာလာတဲ့အတိုင်း ပထမ အနေဖြင့် ဇနသန္ဓ ဇာတ်တော်နည်းနဲ့ ပြောမှာပါဘဲ။ ဒုတိယ အနေဖြင့် ဝေဠုဒွါရေယျ သုတ္တန် ဒေသနာနည်းနဲ့ ပြောမှာပါဘဲ။ အဲတော့ ဓမ္မရင်ခွင်ကို မခိုလှုံခင် နားခိုရာ ရင်ခွင်လေးမျိုးကိုဘဲ မှတ်တမ်း တင်တဲ့အနေနဲ့ ဖြန့်ဝေလိုက်တဲ့ စာရွက်ကြည့်ပြီးတော့ လိုက်ဆိုလိုက်ကြရအောင်

၁။ နားခိုရာ ရင်ခွင်မှာ လေးဖြာအပေါင်းရှိ။

၂။ မိဘ ဆရာ လောကသာ ဓမ္မာထည့်၍သိ။

၃။ ဓမ္မရင်ခွင်, နားခိုဝင်, သူပင်မြတ်လေဘိ။

(လှရတနာဆရာတော်) (သာဓု သာဓု သာဓု )

ဓမ္မရင်ခွင်မှာ ခိုလှုံတော့မယ်ဆိုတော့ ပထမဆုံး ဇနသန္ဓဇာတ်တော်နည်းနဲ့ ဘယ်လို ခိုလှုံမလဲ၊ ဇနသန္ဓ ဇာတ်တော်မှာ ဇနသန္ဓမင်းဟာ ဗာရာဏသီပြည်မှာ ရှင်ဘုရင် ဖြစ်တဲ့အခါ မြို့တော်တံခါး ပေါက်လေးပေါက်မှာ အလှူ မဏ္ဍပ်ကြီး လေးလုံးဆောက်တယ်။ မြို့လယ်ခေါင်မှာလည်း အလှူမဏ္ဍပ်ကြီး တစ်လုံးဆောက်တယ်။ နန်းရင်ပြင်မှာလည်း မဏ္ဍပ်ကြီးတစ်လုံးဆောက်တယ်။ မဏ္ဍပ်ကြီးခြောက်လုံး ဆောက်ပြီးတော့ တစ်လုံးတစ်လုံးမှာ နေ့စဉ်နေ့စဉ် တစ်သိန်း တစ်သိန်းစီ အကုန်အကျခံပြီးတော့ သမဏ ဗြာဟ္မဏများ၊ မရှိဆင်းရဲ နွမ်းပါးသူများနှင့် တိုင်းသူ ပြည်သားတွေကို လှူဒါန်း ပေးကမ်းတယ်။ အဲတော့ အလှူမဏ္ဍပ်က ခြောက်လုံးဆိုတော့ တစ်နေ့ တစ်နေ့မှာ အလှူငွေ ခြောက်သိန်း ခြောက်သိန်း လှူဒါန်းတယ်။ အဲသလို လှူဒါန်းရုံတင် မကဘူး။ ဘုရင် ဇနသန္ဓမင်းကိုယ်တိုင် ငါးပါးသီလလည်း ဆောက်တည်တယ်။ တိုင်းသူပြည်သားတွေကိုလည်း ငါးပါးသီလဆောက်တည် စေပြီး တရားဟောကြားပေးတယ်။ ဇနသန္ဓမင်းဟာ ဗာရာဏသီ တိုင်းသူပြည်သားတွေကို တရားဓမ္မနှင့်အညီ

အုပ်ချုပ်တယ်။ မင်းကျင့်တရား ဆယ်ပါးနှင့်အညီ အုပ်ချုပ်တဲ့အတွက် တိုင်းသူပြည်သားတွေဟာ စီးပွားရေး သာယာဖွံ့ဖြိုးတဲ့အတွက် ဗာရာဏသီပြည်ကြီးဟာ အလွန်ပဲ စီးပွားရေး အနေနဲ့ တောင့်တင်းတယ်။ စီးပွားရေးပြည့်စုံတယ်။ စီးပွားရေးပြည့်စုံရုံတင်မက။ တရားနဲ့အညီ အုပ်ချုပ်တယ်။ ငါးပါးသီလကိုလည်း စောင့်ထိန်းတယ်ဆိုတော့ အဲဒီ ဗာရာဏသီပြည်မှာ ခိုးမှု၊ လူသတ်မှု၊ လုမှု၊ ယက်မှုစတဲ့ မကောင်းမှု အကုသိုလ်တွေလည်း မပြုကြဘူး။ အဲဒီလို မပြုတဲ့အတွက် ဗာရာဏသီမှာရှိတဲ့ အကျဉ်းထောင်ကြီး ဟာလည်း ပိတ်ထားရတယ်ဆိုတာမရှိဘူး။ ထောင်ကို တံခါးနဲ့ပိတ်တယ်ဆိုတာက အတွင်းထဲမှာ ထောင်သား အကျဉ်းသား ရှိလို့ပဲ ပိတ်ရတာ။ ခုဟာက ထောင်သား အကျဉ်းသား မရှိဘူး။ တိုင်းသူပြည်သားတွေဟာ စီးပွားဥစ္စာ ကြွယ်ဝချမ်းသာနေတယ်ဆိုမှတော့ လုမှု၊ ခိုးမှု၊ တိုက်မှု၊ သတ်မှု၊ ဖြတ်မှုစတာတွေ မရှိတဲ့အတွက် ထောင်အကျဉ်းသားတွေလဲ မရှိဘူး။ ထောင်ကြီးဟာ ဟာလာဟင်းလင်းကြီးဘဲ၊ တံခါးတွေကို ဖွင့်ထားပေးရတယ်။

ဇနသန္ဓမင်းဟာ ဥပုသ်နေ့ လပြည့်နေ့မှာ တိုင်းသူ ပြည်သားတွေကို အကုန်လုံးပဲ နန်းရင်ပြင်မှာ စုဝေးဖို့

ဖိတ်ခေါ်လိုက်တယ်။ နန်းတွင်းသူ နန်းတွင်းသားတွေ ဆွေတော်မျိုးတော်တွေအကုန်လုံးပဲ စုဝေးလိုက်တယ်။ စုဝေးပြီးတော့ ဇနသန္ဓမင်းက ဘာပြောပြလိုက်သလဲ။ သင်တို့ တိုင်းသူပြည်သားတွေကို တပနိယ = ပူပန်ကြောင်းတရား ဆယ်ပါးနဲ့ အတပနိယ = မပူပန်ကြောင်း ငြိမ်းအေးကြောင်း တရားဆယ်ပါးကို ပြောပြပေးမယ်။ ပူပန်ကြောင်းတရား ဆယ်ပါးကိုတော့ မပြုလုပ်ပဲနဲ့ ရှောင်ရှားကြရမယ်။ မပူပန်ကြောင်း တရားဆယ်ပါးကိုတော့ လိုက်နာပြုကျင့် ကြရမယ်။ အဲဒီလို စကားခံ ပြီးတော့ ဇနသန္ဓမင်းဟာ တိုင်းပြည်အေးချမ်းသာယာကြောင်း၊ စီးပွားဥစ္စာ တိုးတက် ကြောင်း တရားကို ဟောပြပေးသွားတယ်။ မင်းကွန်းတိပိဋက ဆရာတော်ကြီး ဇနသန္ဓဇာတ်တော်ကိုဟောတဲ့ အခါ ဆရာညာဆိုတဲ့ ပညာရှင်ရေးတဲ့ လင်္ကာဆယ်ပုဒ်ကို ခုလို စာရွက်လေးနဲ့ ဖြန့်ဝေပြီးမှ ဟောပြ သွားတယ်။ အဲတော့ စာရွက်လေးနဲ့ ဖြန့်ဝေလိုက်တော့ ဟောလိုက်တဲ့ တရားမှတ်မိ ပြီး ကိုယ့်အိမ် ကိုယ့်နေရာရောက်တဲ့အခါ ရှောင်ရှားရမယ့် ပူပန်ကြောင်းတရားဆယ်ပါးကိုလည်း ရှောင်ရှားသွားနိုင်တယ်။ မပူလောင်ကြောင်း ငြိမ်းချမ်းကြောင်း တရားဆယ်ပါးကိုလည်း

လိုက်နာပြုကျင့် သွားနိုင်တယ်။ အဲတော့ မင်းကွန်းတိပိဋကဆရာတော်ကြီး နည်းအတိုင်း စာရွက်လေးတွေနဲ့ တရားနာလိုက်ကြရအောင် တစ်နံပါတ် ကဗျာလင်္ကာလေးနဲ့ တစ်ဆယ်ရဲ့အောက်က "ထိုမှအပြန် ကောင်းကျိုးမှန် ဧကန်မုချ မပူရ" ဒီလို အောက်ဆုံးက လင်္ကာလေးနဲ့ တွဲတွဲပြီးတော့ သွားရတယ်။ အဲတော့ တစ်နံပါတ်လင်္ကာလေး လိုက်ဆိုလိုက် ရအောင် -

၁။ ငယ်ကဥစ္စာ၊ မဖွေရှာ၊ အိုခါကြောင့်ကြ၊ ပူပန်ရ။
ထိုမှအပြန်၊ ကောင်းကျိုးမှန်၊ ဧကန်မုချ၊ မပူရ။

၁။ အလဒ္ဓါ ဝိတ္တံ တပ္ပတိ၊ ပုဗ္ဗေ အသမုဒါနိတံ။
န ပုဗ္ဗေ ဓန မေသိဿံ၊ ဣတိ ပစ္ဆာနုတပ္ပတိ။

**ငယ်က ဥစ္စာ မဖွေရှာ အိုခါကြောင့်ကြ ပူပန်ရ** ဆိုတာက စီးပွားဥစ္စာရှာတဲ့အခါ အသက်ကြီးမှ ဒုတိယအရွယ်ရောက်မှ ရှာမယ်လို့ ဒီလိုမရည်ရွယ်ရဘူး။ ငယ်စဉ်အချိန်ခါထဲကိုက စီးပွားဉစ္စာကို ရှာဖွေထားရမယ်။ ငယ်စဉ်အခါဆိုတာ ပညာသင်တဲ့အချိန်လည်းပဲ စီးပွားရှာရမယ်။ လောကရင်ခွင်မှာ ကျင်လည်တဲ့အခါလည်း စီးပွားရှာရမယ်။ ပထမအရွယ် ငယ်စဉ်ထဲက စီးပွားရှာရမယ်ဆိုတာက ဘုန်းဘုန်းတို့

ငါးနှစ်သား အရွယ် မိဘရင်ခွင်မှာ ခိုလှုံစဉ်ထဲကိုက မိဘတွေရဲ့ စီးပွားကို ကူညီညာလုပ်ပေးရမယ်။ မိဘခိုင်းတာကို လိုက်နာပြီး တော့ ဆောင်ရွက်ပေးရမယ်။ ဒါကို ငယ်စဉ်အခါ စီးပွားရှာ တယ်လို့ ခေါ်ရတယ်။ ဒါ မိဘရင်ခွင် ခိုလှုံစဉ်ပေါ့လေ။ နောက် ဒုတိယမြောက် ဆရာ့ရင်ခွင်ခိုလှုံတဲ့အခါ ကျောင်းသား ကျောင်းသူဖြစ်လာတယ်။ ကျောင်းစာတွေ ကျက်ရုံတင် မကဘူး။ မိဘတွေက အိမ်ကစီးပွားရေးကိစ္စခိုင်းတဲ့အခါလည်း ဒီကျောင်းသား ကျောင်းသူဟာ မိဘရဲ့ စီးပွားရေးကို ကူညီတဲ့အနေနဲ့ မိဘခိုင်းတိုင်းတဲ့အခါ လုပ်ပေးကြရမယ်။ ဒါကို ငယ်က ဥစ္စာ စီးပွားရှာတယ်လို့ခေါ်တယ်။ ဘွဲ့တွေဘာ တွေ ရပြီးတဲ့နောက် အလုပ်လုပ်ရင်းနဲ့ စီးပွားရှာကြရတယ်။ ဒါကို ငယ်စဉ်အခါ စီးပွားရှာတယ်လို့ ခေါ်ရတယ်။ ဘုန်းဘုန်းတို့ မြန်မာတွေက သားငယ် သမီးငယ်တွေကို အရမ်းအလို လိုက်ကြတယ်။ ကျောင်းသားအရွယ်ကြရင် ကျောင်းစာပဲ ကျက်ခိုင်းတယ်။ အိမ်အလုပ် အိမ်စီးပွားရေး အလုပ်ကို မခိုင်းဘူး။ အဲ တရုတ်မိဘတွေ၊ ကုလားမိဘ တွေကျတော့ ငယ်ငယ်လေးထဲကိုက အိမ်စီးပွားရေးကိုလည်း လုပ်ခိုင်းတယ်။ အဲတော့ တရုတ်ကလေးလေးတွေ၊ ကုလား ကလေးလေးတွေကျတော့ ငယ်ငယ်ထဲကိုက စီးပွားရှာ

တတ်သွားတယ်။ မိဘခိုင်းတာ လိုက်လုပ်ပေးရင်းနဲ့ စီးပွားရေး လုပ်နည်းကိုင်နည်းတွေ နားလည်သွားတယ်။ ဒါကို ရည်ရွယ်ပြီးတော့ ငယ်ငယ်ထဲကိုက စီးပွားဥစ္စာ ရှာလာရ တယ်။ ဘွဲ့ရပြီးသွားပြီဆိုရင်တော့ ပြောစရာ မလိုတော့ဘူး ပေါ့လေ။ လောကရင်ခွင် ကျင်လည်တဲ့အခါ စီးပွားကို ရှာရမယ်။ အဲဒီလို လောကရင်ခွင်မှာ ကျင်လည်တဲ့အခါမှာ လည်း စီးပွားမရှာဘူးဆိုရင် အသက်ကြီးပြီ၊ အိုပြီဆိုရင် စီးပွားမရှိဘူး။ စီးပွားမရှိဘူး ဆိုရင် ရောဂါတွေဖြစ်လာပြီး အသက်ကြီးတဲ့အခါ ဆေးကုသဖို့ စီးပွားဥစ္စာမရှိဘူးဆိုရင် နောင်တပူပန်ရမယ်။ လောကရင်ခွင်ကျင်လည်တဲ့အခါ တစ်ဦးတည်း မဟုတ်ပဲနဲ့ ကြင်ယာသက်ထား တွေနဲ့ မိသားစုနဲ့ လောကရင်ခွင် ဖြတ်သန်းတဲ့အခါ သားသမီးတွေအတွက် ပညာသင်စရိတ်တွေ လိုလာပြီ။ အဲဒီအခါကျမှ စီးပွားမရှိဘူး ဆိုရင် အသက်ကြီးတဲ့အခါ၊ အိုတဲ့အခါ မပူပန်ရဘူးလား။ ပူပန်ရပြီ။ နောင်တ ရရပြီ။ အဲဒီတော့ ငယ်ရွယ်စဉ်ထဲကိုက စီးပွားဥစ္စာရှာရတယ်။ ဒါကို ဘုန်းဘုန်းတို့ ပထမလင်္ကာရဲ့ နောက်မှာ ကွင်းစ ကွင်းပိတ်နဲ့ နောင်တ မပူပန်ကြောင်း တရားကို ဘယ်လိုပြထားလဲ။ **ငယ်စဉ်ဥစ္စာ ရှာဖွေပါ**တဲ့။ ဒါ

တစ်နံပါတ်အချက် ပြီးသွားပြီ၊ နှစ်နံပါတ်အချက် လိုက်ဆိုလိုက်ရအောင် -

**၂။ "ငယ်က ပညာ မသင်ပါ။ အိုခါကြောင့်ကြ ပူပန်ရ၊ ထိုမှအပြန် ကောင်းကျိုးမှန် ကေန်မုချ မပူရ"**

၂။ သကျရူပံ ပုရေ သန္တံ၊ မယာ သိပ္ပံ န သိက္ခိတံ။
ကိစ္ဆာ ဝုတ္တိ အသိပ္ပဿ၊ ဣတိ ပစ္ဆာနုတပ္ပတိ။

ဒုတိယကျင့်ဝတ်က ငယ်စဉ်အခါထဲကိုက ပညာသင်ရမယ်။ ငယ်စဉ်အခါဆိုတာ မိဘရင်ခွင် ခိုလှုံစဉ်ထဲကိုက ပုဗ္ဗာစရိယ မိနှင့်ဖဆိုတဲ့အတိုင်း မိဘတွေဟာ လက်ဦးဆရာတွေပဲ။ မိဘတွေထံမှာ ရှိရှိသေသေ ပညာသင်ရမယ်။ နောက် ငါးနှစ်အရွယ်ရောက်လို့ ကျောင်းပို့တဲ့အခါ ဆရာ ဆရာမတွေထံမှာလည်းပဲ ပညာကို ဆရာ ဆရာမတွေရဲ့ အဆုံးအမဩဝါဒ လိုက်နာပြီးတော့ ပညာသင်ရမယ်။ ဒီလို ပညာသင်မှ ဘွဲ့ဂုဏ်တွေရပြီးတော့ တတိယမြောက်ရင်ခွင်ဖြစ်တဲ့ လောကရင်ခွင် ကျင်လည်တဲ့အခါ စီးပွားရေးတွေ အလုပ်အကိုင်တွေ အဆင်ပြေသွားတယ်။ အဲ ဆရာ့ရင်ခွင်မှာ ပညာသင်စဉ် ငယ်စဉ်အခါ ပညာမသင်ဘူးဆိုရင် အသက်ကြီးတဲ့အခါ အိုတဲ့အခါ တတိယရင်ခွင် လောကရင်ခွင်

သုဓမ္မာသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ရန်ကုန်



ကျင်လည်တဲ့အခါ စီးပွားရှာနိုင်ပါ့မလား။ မရှာနိုင်ဘူး။ စီးပွားမရှာတဲ့အခါ စီးပွားဥစ္စာပြည့်စုံပါ့မလား၊ မပြည့်စုံဘူး။ အဲဒီအခါကျမှ နောင်တရ ပူပန်မှုတွေဖြစ်ရတယ်။ အဲတော့ ဒုတိယကျင့်ဝတ်က ဒုတိယ လက်ာရဲ့နောက်မှာ ကွင်းစ ကွင်းပိတ်နဲ့ ဘယ်လိုပြထားလဲ။ **ငယ်စဉ်အခါ ပညာရှာရမယ်တဲ့၊**

တတိယ ကျင့်ဝတ်ကို လိုက်ဆိုလိုက်ကြရအောင်။

**၃။ "ငယ်က ဆိုးညစ် လွန်ကောက်ကျစ် အိုလစ်ခါမှ ပူပန်ရ ထိုမှအပြန် ကောင်းကျိုးမှန် ကောန်မုချ မပူရ။"**

၃။ ကူမ္မဝေဒီ ပုရေ အာသိ၊ ပိသုဏော ပိဋ္ဌိမံသိကော။
စဏ္ဍော စ ဖရုသော စာပိ၊ ဣတိ ပဉ္စာနုတပ္ပတိ။

မိဘရင်ခွင် ခိုလှုံစဉ်က မိဘတွေရဲ့ဆုံးမစကား မလိုက်နာတဲ့သားသမီးတွေ ဆရာ့ရင်ခွင်ခိုလှုံစဉ်မှာ ဆရာရဲ့ ဆုံးမဩဝါဒ မလိုက်နာတဲ့ ကျောင်းသားကျောင်းသူတွေဟာ ဆိုးဆိုးပေပေတေတေ ညစ်ညစ် ပတ်ပတ်နေထိုင်ကြတယ်။ အဲဒီလို ဆိုးညစ်ခိုးယုတ်ပြီးတော့ နေထိုင်တဲ့ပုဂ္ဂိုလ်တွေဟာ တတိယမြောက် လောကရင်ခွင်ရောက်တဲ့အခါ ဘဝမှာ တည်ငြိမ် အေးချမ်းစွာ ရပ်တည်နိုင်ပါ့မလား။ မရပ်တည်

နိုင်ဘူး။ ခိုးဆိုးလုယက်နေတဲ့ အတွက် လောက ဥပဒေအရ ထောင်ကျမယ်။ ထောင်က ထွက်တဲ့အခါ ဘယ်သူကမှ ယုံကြည်မှုမရှိတဲ့ အတွက် ဘဝမှာ တည်ငြိမ်စွာ မရပ်တည် နိုင်တော့ဘူး။ ဒီအခါမှာ အဲဒီပုဂ္ဂိုလ်ဟာ နောင်တပူပန်မှုတွေ ဖြစ်လာရတယ်။ ဒါကြောင့်မို့ ငယ်ရွယ်ခါတည်းကိုက မိဘရင်ခွင်ခိုလှုံစဉ် မိဘစကားကို သားငယ် သမီးငယ်တွေ နားထောင် ကြရမယ်။ လိမ္မာကြရမယ်။ အဲ ဆရာ့ရင်ခွင် ခိုလှုံတဲ့အခါမှာလည်း ဆရာ့ရဲ့ အဆုံးအမဩဝါဒကို ကျောင်းသား ကျောင်းသူတွေအနေနဲ့ လိုက်နာကြရမယ်။ နားထောင်ကြရမယ်။ အဲဒီလိုဆိုရင် ဘုန်းဘုန်းတို့ တတိယ လက်ာရဲ့နောက်မှာ ဖော်ပြထားတဲ့ ကျင့်စဉ်ကဘာတဲ့လဲ **"ငယ်စဉ်အခါ လိမ္မာပါ"**တဲ့ ငယ်စဉ်အခါတည်းကိုက လိမ်လိမ်မာမာနေထိုင်ကြရမယ်။ မိဘဆရာသမားတွေရဲ့ အဆုံးအမဩဝါဒကို လိုက်နာတဲ့ လိမ္မာတဲ့ သားငယ် သမီးငယ် လိမ္မာတဲ့ ကျောင်းသားကျောင်းသူတွေ ဖြစ်ကြရပါမယ်။

စတုတ္ထမြောက်ကျင့်စဉ် လိုက်ဆိုလိုက်ရအောင်

၄။ **"ငယ်စဉ် စိတ်ဆတ်၊ သူ့သက်သတ်၊ အိုလတ်ခါမှ၊ ပူပန်ရ ထိုမှအပြန်၊ ကောင်းကျိုးမှန်၊ ကေန်မုချ၊ မပူရ"**

၄။ **ပါဏာ**တိပါတီ ပုရေ အာသိ၊ လုဒ္ဒေါ စာပိ အနာရိယော။
ဘူတာနံ နာပစာယိသံ၊ ဣတိ ပဉ္စာနုတပ္ပတိ။

တတိယမြောက် လက်ာမှာလာတဲ့အတိုင်း မိဘရင်ခွင် ဆရာ့ရင်ခွင်မှာ ခိုလှုံစဉ်တည်းကိုက မိဘဆရာတွေရဲ့ အဆုံးအမ မလိုက်နာတဲ့ သားငယ် သမီးငယ် ကျောင်းသား ကျောင်းသူတွေဟာ ခိုးဆိုးလုယက်ရုံတင်မကတော့ဘူး။ သူခိုးကနေ ကြီးလာတော့ ဓါးပြဖြစ်လာတယ်။ ဓါးပြဖြစ်လာတော့ သူများ အသက်တွေကို သတ်ဖြတ်ပြီးမှ လုယက်ကြတယ်၊ ပါဏာတိပါတ အကုသိုလ်ကံတွေ လွန်ကျူးကြတယ်။ အဲလို လွန်ကျူးပြီဆိုရင် လောက ဥပဒေအရ ထောင်သွင်း အကျဉ်းချခံရတယ်။ ထောင်ကလွတ်တဲ့အခါ ထောင်ထွက်ဆိုပြီးတော့ ပတ်ဝန်းကျင်က ဘယ်သူကမှ ယုံကြည်မှု လေးစားမှုမရှိတဲ့အခါ တတိယမြောက် ဘဝရင်ခွင်မှာ ကျင်လည်တဲ့အခါ အဆင်ပြေနိုင်ပါ့မလား။ မပြေနိုင်ဘူး။ ထောင်ထွက်ဆိုပြီးတော့ ဘယ်သူကမှ လေးစားမှု၊ ယုံကြည်မှု မရှိကြဘူး။ အဲဒီအခါမှာ အဲဒီပုဂ္ဂိုလ်ဟာ နောင်တပူပန်မှုတွေ ဖြစ်ရတယ်။ အဲဒီတော့ ငယ်စဉ်အခါမှာ ပါဏာတိပါတ = သူများအသက်တွေကို မသတ်ရ။ မဖြတ်

ရဘူး။ လူသားအသက်ကိုမှ မဟုတ်ဘူး။ တိရိစ္ဆာန်တွေရဲ့ အသက်ကိုလည်း မသတ်ရ မဖြတ်ရဘူး။ အဲတော့ လင်္ကာရဲ့ နောက်မှာ ကျင့်စဉ်က ဘယ်လိုဖော်ပြထားလဲ "ပါဏာတိပါတ ရှောင်ကြဉ်ကြတဲ့"။ လူသားရဲ့အသက်ကို မသတ်ဖြတ် ရသလို တိရစ္ဆာန်တွေရဲ့ အသက်ကိုလည်း မသတ် မဖြတ်ရဘူး။ ရှောင်ကြဉ်ရမယ်။ အဲဒီလိုဆိုလို့ရှိရင် မပူပန်ရတော့ပဲ နောင်ရေး စိတ်အေးရတယ်တဲ့။

ငါးခုမြောက် ကျင့်စဉ် လိုက်ဆိုလိုက်ကြရအောင်။

၅။ **"ငယ်စဉ်မိုက်မြူး၊ ကာမေကျူး၊ အိုမူးခါမှ၊ ပူပန်ရ၊ ထိုမှအပြန်၊ ကောင်းကျိုးမှန်၊ ကေန်မုချ၊ မပူရ"**

၅။ ဗဟူသု ဝတ သန္တိသု၊ အနာပါဒါသု ဣတ္ထိသု။
ပရဒါရံ အသေဝိဿံ၊ ဣတိ ပဋ္ဌာနုတပ္ပတိ။

ပထမအရွယ် မိဘရဲ့ရင်ခွင်၊ နောက် ကျောင်းသား၊ ကျောင်းသူ ဘဝဖြင့် ဆရာ့ရင်ခွင် ခိုလှုံစဉ်ကတည်းက မိဘဆရာတွေရဲ့အဆုံးအမ မလိုက်နာတဲ့၊ နားမထောင်တဲ့ သားဆိုး၊ သမီးဆိုး၊ တပည့်ဆိုးတွေဟာ လူလွတ်၊ အပျို၊ လူပျိုတွေရှိပေမဲ့ လူလွတ်အပျို၊ လူပျိုတွေတင်မကဘဲ

အိမ်ထောင်ရက်သားကျနေတဲ့ ဇနီးမယားတွေ၊ ခင်ပွန်းလင်တွေနဲ့ မှားယွင်း ဖောက်ပြန်လေ့ ရှိကြတယ်။ ခုခေတ်ဆိုလို့ရှိရင် ဟန်းဆက်ဖုန်း ဆက်သွယ်ရေးတွေရဲ့ ခေတ်မှီမှုအရ facebook တွေနဲ့ ဖြားယောင်းပြီး သွေးဆောင်ပြီးတော့ ဖောက်ပြန်ကြတယ်။ အဲဒီလို ဖောက်ပြန်ပြီဆိုလို့ရှိရင် လောကဥပဒေအရ အရေးယူခံရ၊ ထောင်သွင်းအကျဉ်းချခံရတယ်။ အဲထောင်ကထွက်တဲ့အခါ ယုံကြည်မှု၊ လေးစားမှုမရှိထိုက်တဲ့အတွက် ပတ်ဝန်းကျင်က အပေါင်းအသင်းမလုပ်ကြတော့ဘူး။ ဒီအခါမှာ ဒီပုဂ္ဂိုလ်ဟာ ဘဝမှာတည်တည်ငြိမ်ငြိမ်နဲ့ မရပ်တည်နိုင်တော့ဘူး။ စီးပွားရေးမရှာဖွေနိုင်တော့ဘူး။ အဲဒီအခါကြမှ သူဟာ နောင်တရသွားတယ်။ အဲဒီတော့ ငယ်ရွယ်စဉ်အခါမှာ ကာမေသုမိစ္ဆာစာရကို မဖောက်ပြားရဘူး။ ကြီးတဲ့အခါမှာလည်း မိစ္ဆာစာရကို မဖောက်ပြားရဘူး၊ ကျင့်စဉ်အနေနဲ့ ဘယ်လိုဖော်ပြထားလဲ။ **"မိစ္ဆာစာရ၊ ရှောင်ကြတဲ့။"** ငယ်ရွယ်စဉ်အခါမှာ ရှောင်ကြဉ်ရမှာဖြစ်သလို အိမ်ထောင်ရက်သားကျတဲ့အခါ မှာလည်း တစ်ဦးပေါ်တစ်ဦး သစ္စာစောင့်သိပြီးတော့ ထိန်းသိမ်းစောင့်ရှောက်ကြရမယ်တဲ့။ ဒါက ဘုန်းဘုန်း

တို့ ငါးခုမြောက်ကျင့်စဉ်ပါပဲ။

ခြောက်ခုမြောက်ကျင့်စဉ် လိုက်ဆိုလိုက်ကြရအောင်။

၆။ **"ငယ်စဉ် ပြည့်တင်း မလှူလျှင်း၊ အိုမင်းခါမှ ပူပန်ရ၊ ထိုမှအပြန်၊ ကောင်းကျိုးမှန်၊ ကေန်မုချ၊ မပူရ"**

၆။ ဗဟုမှိ ဝတ သန္တမှိ၊ အန္နပါနေ ဥပဋ္ဌိတေ။
န ပုဗ္ဗေ အဒဒံ ဒါနံ၊ ဣတိ ပဉ္စာနုတပ္ပတိ။

ပထမအရွယ် မိဘရင်ခွင်၊ ဆရာ့ရင်ခွင်မှာ မိဘဆရာသမားတွေရဲ့ စကားလိုက်နာပြီးတော့ ကြိုးစားလို့ ဘွဲ့တွေဂုဏ်တွေရ၊ ဒုတိယအရွယ်မှာ လောကရင်ခွင်ကျင်လည်တဲ့အခါ အလုပ်အကိုင်တွေ အဆင်ပြေပြီးတော့ စီးပွားဥစ္စာတွေ ကြွယ်ဝချမ်းသာလာပါပြီတဲ့။ အဲဒီလိုချမ်းသာလာတဲ့အခါ စောစော ပိုင်းက ရင်ခွင်လေးမျိုးတုန်းကပြောပြတဲ့အတိုင်း ပိုပိုပြီးတော့ ချမ်းသာချင်လာတဲ့ လောဘဦးဆောင်ပြီးတော့ ဓမ္မရင်ခွင် မခိုလှုံဖြစ်ဘူး။ မလှူရက်မတန်းရက်ဘူး၊ မပေးရက် မကမ်းရက်ဘူး။ အဲတော့ မလှူရက်၊ မပေးရက်၊ မကမ်းရက်တော့ ဘာဖြစ်မလဲဆိုတော့ ဒီဘဝတော့မှာတော့ ချမ်းသာကြွယ်ဝပါတယ်။ နောင်ဘဝ သံသရာမှာ

ကြွယ်ဝချမ်းသာနိုင်ပါ့မလား။ မချမ်းသာ မကြွယ်ဝနိုင်ပါဘူး။ စီးပွားဥစ္စာတွေဆိုတာကလည်း ခုငယ်ရွယ်စဉ်အခါမှာ ထားပါတော့။ ဒုတိယအရွယ်မှာ လောကရင်ခွင် ခိုလှုံတဲ့အချိန် အကြောင်းအကျိုးတွေညီလို့ ရှာလို့၊ ဖွေလို့၊ ကောင်းလို့ စီးပွားဥစ္စာတွေ ပြည့်စုံနေပေမဲ့ တတိယအရွယ်ရောက်တဲ့အခါ အဲဒီစီးပွားဥစ္စာတွေက ဒီအတိုင်းပဲ အမြဲတမ်းကြီး ကြွယ်ဝချမ်းသာနိုင်ပါ့မလား။ မချမ်းသာနိုင်ဘူးတဲ့။ စီးပွားဥစ္စာဆိုတာ ပရုတ်လုံးလိုဘဲ နေ့စဉ် စားသုံးနေရလို့လည်း လျော့တယ်။ အခွန်တွေဆောင်ရလို့လည်း လျော့တယ်။ စီးပွားဥစ္စာထဲမှာ အရင်းအနှီး အနေနဲ့ ထည့်တဲ့အခါ ရှုံးတဲ့အခါ လျော့တယ်။ အဲဒီတော့ အမြဲတမ်း ပုံသေကြီး စီးပွားဥစ္စာဆိုတာ ဖြစ်ထွန်းနေတာ မဟုတ်ဘူး။ စီးပွားဥစ္စာဖြစ်ထွန်းတဲ့ အချိန်မှာ တည်းကိုက လှူမှု၊ တန်းမှု ဒါနကုသိုလ်ကောင်းမှုကို နည်းများ မဆို လှူဒါန်းထောက်ပံ့ထားရမယ်။ အဲလို လှူဒါန်းထောက်ပံ့ ထားမယ်ဆိုရင် အတိတ်က ကုသိုလ်ကံကြောင့် စီးပွားဥစ္စာတွေ က ရှာရ၊ ဖွေရ အဆင်ပြေနေတယ်။ ဒီဘဝမှာ ကိုယ်က ပေးကမ်းလှူဒါန်းခြင်း ဒါနကုသိုလ်ကိုပါ ဆက်လုပ်လိုက်တော့ ရှေးအတိတ်ဒါန ကုသိုလ်ကံက ထပ်အကျိုးပေးလိုက်တော့

စီးပွားဥစ္စာတွေဟာ ပိုပြီးတော့ တိုးပွားသလို ခိုင်မြဲသွားတယ်။ ကိုယ်က ဒါနကုသိုလ်နဲ့ပြန်ပြီး မထိန်းဘူးဆိုရင် တတိယအရွယ် ရောက်တဲ့အခါ စီးပွားဥစ္စာတွေဟာ ဆုံးရှုံးသွားပြီဆိုရင် အော် . . . ငါဟာ စီးပွားဥစ္စာကြွယ်ဝပြည့်စုံစဉ်က မလှူခဲ့ဘူး။ မတန်းခဲ့ဘူး။ ခု တတိယအရွယ်ကြမှ မလှူနိုင်၊ မတန်းနိုင်တော့ဘူး။ ဒီလိုနောင်တတွေ မရတတ်ဘူးလား။ ရတတ်ပါတယ်။ အဲဒီလိုနောင်တ ရပြီဆိုရင်တော့ ပူပန်ကြောင်းတရား ဖြစ်သွားတယ်။ မပူပန်ကြောင်းတရားကိုတော့ နောက်က ကွင်းစကွင်းပိတ်နဲ့ ပြထားတယ်။ ဘာတဲ့လဲ။ "ငယ်စဉ်အခါ ပေးလှူပါတဲ့။" ငယ်စဉ်ထဲကိုက ကိုယ်တတ်နိုင်သလောက် နည်းများမဆို အလှူ အတန်းလေ့ကျင့်လာရတယ်။ အဲဒီလို လေ့ကျင့်လာပြီဆိုရင် အရွယ်ကြီးတဲ့အခါကြရင် စီးပွားဥစ္စာတွေ ပျက်ပြားသွားဦးတော့ နောင်တ ပူပန်မှု ဖြစ်ဦးမလား။ မဖြစ်တော့ဘူး။ ငါဟာ ငယ်စဉ်တည်းကိုက အလှူ အတန်း တတ်နိုင်သလောက် နည်းများမဆို လှူဒါန်းလာခဲ့တာဘဲလို့ ဖြေသိမ့်ရတယ်။ ဖြေသိမ့်နိုင် တယ်ပေါ့လေ။

ကဲ - ဘုန်းဘုန်းတို့ ခုနစ်ခုမြောက် ကျင့်စဉ်ကို

သွားလိုက်ရအောင်

**၇။ "မိအို ဖအို မပြုလို၊ ကိုယ်အိုခါမှ ပူပန်ရ၊ ထိုမှအပြန် ကောင်းကျိုးမှန် စောန်မုချ၊ မပူရ"**

၇။ မာတရံ ပိတရံ စာပိ၊ ဇိဏ္ဏကံ ဂတယောဗ္ဗနံ။
ပဟု သန္တော န ပေါသိသံ၊ ဣတိ ပစ္ဆာနုတပ္ပတိ။

ကိုယ်က ဒုတိယအရွယ်မှာ ဘဝရင်ခွင်၊ လောကရင်ခွင်မှာ ကျင်လည်နေပါပြီ။ မိသားစုနဲ့ဖြစ်နေပြီး အတန်းပညာတွေ၊ ဘွဲ့တွေ ဂုဏ်တွေရလို့လဲ စီးပွားရေးက အဆင်ပြေနေပြီ၊ ပြည့်စုံနေပြီ၊ ကြွယ်ဝနေပြီ ဆိုပါစို့။ အဲဒီအချိန်မှာ ကိုယ့်ရဲ့ အမေ အဖေက တတိယအရွယ်ရောက်သွားလို့ အိုသွားပြီ။ မိအို ဖအိုဖြစ်နေပြီ။ ဒါပေမဲ့ ကိုယ်က ကိုယ့်ကိုမွေးလိုက်တဲ့ အင်မတန်ကျေးဇူးကြီးမားတဲ့ မိဘနှစ်ပါးကို မထောက်ပံ့ဘူး။ ကိုယ်က မွေးထားတဲ့ ကိုယ့်သား၊ ကိုယ့်သမီးကိုဘဲ တယုတယနဲ့ အဝတ်အစားတွေ ဆင်ယင်ပေးတယ်။ အစားအသောက်တွေ အမျိုးမျိုးကျွေးတယ်။ အတန်းပညာတွေ အမျိုးမျိုး ငွေကုန်ကြေးကျခံပြီးတော့ သင်ပေးတယ်။ ကိုယ်ကမွေးတဲ့ ကိုယ့်သားသမီးကိုဘဲ အရိပ်ကြည့်ကြည့်နဲ့ကြည့်ပြီးတော့

ကုန်ချင်သလောက်ကုန် ဆိုပြီးတော့ ထောက်ပံ့တယ်။ မိအိုဖအို ဖြစ်တဲ့ ကိုယ့်အမေ ကိုယ့်အဖေကြတော့ ပစ်ထားတယ်။ အဲဒီပုဂ္ဂိုလ်ဟာ တစ်ချိန်ကြတော့ သူကိုယ်တိုင် တတိယ အရွယ်ရောက်လာပါပြီ။ သူ့သားသမီးတွေက ဒုတိယ အရွယ် ဘဝရင်ခွင်မှာ ခိုလှုံတဲ့ ပညာတတ် စီးပွားဥစ္စာတွေနဲ့ ပြည့်စုံတဲ့ သားသမီးတွေဖြစ်လာပြီး အဲဒီခါကျရင် အဲဒီသားသမီးတွေက သူ့ကိုပြန်ပြီးတော့ ထောက်ပံ့ပါ့မလား။ မထောက်ပံ့တော့ဘူး။ သူကိုယ်တိုင်ကကော သူ့အမေ၊ အဖေကို ထောက်ပံ့ခဲ့ရဲ့လား၊ မထောက်ပံ့ခဲ့ဘူး။ မထောက်ပံ့ခဲ့တဲ့ကံက ကံတူအကျိုးပေး အနေနဲ့ တတိယအရွယ်မှာ အကျိုးပေးလာပြီ။ အဲဒီအခါကျမှ သူဟာ နောင်တရတယ်။ ဩော် . . . ငါပြည့်စုံစဉ် အခါက ငါရဲ့မိအို၊ဖအိုတွေကို မထောက်ပံ့ခဲ့ဘူး၊ မပေးကမ်းခဲ့ဘူး၊ မကျွေးမွေးခဲ့ဘူး၊ မကြည့်ခဲ့ဘူး၊ အခု ငါကိုယ်တိုင် တတိယ အရွယ် အိုပြန်တော့ ကံတူအကျိုးပေးအနေနဲ့ ငါ့သားသမီး တွေဟာ ငါ့ကို ပြန်ပြီး မကြည့်ကြပါလား။ မစောင့်ရှောက်ကြ ပါလား။ ဒီလိုနောင်တ မရဘူးလား။ ရပါတယ်။ ဒါဟာ နောင်တပူပန်ကြောင်း တရားပါဘဲ။ အဲဒီလို နောင်တ မပူပန်အောင် ခုနစ်ခုမြောက်ကျင့်စဉ်ကို လက်သဲကွင်းထဲမှာ

ဘယ်လို ဖော်ပြထားလဲ။ **"ငယ်စဉ်မိဘ လုပ်ကျွေးကြ"** တဲ့ ငယ်စဉ်အချိန်အခါတည်းကိုက မိဘကို လုပ်ကျွေးရမယ်။ ကိုယ့်စီးပွားဉစ္စာ ပြည့်စုံတဲ့အချိန်မှာ ကိုယ့်သားသမီးကိုဘဲ ကိုယ်က ထောက်ပံ့ ပေးကမ်းရမှာ မဟုတ်ဘူး။ ကိုယ်ရဲ့အမေ အဖေ ကျေးဇူးရှင်တွေကိုလည်း ထောက်ပံ့ရမယ်။ အဝတ်အထည်တွေ ဆင်ပေးရမယ်။ အစားအသောက်တွေ ကျွေးရမယ်။ ဆေးဝါးတွေ ပေးရမယ်။ လိုအပ်တာတွေ သုံးဆောင်ဘို့ ငွေကြေးတွေ ထောက်ပံ့ရမယ်။ ဘာဖြစ်လို့လဲ ကိုယ်ဒုတိယအရွယ် လောကရင်ခွင် ကျင်လည်တဲ့အခါ မိသားစုနဲ့ စီးပွားဉစ္စာတွေပြည့်စုံတာဟာ ကျေးဇူးရှင် မိဘနှစ်ပါးကြောင့်ပဲ။ အဲဒီတော့ ဒီကျေးဇူးတွေရှိထားတယ်။ ကြွေးတွေတင်ထားတယ်။

အဲဒီကြွေးတွေ ပြန်ပြီး မဆပ်သင့်ဘူးလား။ ဆပ်သင့်တယ်၊ ကြွေးတွေပြန်ပြီးတော့ ဆပ်ပေးရမယ်။ ကိုယ်က မဆပ်ဘူးဆိုရင် ကိုယ့်ရဲ့သားသမီးကကော ကိုယ့်အပေါ် ပြန်ဆပ်ပါ့မလား။ မဆပ်ပါဘူးတဲ့။ ဒါကြောင့် မို့ ့ခုနစ်ခုမြောက်ကျင့်စဉ်အနေနဲ့ ဘယ်လိုကျင့်ရမလဲ။ **"ငယ်စဉ်မိဘ၊ လုပ်ကျွေးကြ"** တဲ့။

ကဲ - ရှစ်ခုမြောက်ကျင့်စဉ်သွားရအောင်၊

၈။ **"မွေးဖဆရာ၊ ထင်သေးခါ၊ အိုခါကြောင့်ကြ၊ ပူပန်ရ။**
**ထိုမှအပြန် ကောင်းကျိုးမှန်၊ ကေန်မုချ၊ မပူရ။**

၈။ အာစရိယ'မနုသတ္တာရံ၊ သဗ္ဗကာမရသာဟရံ။
ပိတရံ အတိမညိဿံ၊ ကွတိ ပဏ္ဍာနုတပ္ပတိ။

မိဘနှစ်ပါးဟာ မိဘအရာတင်မကဘူး ဆရာအရာလည်းဘဲ တော်တယ်။ ဘာဆရာလဲဆိုတော့ ရှေးဦးသင်ပေးတဲ့အတွက် ပုဗ္ဗာစရိယ ပထမဆုံးဆရာဘဲ။ ဘုန်းဘုန်းတို့ ဘုရားရှင် ကလည်း ဟောထားပါတယ်။ **ဗြဟ္မာတိ မာတာပိတရော ပုဗ္ဗာစရိယာတိ ဝုစ္စရေ။** မာတာပိတရော၊ မိခင် ဖခင်ကျေးဇူးရှင်တို့ကို။ ပုဗ္ဗာစရိယာတိ၊ ရှေးဦးဆရာ တို့ဟူ၍။ ဝုစ္စရေ၊ ဆိုအပ်ပါပေကုန်၏။ ဒါကို "ပုဗ္ဗာစရိယ၊ မိနှင့်ဖ"လို့ ပြောကြပါတယ်။ ပုဗ္ဗဆိုတာက ရှေးဦး၊ အာစရိယဆိုတာက ဆရာပါဘဲ၊ ဒီမိဘနှစ်ပါးကပဲ သားငယ်၊ သမီးငယ်လေးတွေ တစ်နှစ်သားလောက် အရွယ်ဆိုရင် ဒါက အဖိုး၊ ဒါက အဖွား၊ ဒါက ဦးကြီး၊ ဒါက ဦးလေး၊ ဒါက အကို၊ ဒါက အမ ခေါ်တယ် စသည်ဖြင့် ဒီလို

သင်ပေးကြတယ်။ ဒါတင်မကသေးဘူး ဒါကအရှေ့ အရပ်၊ အနောက်အရပ်၊ တောင်အရပ်၊ မြောက်အရပ် ဒီလိုလည်း သင်ပေးကြတယ်။ အဲ - ရဟန်းသံဃာတွေ ဘုရားစေတီတွေ တွေ့ရင်လည်း ဦးတော်၊ ဦးတော် ... ဆိုပြီး လက်အုပ်ချီပြီးတော့ ရှိခိုးကြရတယ်လို့ သင်မပေးဘူးလား။ သင်ပေးကြတယ်။ အဲတော့ မိဘနှစ်ပါးဟာ ပုဗ္ဗာစရိယ ရှေးဦးဆရာတွေ ပါဘဲ၊ အဲဒီလိုမိဘတွေကနေပြီးတော့ ရှေးဦး ဆရာတွေအနေနဲ့ သင်ပေးပြီးတဲ့နောက်မှာ ငါးနှစ်အရွယ်ကြမှ ကျောင်းက ဆရာ၊ ဆရာမတွေက ဒုတိယဆရာအနေနဲ့ သင်ပေးကြတယ်။ အဲတော့ မိဘရင်ခွင်၊ ဆရာ့ရင်ခွင် ခိုလှုံ လိုက်တဲ့အတွက် ပညာတတ်ကြီးဖြစ်၊ ဘွဲ့တွေရ၊ တတိယ မြောက် ဘဝရင်ခွင် လောကရင်ခွင်မှာ စီးပွားဥစ္စာတွေ ရှာတဲ့ အခါ စီးပွားဥစ္စာတွေ ပြည့်စုံသွားတယ်။ ရာထူးအာဏာ ပါဝါတွေ ရရှိပြီးတော့ ကြီးပွားသွားတယ်။ အဲဒီအခါမှာ သားသမီးက ဘယ်လိုဖြစ်သွားလဲ။ စီးပွားဥစ္စာကလည်း ကြွယ်ဝချမ်းသာ တယ်။ ရာထူး အာဏာ ပါဝါကလည်း ကြီးပြီ ဆိုတော့ မိဘနှစ်ပါးကို ဆရာလို့မထင်တော့ဘူး။ ဟာ - ခင်ဗျားကြီးတို့က ဘာနား လည်လို့လဲ ဒီခေတ်က အိုင်တီခေတ်

သိပ္ပံခေတ်ဗျ ဘာညာဆိုပြီးတော့ မိဘတွေကို မရိုမသေ မလေးမစား ဆက်ဆံကြတယ်။ ဆူကြတယ်။ ငေါက်ကြတယ်။ ဟောက်ကြတယ်။ ဘယ်လိုပဲ - သားသမီးက မိဘတွေကို ဆူကြ ဟောက်ကြ ငေါက်ကြပေမဲ့ မိဘတွေက အပြုံးပျက်ရဲ့လား။ မပျက်ဘူး။ ဪ . . . ငါတို့ရဲ့သား ငါတို့ရဲ့ သမီးတွေက ပညာတတ်ကြီးဘဲ၊ ဘွဲ့ရကြီးဘဲ၊ ခေတ်မှီတဲ့ သားတွေသမီးတွေဘဲ နိုင်ငံခြားကဘွဲ့ယူ လာတဲ့ ပညာရှင်ကြီးဘဲ ငါတို့က သူတို့လိုမှ ဘွဲ့ကိုမရဘဲ။ သူတို့လိုမှ ရာထူးမရှိဘဲဆိုပြီးတော့ သည်းမခံလိုက်ကြဘူးလား။ သည်းခံလိုက်ကြတယ်။

ဒါပေမဲ့ သည်းမခံတာက ကံတရားပါပဲ။ ကံတရားက သည်းခံရဲ့လား။ သည်းမခံဘူး။ မိဘကို ဆူခဲ့တဲ့၊ ပူခဲ့တဲ့၊ ဟောက်ခဲ့တဲ့ ငေါက်ခဲ့တဲ့ ကံတွေက အကုသိုလ်ကံတွေပဲ၊ အဲဒီအကုသိုလ်ကံတွေက ပြန်ပြီးတော့ အကျိုးပေးပြီ ဘယ်အချိန်မှာ အကျိုးပေးသလဲ ဆိုရင်၊ အဲဒီပုဂ္ဂိုလ် တတိယအရွယ်ရောက်တဲ့အခါ သူ့ရဲ့သားသမီးတွေက သူ့လိုဘဲ ပညာတတ်ဘွဲ့ရ အလုပ်အကိုင်၊ ရာထူး အာဏာပါဝါတွေရှိပြီဆိုတဲ့အခါ သူ့ကိုပြန်ပြီးတော့

မဟောက်ဘူးလား။ မငေါက်ဘူးလား။ မဆူဘူးလား။ ငေါက်တယ် ဆူတယ်။ အဲဒီအခါကြမှ ဩော် . . . ငါ့သားသမီးတွေက ငါ့ကိုဆူတယ်၊ ဟောက်တယ်၊ ငါက ငါ့မိဘတွေကို ဆူခဲ့၊ ဟောက်ခဲ့ တာဘဲ။ ငါဟာ ပြန်ပြီးတော့ ဝဋ်လည်ပြီး အဆူခံရ အဟောက်ခံရတယ်၊ ဒီလိုနောင်တ မရဘူးလား။ "ရပါတယ်ဘုရား" အဲဒီလို နောင်တရပြီဆိုတာ မပူပန် ဘူးလား။ ပူပန်သွားတယ်။ အဲဒီတော့ သားသမီးတွေအနေနဲ့ ဘယ်လောက် ကြီးဘဲ ပညာတတ်တတ်၊ ဘယ်လောက်ကြီးဘဲ ဘွဲ့ဂုဏ်တွေရရ၊ ဘယ်လောက်ကြီးဘဲ ရာထူးအာဏာတွေ ကြီးမားကြီးမား မိဘတွေကို ဆူပူထိုက်ရဲ့လား။ မဆူပူထိုက်ဘူး။ ဒါကြောင့်မို့ မအို ဖအိုတွေကို ယဉ်ယဉ်ကျေးကျေး၊ သိမ်သိမ်မွေ့မွေ့နဲ့ ဆက်ဆံရတယ်။ ဒါကို ရှစ်ခုမြောက်ကျင့်စဉ်ရဲ့ နောက်မှာ ကွင်းစကွင်းပိတ်နဲ့ ဘယ်လို ဖော်ပြထားလဲ။ **"အမိအဖ၊ ရိုသေလေးစားကြ"** တဲ့။ အမိအဖကို ရိုသေ လေးစားရမှာက သားငယ်၊ သမီးငယ်တွေတင် မဟုတ်ဘူး၊ သားကြီး သမီးကြီးလို့ခေါ်တဲ့ ပညာတတ် ဘွဲ့ရထားတဲ့ပညာရှင်၊ လုပ်ငန်းရှင်ကြီးတွေ ဖြစ်သွားရင်လဲဘဲ၊ အမိအဖကို ရိုသေလေးစား ကြရပါမယ်။

ကဲ - ကိုးခုမြောက်ကျင့်စဉ်ဆိုလိုက်ရအောင်

**၉။ "ရဟန်းသူမြတ်၊ မဆည်းကပ်၊ အိုလတ်ခါမှ၊ ပူပန်ရ၊ ထိုမှအပြန်၊ ကောင်းကျိုးမှန်၊ ကေန်မုချ၊ မပူရ"**

၉။ သမဏေ ဗြာဟ္မဏေ စာပိ၊ သီလဝန္တေ ဗဟုဿုတေ။
န ပုစ္ဆေ ပယိရုပါသိဿံ၊ ဣတိ ပစ္ဆာနုတပ္ပတိ။

မိမိက စီးပွားဥစ္စာတွေ ပြည့်စုံနေလို့၊ ရာထူးအာဏာ ပါဝါတွေ ကြီးမားနေလို့ လောကရင်ခွင်၊ ဘဝရင်ခွင်မှာ တင့်တယ်နေပေမဲ့ ဒီဘဝမှာဘဲ တင့်တယ်မှာဘဲ၊ တမလွန်ဘဝ သံသရာအတွက်က လိုသေးတယ်။ တမလွန်ဘဝ သံသရာ အတွက်ပါ ပြည့်စုံဘို့ဆိုရင်တော့ ရဟန်းသံဃာ တွေထံ ဆည်းကပ်ရမယ်။ ဆည်းကပ်ပြီးတော့ နေထိုင်တဲ့အခါ ရဟန်းသံဃာတွေက ဒါက အကုသိုလ်အလုပ်ဘဲ။ မလုပ် ကောင်းဘူး။ မလုပ်နဲ့၊ လုပ်ရင် ဆိုးကျိုးတွေ တွေ့လိမ့်မယ်။ ဒါက ကုသိုလ်ကောင်းမှုဘဲ ဒီကုသိုလ်ကောင်းမှုကိုတော့ လုပ်ရမယ်၊ ပြုရမယ်။ ကုသိုလ်ကောင်းမှုကို လုပ်မယ် ပြုမယ်ဆိုရင် ကောင်းကျိုးတွေရလိမ့်မယ်။ အဲဒီလို ဒီဘဝ ကြီးပွားကြောင်းတင်မက ဘဝသံသရာ ကြီးပွားကြောင်းတွေပါ

သွန်သင်ကြတယ်၊ ဆုံးမကြတယ်၊ ဟောပြကြတယ်။ အဲဒီအခါမှာ အဲဒီပုဂ္ဂိုလ်က လိုက်နာလိုက်တဲ့အခါ ဒီဘဝ စီးပွားဥစ္စာတွေ ခိုင်မြဲယုံတင်မက ဘဝသံသရာအတွက်ပါ အကုသိုလ်တွေကို ရှောင်ရှားဖြစ်သွားတယ်။ ကုသိုလ် ကောင်းမှုတွေကို လုပ်ဖြစ်သွားတယ်။ အဲတော့ ရဟန်းသံဃာကို အကယ်၍ မဆည်းကပ်ဘူးဆိုရင် သူဟာ ဒီဘဝတော့ ကြွယ်ဝချမ်းသာလိမ့်မယ်။ ဒါပေမဲ့ မဆည်းကပ်တဲ့အတွက် အကုသိုလ်တွေ ရှောင်ရမှန်းလည်း မသိ၊ ကုသိုလ်တွေ ပြုလုပ်ရမှန်း လည်းမသိဘူး၊ မသိတော့ အကုသိုလ်တွေ လုပ်မိသွားတယ်။ ကုသိုလ်တွေတော့ မလုပ်မိဘူး။ အဲဒီအခါ တတိယအရွယ် သေခါနီး အချိန်ကြတော့ နောင်တ ရသွားပြီ။ ငါဟာ စီးပွားဥစ္စာတွေ ကြွယ်ဝ ချမ်းသာတယ်။ ရာထူးတွေနဲ့လည်း ပြည့်စုံတယ်။ ဒါပေမဲ့ ရဟန်းသံဃာတွေ မဆည်းကပ်ခဲ့တဲ့အတွက် အကုသိုလ်တွေကို မသိလို့ အကုသိုလ်တွေ ပြုမိသွားတယ်။

ကုသိုလ်တွေမပြုမိတဲ့အတွက် အခု ငါ နောင်တရ နေပြီ။ ဒီလိုယူပန်ပြီး ကွယ်လွန်တဲ့အခါ တမလွန် ဘဝသံသရာမှာ ကောင်းရာ မွန်ရာ ရောက်နိုင်ပါ့မလား။ မရောက်နိုင်ဘူး။ ဒါကြောင့်မို့

ရဟာန်းသံဃာကို လည်းဘဲ ချဉ်းကပ်ဆည်းကပ် ရမယ်။ ဒါကို ကိုးခုမြောက်ကျင့်စဉ်လင်္ကာရဲ့ အဆုံးမှာ ဘယ်လိုဖော်ပြထားလဲ **"ရဟာန်းသူမြတ် ဆည်းကပ်အပ်"** မပူပင်ကြောင်း တရားကိုးပါး အနေနဲ့ဖော်ပြတယ်။

နောက်ဆုံး ဆယ်ခုမြောက်ပူပန်ကြောင်းတရား ဆိုလိုက်ရအောင်

**၁၀။ "ငယ်စဉ်တရား၊ မကျင့်ငြား။ မိုက်မှားအိုမှ၊ ပူပန်ရ၊ ထိုမှအပြန် ကောင်းကျိုးမှန်၊ ကေန်မုချ မပူရ။"**

၁၀။ သာမုံ ဟောတိ တပေါ စိဏ္ဏော၊
သန္တော စ ပယိရုပါသိတော။
န စ ပုဗ္ဗေ တပေါ စိဏ္ဏော၊
ဣတိ ပစ္ဆာနုတပ္ပတိ။

မိဘရင်ခွင်၊ ဆရာ့ရင်ခွင် ခိုလှုံစဉ်ကတည်းကိုက မိဘဆရာတွေရဲ့စကားကိုလိုက်နာတဲ့၊ လိမ္မာတဲ့၊ ယဉ်ကျေးတဲ့ သားသမီးဖြစ်မယ်ဆိုရင်၊ ခန္ဓာကိုယ်နဲ့ဆက်စပ်တဲ့ ကာယဒုစရိုက်တွေ ပြုကျင့်မိအုံးမလား။ မပြုကျင့်မိတော့ဘူး။ ကာယသုစရိုက်တွေ ပြုကျင့်မိသွားတယ်။ ဝစီဒုစရိုက်

လုပ်မိပါအုံးမလား။ မလုပ်မိတော့ဘူး။ ဝစီသုစရိုက်တွေ ပြုကျင့်မိသွားတယ်။ မနောဒုစရိုက်တွေကော လွန်ကျူးကြံစည်မိအုံးမလား။ မလွန်ကျူးမကြံစည်မိတော့ဘူး။ မနောသုစရိုက်သုံးပါးကိုဘဲ ကြံစည်ဖြစ်သွားတယ်။ အဲတော့ ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက် ဒီသုစရိုက်တရားသုံးပါးကို ပြုကျင့်သွားပြီဆိုရင် သူ့ရဲ့ တတိယအရွယ် နောက်ဆုံးဘဝ ကွယ်လွန်ခါနီးအချိန်မှာ နောင်တပူပန်မှုတွေ ဖြစ်ပါအုံးမလား။ မဖြစ်တော့ဘူး။ သုစရိုက်တရား ဆယ်ပါးကို ကျင့်လာတဲ့ အတွက် ဘဝတစ်ခုကို တည်တည်ငြိမ်ငြိမ်နဲ့ နောက်ဆုံး အချိန်မှာ ရင်ဆိုင်ပြီးတော့ တမလွန် ဘဝသံသရာမှာ လူ့ပြည်၊ နတ်ပြည်၊ သုဂတိကို ရောက်သွားတယ်။

အကယ်၍ ငယ်စဉ်အခါမှာကတည်းက ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက်ဆိုတဲ့ သုစရိုက်တရားဆယ်ပါးကို မကျင့်မိဘဲနဲ့ ဒုစရိုက်တရားဆယ်ပါးကို ကျင့်မိမယ်ဆိုရင် သူ့ရဲ့ဘဝ နောက်ဆုံးအချိန်မှာ အပါယ်ငရဲ ဂတိနိမိတ်တွေ မြင်ပြီးတော့ ကြောက်ကြောက်လန့်လန့် အော်ဟစ် ရုန်းကန်ပြီးတော့ ကွယ်လွန်သွားရတယ်။ ကွယ်လွန်ပြီးတဲ့နောက်လည်း ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံကို ရောက်သွားရတယ်။ အဲတော့ ငယ်စဉ်အခါ

တည်းကိုက သုစရိုက်တရားကို ပြုကျင့်ထားရမယ်။ မပြုကျင့်ဘူးဆိုရင် နောင်တရပြီးတော့ ပူပန်ရတယ်။ အဲတော့ ဆယ်ခုမြောက် ကျင့်စဉ်က လက်ာရဲ့အဆုံးမှာ ဘယ်လိုပြထားလဲ။ **"အမြတ်တရား ကျင့်ကာထား"**တဲ့ အမြတ်တရားကို ငယ်စဉ်တည်းက ကျင့်ထားရမယ်။

ဒီမပူပန်ကြောင်း၊ အတပနိယ တရားဆယ်ပါး၊ ပူပန်ကြောင်း တပနိယ တရားဆယ်ပါးကို ဇနသန္ဓမင်းက တစ်လကို နှစ်ကြိမ် ဟောပြပေးတယ်။ လပြည့်နေ့တစ်ကြိမ်၊ လကွယ်နေ့တစ်ကြိမ် နန်းရင်ပြင်မှာ တိုင်းသူပြည်သားတွေကို စုပြီးတော့ ဟောပြပေးလိုက်တဲ့အတွက် ဗာရဏသီပြည်ကြီးမှာ သူခိုး ဓါးပြ၊ ခိုးဆိုးလုယက်တဲ့ ဒုစရိုက်သမားတွေမရှိဘူး။ အကျဉ်းထောင်ကြီးဟာ အမြဲဖွင့်ထားရတယ်။ တိုင်းပြည်ဟာလည်း စီးပွားဉစ္စာ သာယာဝပြောတယ်။ တိုင်းသူပြည်သားတွေဟာလည်းပဲ လိမ္မာယဉ်ကျေးတယ်တဲ့။ အဲတော့ အားကျစရာမကောင်းဘူးလား။ "ကောင်းပါတယ် ဘုရား"။ အလွန်ဘဲ အားကျစရာ ကောင်းတာပါဘဲ။ အဲတော့ အဲဒီလို မပူပန်ကြောင်း တရားဆယ်ပါး၊ ပူပန်ကြောင်းတရား ဆယ်ပါးကို သိသွားပြီဆိုရင် ဘယ်ပုဂ္ဂိုလ်တွေဟာ ပူပန်ကြောင်း တရားတွေ

လွန်ကျူးပြီးတော့ ဘဝမှာ ဘယ်လို ဆုံးရှုံးသွားတယ်။ ဘယ်ပုဂ္ဂိုလ်တွေဟာ ပူပန်ကြောင်း တရားတွေ ရှောင်ရှားပြီး မပူပန်ကြောင်း တရားဆယ်ပါးကျင့်တဲ့ အတွက် ဘဝမှာ အဆင့်အတန်း မြင့်မား သွားတယ်ဆိုတာကိုလည်းဘဲ ဘုရားလက်ထက်က အဖြစ်ပျက်လေးနဲ့ တွဲပြီးတော့ ပြောရင် မှတ်မိသွားမှာပါဘဲ။

## ကုရေ (၈၀) သူ့ဌေးသားဝတ္ထု

ဘုန်းဘုန်းတို့ ခုဟောနေတဲ့ တရားက တတိယအရွယ် လူကြီးတွေကို ရည်ရွယ်ပြီး ဟောနေတာ မဟုတ်ပါဘူး။ ဒုတိယအရွယ်နဲ့ ပထမအရွယ် သားငယ်သမီးငယ် ကျောင်းသား ကျောင်းသူလေးတွေကို ရည်ရွယ်ပြီး ဟောနေ တာပါဘဲ။ အဲတော့ သားငယ်သမီးငယ်တွေ ကျောင်းသား ကျောင်းသူတွေအနေနဲ့ ရှောင်ရန် ဆောင်ရန်တွေသိမှ ဘဝအလယ်မှာ တင့်တင့်တယ်တယ် သွားနိုင် လာနိုင် နေနိုင် မှာပါဘဲ။ ဘုန်းဘုန်းတို့ လေးတန်း ပညာသင်တုန်းကတော့ ကဗျာလေးတစ်ပုဒ်နဲ့ သင်ခဲ့ရတယ်။ **"ကုရေရှစ်ဆယ် သူ့ဌေးသား"** တဲ့။ အခုလေးတန်းမှာကော ပါသေးလား။ ပညာရေးကလည်း ခဏခဏ ပြင်နေတော့ ပါလား မပါလား

တော့ မသိတော့ဘူးပေါ့လေ။ ကုဋေရှစ်ဆယ် သူဌေးသား အကြောင်းကို ဘုန်းဘုန်းတို့ ကဗျာလေးနဲ့ သင်ခဲ့ရတယ်။ မူရင်းက ဘုရားဟောပါဘဲ။ ဘုရားရှင် ဗာရာဏသီပြည်မှာ သီတင်းသုံးနေတဲ့အချိန် မိဘသားစုတစ်စုဟာ ကုဋေ ရှစ်ဆယ် ကြွယ်ဝချမ်းသာတယ်။ အဲဒီမိသားစုဟာ သားလေးရလာပြီး ကျောင်းထားရမဲ့ အရွယ်ရောက်တော့ ငါတို့ရဲ့ တစ်ဦးတည်းသော သားလေးဘဲ။ ကုဋေရှစ်ဆယ်တောင် ကြွယ်ဝချမ်းသာနေတာဘဲ။ အဲဒီတော့ ဘဝမှာ နေနည်း၊ ထိုင်နည်းပညာတွေ သင်စရာမလိုဘူး။ အပျော်အပါးအနေနဲ့ အတီးအမှုတ်၊ အဆိုအကလောက်ပဲ သင်ရင် ပြီးတာဘဲ ဆိုပြီးတော့ အဆိုအက အတီးအမှုတ် ပညာဘဲ သင်ပေးလိုက်တယ်။ ဘဝမှာ နေထိုင်နည်း စီးပွားရှာနည်း သင်ပေးရဲ့လား၊ မသင်ဘူး။ အဲတော့ မိဘကိုက အချိုးကျ ရဲ့လား။ အချိုးမကျဘူး။ အဲတော့ ဆရာ့ရင်ခွင်ကို သားငယ်လေးကို ပို့ရဲ့လား မပို့ဘူး။ ပညာသင် မပေးဘူး။ ဒါက မိသားစုတစ်စု။

နောက်ကုဋေရှစ်ဆယ် ကြွယ်ဝချမ်းသာတဲ့ မိသားစု တစ်စု ရှိသေးတယ်။ အဲဒီမှာလည်း သမီးလေးမွေးလာတယ်။ သမီးလေးကလည်း အချောအလှဘဲ။ အဲဒီမိသားစုကလည်း

အဲဒီအတိုင်းဘဲ။ စဉ်းစားတယ်။ ဒို့မှာကုဋေရှစ်ဆယ်တောင် ကြွယ်ဝချမ်းသာနေတာဘဲ။ ဒို့သမီးလေးက တစ်ဦးတည်းသော သမီးဘဲ။ အဲတော့ စီးပွားရေး လုပ်စရာမလိုဘူး။ ဆယ်သက်စားလို့ မကုန်ဘူး။ စီးပွားရှာနည်း၊ ဘဝနေထိုင်နည်း၊ ပညာသင်စရာ မလိုဘူး။ အတီးအမှုတ် အကအခုန် လောက်ဘဲသင်ရင် ဒို့သမီးလေးဘဝမှာ ပျော်ရွှင်မှာဘဲ ဆိုပြီးတော့ အတီးအမှုတ် အကအခုန် ပညာလောက်ဘဲ သင်ပေးတယ်။ နောက်တော့ အိန္ဒိယ ဓလေ့ထုံးတမ်းစဉ်လာ အတိုင်း (၁၆)နှစ်အရွယ် ရောက်တော့ ကုဋေရှစ်ဆယ် သူဌေးသားနဲ့ ကုဋေရှစ်ဆယ်သူဌေးသမီး လက်ဆက် လိုက်ကြတယ်။ အဲတော့ ကုဋေပေါင်း ဘယ်လောက် ချမ်းသာ သွားလဲ။ (၁၆၀)ချမ်းသာသွားတယ်။ အလွန့်အလွန် ချမ်းသာ တဲ့ ခရိုနီ သူဌေးအဆင့် ရောက်သွားတယ်။

သူဌေးဆိုတော့ ဗာရာဏသီဘုရင်ထံ တစ်နေ့သုံးကြိမ် သွားပြီးတော့ ဆည်းကပ်ရတယ်၊ ခစား ရတယ်။ အဲလို ခစားတဲ့အခါ လမ်းမှာ အရက်သမားတွေ၊ ဘီယာ သမားတွေ ကလည်း ရှိတယ်။ အဲဒီအရက်သမား၊ ဘီယာသမားတွေက အရက်သောက်ရင်း စဉ်းစားတယ်။ ဒို့နေ့တိုင်း အရက်ဘီယာ

ဝယ်သောက်နေရတာ ရေရှည်ရောက်တော့ တတ်နိုင်မှာ မဟုတ်ဘူး။ ဒီကုဋေ (၁၆၀) သူဌေးသားကို အရက်ဘီယာရဲ့ ကောင်းကြောင်းသိအောင် ဒို့ဖြားယောင်း လိုက်လို့ ဒီသူဌေးသာ အရက်ဘီယာသောက်ပြီ ဆိုရင် ဒို့အရက် ဘီယာဖိုး မကုန်တော့ဘူး ဆိုပြီးတော့ တစ်ရက်မှာတော့ အဲသူဌေးရဲ့ ပီအေကတစ်ဆင့် အရက်နည်းနည်းလေး သူဌေး ကို တိုက်လိုက်တယ်။ သူဌေးကသောက်လိုက်တော့ ရိုးရိုးရေနဲ့ မတူတော့ ဒါဘာအရည်တုန်းလို့မေးတယ်။ မေးတော့ သူဌေးရဲ့ ပီအေကလည်း ဒီအရက် ဘီယာ သောက်နေကျ ဆိုတော့ အရှင် သူဌေးမင်း ဒါကမ္ဘာပေါ်မှာတော့ အကောင်း ဆုံး အရည်ပါဘဲတဲ့။ ဒီလိုမြှောက်ပေးလိုက်တယ်။ သူက လည်း သောက်ချင်တာကို အဲတော့ သူဌေးက နည်းနည်းချင်း နည်းနည်းချင်း သောက်ရင်းနဲ့ အရက်ကို ကြိုက် သွားတယ်။ စွဲသွားတယ်။ စွဲတဲ့အခါ ရောက်တော့ ခုနက လမ်းမှာတွေ့တဲ့ အရက်သမားတွေပါ ခေါ်ပြီးတော့ တိုက်ထဲမှာ၊ ခြံထဲမှာ အရက်သောက်တဲ့ ဘီယာပါတီပွဲကြီး ကျင်းပတယ်။ မူးကြ၊ ရူးကြ၊ သောက်ကြ၊ စားကြနဲ့ပေါ့လေ။ အဲတော့ ပထမ ဘာကစလာလဲဆိုတော့ အသောက်အစားကစလာတယ်၊

အသောက်အစားပြီးတဲ့နောက် ဒုတိယ အလောင်းအစား ပါဝင်လာတယ်။ အရက်သောက်တဲ့ ပုဂ္ဂိုလ်တွေ၊ မူးတဲ့ ပုဂ္ဂိုလ်တွေ ဖဲရိုက်တာတွေ အလောင်းအစားတွေ မလုပ်ဘူး လား။ "လုပ်ပါတယ်ဘုရား" ပျော်စေ ပါးစေ ဆိုပြီးတော့ ဖဲချရင်း အလောင်းအစားတွေလုပ်လာတယ်။ ပထမတော့ အသောက်အစား၊ ဒုတိယကျတော့ အလောင်းအစားတွေပါ ဖက်လာတယ်။ နောက် တတိယမြောက် အပျော်အပါးတွေလဲ ပါလာတယ်။ ဘယ်သူက အဆိုကောင်းတယ်။ ဘယ်သူကလှတယ်။ သူ့ခေါ်လိုက်ကြစို့။ ချမ်းသာတာက ကုဋေ(၁၆၀) ချမ်းသာတော့ ဗာရာဏသီမြို့က အချောအလှ အဆိုကောင်းတဲ့ ပုဂ္ဂိုလ်တွေ အတီးကောင်းတဲ့ ပုဂ္ဂိုလ်တွေ အမှုတ်ကောင်းတဲ့ ပုဂ္ဂိုလ်တွေ အကျော်အမော် ပုဂ္ဂိုလ်တွေ ခေါ်လိုက်တယ်။ ခေါ်ပြီးတော့ ဆိုခိုင်းတယ်။ ဆိုပြီးတော့ သူက အဆိုကောင်းတယ်ဆိုပြီးတော့ ငွေတစ်ထောင် ပန်းကုံးနဲ့ စွပ်လိုက်တယ်။ သူကပိုပြီး အဆိုကောင်းတယ် ဆိုပြီးတော့ ငွေနှစ်ထောင် ပန်းကုံးနဲ့ စွပ်လိုက်တယ်။ ခုခေတ်ကျမှ တချို့ဆိုင်တွေမှာ အဆိုတော်တွေကို ပန်းကုံးစွပ်ပြီး ငွေပေးတာ မဟုတ်ပါဘူး။ ဘုရားလက်ထက်တည်းကိုက ဒါတွေက

ထွန်းကားနေခဲ့ပြီး သွားပါဘဲ။

## သုံးဖြုန်းနည်း မွဲနည်း (၃)မျိုး

အဲလိုနည်းနဲ့ ကုဋေ (၁၆၀) သူဌေးလင်မယား သုံးလိုက်၊ ဖြုန်းလိုက်ကြတယ်။ (တစ်) နံပါတ် ဘာတဲ့လဲ **အသောက်အစား**၊ (နှစ်) နံပါတ် **အလောင်းအစား**၊ (သုံး)နံပါတ် **အပျော်အပါးနည်း** အဲဒီနည်းနဲ့ သုံးလိုက်၊ ဖြုန်းလိုက်တာ နှစ်ဘက်မိဘတွေ ကွယ်လွန်သွားတော့ ပိုပြီး လွတ်လပ်သွားတယ်။ ပိုပြီးတော့ တစ်ခါထဲ အသောက်အစား ပါတီပွဲကြီး အလောင်းအစား ပါတီပွဲကြီး အပျော်အပါး ပါတီပွဲကြီး လုပ်လိုက်တယ်။ အဲတော့ ရှိသမျှတွေက ပရုပ်လုံးလို ပါးပါးပါးပါးပြီးတော့ ကုဋေတစ်ရာ့ခြောက်ဆယ် အကုန် ကုန်ရော။ ကုန်အုံးတော့ မြေတွေ ခြံတွေ လယ်တွေ ဝင်းတွေ ရှိသေးတယ်။ အဲဒါတွေ ရောင်းပြီးတော့ ခုနက အသုံးမျိုးနဲ့ သုံးဖြုန်းတယ်။ လှူတာတန်းတာရှိရဲ့လား။ မရှိဘူး။ မရှိဆင်းရဲသား နွမ်းပါးတဲ့ ပုဂ္ဂိုလ်တွေကို ထောက်ပံ့တာ ရှိရဲ့လား။ မရှိဘူး။ အဲတော့ ပြင်ဘက်က လယ်တွေ မြေတွေ ခြံတွေကုန်တော့ အတွင်း လက်ဝတ်လက်စားတွေ ရောင်းပြီး တော့ ခုနက သုံးမျိုးနဲ့ သုံးလိုက် ဖြုန်းလိုက်တယ်။ လက်ဝတ်

လက်စားတွေလဲကုန်ပြီ။ နောက်ဆုံး တိုက်ထဲမှာရှိတဲ့ ဆွေစဉ်ခုနှစ်ဆက် မျိုးစဉ် ခုနှစ်ဆက်က အသုံးအဆောင် ပန်းကန်ခွက်ယောက် အခင်း ကော်ဇောတွေလဲ ရောင်းပြီးတော့ သုံးဖြုန်းပစ်လိုက်တယ်။ နောက်ဆုံးမှာ နေတဲ့အိမ်ကြီးရော ခြံကြီးရော ဝင်းကြီးရော ရောင်းပြီးတော့ သုံးဖြုန်းပစ်လိုက်တယ်။ အဲတော့ ဝယ်လိုက်တဲ့ပိုင်ရှင်ပုဂ္ဂိုလ်တွေက သိသွားပြီး သူ့တို့မှာ အတွင်းပစ္စည်းမရှိတော့ဘူး။ ပြင်ဘက်က ခြံတွေဝင်းတွေလဲ မရှိတော့ဘူးဆိုပြီး လင်မယား နှစ်ယောက်လုံးကို မောင်းထုတ်ပစ်လိုက်တယ်။ အသက်ဟာ တတိယအရွယ် အဖိုးကြီး အဖွားကြီးတွေ ဖြစ်သွားပြီ။ အဖိုးကြီး အဖွားကြီး ဖြစ်တဲ့ အချိန်မှာ စီးပွားရေး ရှိသေးရဲ့လား။ နေစရာ အိမ်ရော ရှိသေးရဲ့လား။ (မရှိတော့ပါဘူးဘုရား)။ အစားအသောက်ကော ရှိသေးရဲ့လား။ (မရှိတော့ပါဘူးဘုရား) အဝတ်အထည်ကော ရှိသေးရဲ့လား။ (မရှိတော့ပါဘူးဘုရား) အပေါင်းအသင်းကော ရှိသေးရဲ့လား။ (မရှိတော့ ပါဘူးဘုရား) အဲတော့ အဖိုးကြီး အဖွားကြီးတွေ တောင်ဝှေး ထောက်ခွက်ကိုင်ပြီးတော့ သူတောင်းစားဘဝကို ရောက်သွားတယ်။

သူတောင်းစားဘဝရောက်တော့လဲ အဲ့ဒီကျန်တဲ့ ပုဂ္ဂိုလ်တွေက မကြည်ဖြူတဲ့အတွက် မြို့ထဲကနေ မောင်းထုတ်

လိုက်တယ်။ မောင်းထုတ်လိုက်တော့ ဘုန်းကြီးကျောင်း ရောက်လာတယ်။ မကောင်းကျောင်းပို့ ပေ့ါလေ။ ချမ်းသာ တုန်းကတော့ အပျော်အပါး အလောင်းအစား အသောက် အစားတွေနဲ့ ဝိုင်းနေတာပဲ။ မွဲပြီ ဆင်းရဲပြီဆိုတော့ အိုပြီဆိုတော့ မကောင်းတော့ ကျောင်းကို မောင်းထုတ် လိုက်တယ်။ ကျောင်းရောက် လာတယ်။ စားကြွင်းစားကျန် တွေ တောင်းစားရတဲ့ အနေအထား ရောက်လာတယ်။

## ဘုရားရှင် ပြုံးတော်မူခြင်း

ဘုရားရှင်က အဲ့ဒီအထည်ကြီးပျက် သူတောင်းစား ဆင်းရဲသား ဇနီးမောင်နှံကို မြင်တော့ ပြုံးတယ်။ ဘုရားရှင် ပြုံးတာကို ရှင်အာနန္ဒာက တွေ့တော့ အရှင်ဘုရား ဘာဖြစ်လို့ ပြုံးတော် မူပါသလဲ မေးလိုက်တယ်။ ချစ်သား အာနန္ဒာ အပေါက်ဝ နားမှာ ရပ်ပြီးတော့ ခွက်ကိုင်ပြီးတော့ တောင်းစားနေတဲ့ သူတောင်းစား နှစ်ယောက်ကို တွေ့လား။ တွေ့ပါတယ်ဘုရား။ အေး သူတို့ဟာ တစ်ချိန်က ဗာရာဏသီ ပြည်မှာ အချမ်းသာဆုံး ကုဋေ(၁၆၀) သူဌေးဇနီးမောင်နှံဘဲ။ သူတို့ဟာ အကယ်၍များ ပထမအရွယ်မှာ ကုဋေတစ်ရာ့ ခြောက်ဆယ်ကို ရင်းနှီးပြီးတော့ စီးပွားရှာရင် ဒီထက်ပို

ချမ်းသာတဲ့ ပထမအဆင့် သူဌေးကြီးဖြစ်မယ်။ အကယ်၍ သာသနာ့ ဘောင်ဝင်လာပြီး တရားအားထုတ်မယ်ဆိုရင် အဲ့ဒီသူဌေးဟာ ရဟန္တာဖြစ်မယ်။ သူဌေးကတော်ဟာ အနာဂါမ် ဖြစ်မယ်။ ပထမအရွယ်မှာ ငယ်ရွယ်လို့ ပျော်ပါးနေရင်လဲထားအုံး။ ဒုတိယအရွယ် သံဝေဂရပြီးတော့ စီးပွားရေး လုပ်မယ် ဆိုရင်လဲဘဲ ဒီဗာရာဏသီမြို့မှာ ဒုတိယအဆင့် သူဌေး ဖြစ်နိုင်တယ်။ အကယ်၍ သာသနာ့ဘောင် ဝင်ပြီး တရားအားထုတ်မယ် ဆိုရင် သူဌေးဟာ အနာဂါမ် ဖြစ်နိုင်တယ်။ သူဌေးကတော်ဟာ သကဒါဂါမ် ဖြစ်နိုင်တယ်။ တတိယအရွယ်မှာ သတိသံဝေဂ နောင်တရပြီးတော့ ရှိတာလေးနဲ့ စီးပွားလုပ်မယ်ဆိုရင်လဲ ဒီမြို့မှာတတိယတန်းစား သူဌေးကြီးဖြစ်နိုင်တယ်။ အကယ်၍ သာသနာ့ဘောင်ဝင်ပြီး ရဟန်းပြု တရားအားထုတ်မယ်ဆိုရင် သူဌေးဟာ သကဒါဂါမ် ဖြစ်နိုင်တယ်။ သူဌေး ကတော်က သောတာပန်ဖြစ်နိုင်တယ်။

ခုတော့ ဒီဇနီးမောင်နှံ နှစ်ဦးဟာ လူတွေရဲ့ စီးပွားဥစ္စာကလဲ ဆုံးရှုံးသွားတယ်။ သာသနာ့ဘောင် မှာ ရဟန်းမပြုတဲ့ အတွက် ရဟန်းစည်းစိမ် မဂ်ဖိုလ်နိဗ္ဗာန်ကလဲ ဆုံးရှုံး သွားတယ်။ သူတို့ရဲ့ ဘဝဟာ ဘာနဲ့တူလဲ။ ခုလိုနွေအခါမှာ

ရေကန်မှာ ရေတွေချောက်ခန်း မသွားဘူးလား။ ချောက်ခန်း သွားတယ်။ ချောက်ခန်းသွားပြီဆိုတော့ ရွှံ့ညွန်တွေဘဲ ကျန်မယ်။ ငါးတွေရော ရှိပါဦးမလား။ မရှိတော့ဘူး။ အဲဒီ အချိန်မှာ ကြိုးကြာကလဲ တောင်ပံကျိုးနေပြီပေါ့။ တောင်ပံကျိုး တဲ့ ကြိုးကြာငှက်ဆိုတော့ ဟိုအိုင် ဒီအိုင် ဟိုနေရာ ဒီနေရာ ပျံနိုင်ပါဦးမလား။ မပျံနိုင်တော့ဘူး။ ရေခန်းနေတဲ့ ရွှံ့ညွန်အိုင် ထဲမှာပဲ ငါးရှာတော့ ငါးကော တွေ့ပါဦးမလား။ မတွေ့တော့ဘူး။ တောင်ပံကျိုးတဲ့ ကြိုးကြာငှက်ဟာ ငါးမရှိတဲ့ ရွှံ့ညွန်ရေအိုင်မှာ ကြံမှိုင်သလိုဘဲ သူဌေးဘဝကနေပြီး သူတောင်းစားဘဝရောက်ပြီးတော့ ကြံမှိုင်နေရပြီ။ အဲ့ဒီလို ပြောပြီးတော့ ဘုရားရှင်က ဂါထာ(၂)ပုဒ် ဟောပြတယ်။

**မဟာဓနသေဋ္ဌိပုတ္တဝတ္ထု**

**"အစရိတွာ ဗြဟ္မစရိယံ၊ အလဒ္ဓါ ယောဗ္ဗနေ ဓနံ။**
**ဇိဏ္ဏကောဉ္စာဝ ဈာယန္တိ၊ ခီဏမစ္ဆေဝ ပလ္လလေ။**
**အစရိတွာ ဗြဟ္မစရိယံ၊ အလဒ္ဓါ ယောဗ္ဗနေ ဓနံ။**
**သေန္တိ စာပါတိခီဏာဝ၊ ပုရာဏာနိ အနုတ္ထုနံ"။**

အရွယ်ကောင်းတုန်းမှာ ဒါန, သီလ ဘာဝနာနှင့် သာသနာရေး အလုပ်ကိုလည်း မလုပ်၊ ပစ္စည်းဥစ္စာ ရရှိအောင်

ရှာဖွေစုဆောင်းမှုကိုလည်း မပြုသူတို့သည် (အရွယ်လွန်သွားသည့် အခါမှာ) ရေခန်းခြောက်၍ ငါးမရှိသော ရေအိုင်ငယ်၌ တောင်ပံကျိုးနေသော ကြိုးကြာအိုတို့ကဲ့သို့ ကြံမှိုင်၍သာ နေကြရကုန်တယ်။

အရွယ်ကောင်းတုန်းမှာ ဒါန, သီလ ဘာဝနာနှင့် သာသနာရေး အလုပ်ကိုလည်း မလုပ်၊ ပစ္စည်းဥစ္စာ ရရှိအောင် ရှာဖွေစုဆောင်းမှုကိုလည်း မပြုသူတို့သည် (အရွယ်လွန်သွားသည့် အခါမှာ) လေးမှထွက်သွားပြီးသည့်နောက် အရှိန်အဟုန်ကုန်သော မြားတို့ကဲ့သို့ ရှေးဖြစ်ဟောင်းတို့ကိုသာ ပြန်ပြောင်းအောက်မေ့ ငြီးတွားကြလျက် နေကြရကုန်တယ်။

**လင်္ကာ**။ ။ အရွယ်ရှိတုန်း, အချိန်ဖြုန်းလျက်, လုံးလုံးလျားလျား, မြတ်တရားကို, ကြိုးစားမမူ, တစ်ဦးသူနှင့်, ရယူသင့်နိုး, ဥစ္စာမျိုးကို, ကြိုးကြိုးစားစား, ရှာထားမမူ, တစ်ဦးသူတို့, ပူရှိန်များပြား, ရေခန်းသွား၍, ငါးများကုန်စင်, ရွံ့ညွန်ပြင်ဝယ်, အားအင်နည်းပြန်, တောင်ပံယွင်းယို, ကြိုးကြာအိုသို့, စိတ်လိုယိမ်းယိုင်, ကြံမှိုင်လျက်သာ, နေရပါ၏။

အရွယ်ကောင်းတုန်း, အချိန်ဖြုန်းလျက်,

လုံးလုံးလျားလျား, မြတ်တရားကို, ကြိုးစားမမူ, တစ်ဦးသူနှင့်, ရယူသင့်နိုး, ဥစ္စာမျိုးကို, ကြိုးကြိုးစားစား, ရှာထားမမူ, တစ်ဦးသူတို့, ရေးမူပျက်ရ, နောက်ကာလဝယ်, လေးမှထွက်သွား, ရှိန်ကုန်မြားသို့, ခံစားရေးက, ချမ်းသာလှသည့်, လောကရေးရာ, အဖြာဖြာကို, ပြန်ကာအောက်မေ့, ညည်းတွားရှာ, နေရပါ၏။

(ဓမ္မပဒပန်းကုံးကျမ်း)

အဲ့ဒီလို ဟောလိုက်တဲ့အခါ တရားနာ ပရိတ်သက်တွေ မဂ်ဖိုလ်နိဗ္ဗာန်ရပြီးတော့ ကျွတ်တန်းဝင်သွားကြတယ်။ အဲတော့ ဗာရာဏသီပြည်က ကုဋေတစ်ရာ့ခြောက်ဆယ် ဇနီးမောင်နှံဟာ စောစောပိုင်း က အတပနိယ မပူပန်ကြောင်း တရား(၁၀)ပါးကို ကျင့်ခဲ့ရဲ့လား။ မကျင့်ခဲ့ဘူး။ တပနိယ ပူပန်ကြောင်း တရား(၁၀)ပါးကို အကုန်လုံး ကျင့်ခဲ့တဲ့အတွက် ကုဋေတစ်ရာနဲ့ခြောက်ဆယ် ကုန်မသွားဘူးလား။ ကုန်သွားတယ်။ အဲတော့ အခု မိမိတို့ရဲ့ ဘဝကိုလဲ ကြည့်ပေါ့လေ။ တတိယအရွယ်တွေ ဘာတွေ ထားလိုက်ပါတော့။ ဒုတိယအရွယ်သမားတွေ စီးပွားရှာလို့ ရှေးခေတ် ကုဋေတစ်ရာ ခြောက်ဆယ်ထိ မှီနိုင်ပါ့မလား။ မမှီနိုင်ဘူး။ ဟိုခေတ်က

တစ်မတ်သည်ပင်လျှင် တစ်ထောင်မကတန်တယ်။ ခုခေတ်စက္ကူတွေ မဟုတ်ဘူး။ ဟိုခေတ်က ရွှေနဲ့ငွေနဲ့ ကြေးနဲ့ လုပ်ထားတဲ့ငွေတွေ။ ဟိုခေတ်တစ်ထောင်ဆိုတာ ခုခေတ်တစ်သိန်းမကတန်တယ်။ အဲ့တော့ ကုဋေတစ်ရာ့ခြောက်ဆယ်ကြွယ်ဝတဲ့ ဇနီးမောင်နှံသော်မှ တပနီယ-ပူပန်ကြောင်း တရား(၁၀)ပါးကို ကျင့်လိုက်တဲ့အတွက် ကုဋေတရာ့ခြောက်ဆယ် ကုန်သွားတယ်။ မိမိတို့ ကြွယ်ဝချမ်းသာတာဟာ သူတို့ ကြွယ်ဝချမ်းသာတာနဲ့ယှဉ်ရင် ပြောပလောက်ရဲ့လား။ မပြောပလောက်ဘူး။ အဲတော့ ကုဋေတစ်ရာ့ခြောက်ဆယ် သူဋ္ဌေးသားလို ပူပန်ကြောင်း တရားဆယ်ပါးကို မကျင့်ကြပါနဲ့။ မပူပန်ကြောင်း တရားဆယ်ပါးကို မကျင့်ထိုက်ဘူးလား။ ကျင့်ထိုက်တယ်။ အဲ့တော့ မပူပန်ကြောင်း တရား(၁၀)ပါးကို ဇနသန္ဓဇာတ် မှာ လာတဲ့အတိုင်း နောက်ပိုင်းမှာ ကွင်းစကွင်းပိတ် လေးတွေနဲ့ ပြထားတယ်။ အဲ့ဒီ(၁၀)ပါးကိုဘဲ တစ်နှစ် သုံးလေးနဲ့ ရေကြည့်ရအောင်။ ကဲ ဘာတဲ့လဲ။

## မပူပန်ကြောင်းတရား (၁၀)ပါး

၁။ ငယ်စဉ်ဥစ္စာ ရှာဖွေပါ

၂။ ငယ်စဉ်အခါ ပညာရှာ

၃။ ငယ်စဉ်အခါ လိမ္မာပါ

၄။ ပါဏာတိပါတ ရှောင်ကြဉ်ကြ

၅။ မိစ္ဆာစာရ ရှောင်ကြဉ်ကြ
၆။ ငယ်စဉ်အခါ ပေးလှူပါ
၇။ ငယ်စဉ်မိဘ လုပ်ကျွေးကြ
၈။ အမိအဖ ရှိသေလေးစားကြ
၉။ ရဟန်းသူမြတ် ဆည်းကပ်အပ်
၁၀။ အမြတ်တရား ကျင့်ကာထား

ကဲ ကုဋေတစ်ရာ့ခြောက်ဆယ် သူဌေးသားရဲ့ သံဝေဂရဘွယ် ကဗျာလေး လိုက်ဆိုလိုက်ရအောင်။

**(မဟာဓနသေဋ္ဌိပုတ္တဝတ္ထု)**

## ကုဋေရှစ်ဆယ် သူဌေးသားကဗျာ

မောင်ရင်ငယ်သွေး၊ နာဘိသေးလော့
ရှေးသရောအခါ၊ ပြည်ဗာရာဝယ်
ကုဋေကြွယ်သား၊ သူဌေးသားလျှင်
သားတစ်ယောက်ဖြစ်၊ ချစ်၍တစေ
အိမ်မှာနေ၍၊ စာပေမကျ
မိဘစုတေ့၊ ခန္ဓာရွှေ့သော်
အရှေ့အနောက်၊ တောင်မြောက်ဘယ်မှာ
မသိပါဘြား၊ သူဌေးသားသည်
သိုထားမတတ်၊ အရပ်ရပ်၌
နှံ့အပ်ဥစ္စာ၊ ရှိသည့်ငှာကို
များစွာကျွန်ပေါင်း၊ မကောင်းခိုးသူ
ယူ၍ပြေးရှောင်း၊ အိမ်ကိုရောင်း၍

ထောင်းထောင်းကြွေလျက်၊ ခွက်လက်စွဲကာ
တောင်းစားပါလည်း၊ နှင်သာလူမိုက်
ဒုစရိုက်ဟု၊ ရိုက်ပုတ်လိုက်ကြ
ရွာမှထွက်လေ၊ တောမှာသေသည်
ကောင်သေလင်းတ၊ ကျ၏တည်း။ ။
(အတုလဆရာတော်၊ ခင်ကြီးဖျော်၊ ဦးဉာဏ ရေး၊
ပုတ္တောဝါဒဆုံးမစာ၊ နှမက မောင်ကို ဆုံးမခန်း)

## ဓမ္မိကဥပါသကဝတ္ထု

ရှောင်ရှားစရာ ကုဋ္ဌေတစ်ရာ့ခြောက်ဆယ် သူဌေးသား ပြောပြီးတဲ့နောက် အားကျစံနမူနာ ယူစရာ သူဌေးတစ်ဦး အကြောင်းကိုလည်း ပြောမှ ပြည့်စုံမှာပေ့ါလေ။ အဲတော့ ပြည့်စုံအောင် ဆက်ပြီးတော့ ပြောပါ့မယ်။ ဘုရားရှင် လက်ထက်က သာဝတ္ထိပြည်မှာ ဖောင်ဒေးရှင်းတစ်ခုရှိတယ်။ ဓမ္မိက ဖောင်ဒေးရှင်းပါ။ ဓမ္မိကဆိုတာက တရားနဲ့အညီ ကျင့်သုံးနေထိုင်တဲ့ ပုဂ္ဂိုလ်တွေပါ။ အဲ့ဒီဓမ္မိကဖောင်ဒေးရှင်း အဖွဲ့ပေါင်းက ငါးရာ (၅၀၀)ထိ ရှိတယ်။ တစ်ဖွဲ့တစ်ဖွဲ့မှာလဲ နောက်လိုက်အခြွေအရံက (၅၀၀)စီပဲ ရှိတယ်။ အဲတော့

ဓမ္မိကဖောင်ဒေးရှင်းရဲ့ အသင်းသူအသင်းသားတွေဟာ ငါးရာကို ငါးရာနဲ့ မြှောက်လိုက်တော့ ဘယ်လောက်တဲ့ လဲ့။ နှစ်သိန်းနဲ့ ငါးသောင်းထိ ရှိတယ်။ သူတို့ဖောင်ဒေးရှင်း အင်ပါယာ မတောင့်ဘူးလား။ အင်မတန်တောင့်တယ်။ အဲ့ဒီ ဖောင်ဒေးရှင်းမှာ အကြီးဆုံး ခေါင်းဆောင်ကို မဟာဓမ္မိက ဉပါသကာ လို့ခေါ်တယ်။ သူ့မှာ သားခုနှစ်ယောက်၊ သမီးခုနှစ်ယောက်ရှိတယ်။ အဲ့တော့ သားသမီး ဆယ့်လေးယောက်ရှိတယ်။ မိဘနှစ်ပါးပါ ထည့်လိုက်တော့ မိသားစု ဆယ့်ခြောက်ဦးရှိတယ်။ အဲ့ဒီ ဆယ့်ခြောက်ဦးဟာ နေ့စဉ်နေ့တိုင်း ဒါနသီလဘာဝနာ ကုသိုလ်ကောင်းမှုတွေ လုပ်တယ်။ မိဘနှစ်ပါးက လုပ်သလို သားသမီး ဆယ့်လေးယောက် ကလဲ လိုက်ပြီးတော့ လုပ်တယ်။ အဲ့တော့ သားသမီးဆယ့်လေးဦးရော မိဘနှစ်ပါးရော မပူပန်ကြောင်း တရားဆယ်ပါးကို ကျင့်ကြတယ်။

## သားသမီး (၃)မျိုး

သားသမီးက ဘယ်နှစ်မျိုးရှိမလဲဆိုတော့ သုံးမျိုး ရှိတယ်။ မိဘအတိုင်းဘဲ လိုက်ပြီးကျင့်တယ်ဆိုလို့ ရှိရင်တော့ အဲ့ဒီသားသမီးကို အနုဇာတသားသမီး လို့ခေါ် ရတယ်။

မိဘထက်သာအောင် ကျင့်ရင်တော့ အတိဇာတသားသမီးလို့ ခေါ်ရတယ်။ မိဘကို မှီအောင် မကျင့်နိုင်ဘူးဆိုရင်တော့ အဝဇာတသားသမီး လို့ခေါ်ရတယ်။ ဒီသာဝတ္ထိပြည်က မဟာခမ္မိက ဥပါသကာကြီးရဲ့ သားသမီးဆယ့်လေးယောက်က မိဘရဲ့ ခြေရာကို မှီအောင် လိုက်နိုင်တယ်။ မိဘအတိုင်းဘဲ လိုက်နာပြီးကျင့်တဲ့အတွက် အနုဇာတသားသမီးလို့ ခေါ်ရတယ်။

အဲတော့ မဟာခမ္မိကဥပါသကာကြီး အသက်ကြီးလို့ ရောဂါရပြီး အိပ်ရာထဲ ဗုံးဗုံးလဲသွားပြီ၊ လဲတော့ အိမ်က စေခံ တစ်ယောက်ကို ဘုရားထံ သွားလျှောက်ဘို့ လွှတ်လိုက်တယ်။ ခမ္မိကဖောင်ဒေးရှင်းရဲ့ အကြီးဆုံး မဟာခမ္မိကဥပါသကာကြီး အိပ်ရာထဲမှာ ဗုံးဗုံးလဲသွားပြီ၊ သေရာ ညောင်စောင်း လဲလျောင်းသွားပြီ၊ ကွယ်လွန်ခါနီး တရားနာချင်တဲ့အတွက် မြတ်စွာဘုရားရှင်ထံမှာ ရဟန်း (၈) ပါး (သို့မဟုတ်) ရဟန်း (၁၆) ပါးစေလွှတ်ပေးပါလို့ လျှောက်ခိုင်းလိုက်တယ်။ အဲဒီလိုလျှောက်လိုက်တော့ ဘုရားရှင်က သံဃာ (၈)ပါးကို လွှတ်ပေးလိုက်တယ်။ သံဃာ (၈) ပါးက မဟာခမ္မိက ဥပါသကာကြီးရဲ့ ကုတင်ဘေးမှာ ထိုင်ခုံနဲ့ထိုင်နေတယ်။

နောက်ပြီး သားသမီးတွေ မြေးတွေ မြစ်တွေလဲ ထိုင်နေကြတယ်။ သံဃာတွေထဲက အကြီးဆုံးရဟန်းက မေးလိုက်တယ်။ "ဒါယကာကြီး ဘာတရားကို ဟောပေးရမလဲ၊ ရွတ်ပေးရမလဲ။ အဲဒီလို မေးလိုက်တော့ မဟာဓမ္မိက ဥပါသကာကြီးက ပြန်လျှောက် တယ်။ **"သဗ္ဗဗုဒ္ဓါနံ အဝိဇဟိတံ သတိပဋ္ဌာနသုတ္တံ ဒေသေထ"** ဘန္တေ၊ အရှင်ဘုရားတို့။ သဗ္ဗဗုဒ္ဓါနံ၊ ဘုရားရှင်အားလုံးတို့သည်။ အဝိဇဟိတံ၊ မစွန့်လွှတ်ပဲ ဟောကြားအပ်သော။ သတိပဋ္ဌာနသုတ္တံ၊ မဟာသတိပဋ္ဌာနသုတ္တန်ကို။ ဒေသေထ၊ ဟောပေးတော်မူကြပါဘုရား။

တပည့်တော် အသက်ကြီးပြီ သေရာ ညောင်စောင်းလဲလျောင်းနေရပါပြီ ဘုရား၊ ဘုရားရှင်တိုင်း ဟောကြားတဲ့ ခန္ဓာကိုယ်မှာ ဝိပဿနာ ရှုမှတ်ဆင်ခြင်ရတဲ့ ဝိပဿနာတွေများစွာပါဝင်တဲ့ မဟာသတိပဋ္ဌာနသုတ် ပါဠိတော်ကိုပဲ ရွတ်ပေးတော်မူပါဘုရား။ အဲဒီလို လျှောက်လိုက်တော့ ရဟန်းသံဃာ (၈) ပါးက မဟာသတိပဋ္ဌာနသုတ်ကို ရွတ်ပေးကြတယ်။ **ဧကာယနော်ယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ**

**ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ‘ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ** စသည်ဖြင့် မဟာသတိ ပဋ္ဌာနသုတ် ပါဠိတော်ကြီးကို ရွတ်ဖတ်နေပြီ။ မဟာသတိပဋ္ဌာနသုတ် ပါဠိတော်ကြီးမှာ ရုပ်ခန္ဓာကိုယ်ကို ရှုမှတ်တဲ့နည်းတွေကို ဖော်ပြထားတဲ့ ကာယာနုပဿနာ သတိပဋ္ဌာန်အပိုင်း (၁၄)ပိုင်း၊ ခံစားမှုဝေဒနာနဲ့ ပတ်သက်တဲ့ ရှုမှတ်မှု ဝေဒနာနုပဿနာ သတိပဋ္ဌာန် အပိုင်း။ စိတ်နဲ့ ပတ်သက်တဲ့ ဝိပဿနာ ရှုမှတ်တဲ့ စိတ္တာနုပဿနာသတိပဋ္ဌာန်အပိုင်း။ ဓမ္မနဲ့ ပတ်သက်ပြီး ရှုမှတ်တဲ့ ဓမ္မာနုပဿနာသတိပဋ္ဌာန် အပိုင်း (၅)ပိုင်းအားဖြင့် စုစုပေါင်း (၂၁)ပိုင်းရှိတယ်။ အလွန်ရှည် လျားတဲ့ သုတ္တန်ကြီးပါပဲ။ အဲဒီတော့ သံဃာ(၈)ပါးက ရွတ်နေပြီ။ အဲဒီအချိန်မှာ နတ်ပြည်(၆)ထပ်က နတ်ရထား (၆)စင်းဟာ အထက်ကောင်းကင်မှာ ရောက်လာတယ်။ ရောက်လာပြီးတော့ နတ်ရထားပေါ်က နတ်သား၊ နတ်သမီး တွေက မဟာဓမ္မိက ဥပါသကာကြီးကို လှမ်းပြောတယ်။ “အသင် ဥပါသကာကြီး လူစည်းစိမ် လူချမ်းသာဆိုတာ မြေအိုး မြေခွက်ပါ၊ နတ်စည်းစိမ် နတ်ချမ်းသာကမှ ရွှေခွက်ပါ။

အဲဒီတော့ မြေခွက် စည်းစိမ်ဖြစ်တဲ့ လူ့ခန္ဓာကို စွန့်ပြီးတော့ ရွှေခွက် စည်းစိမ်ဖြစ်တဲ့ ကျွန်ုပ်တို့ရဲ့ နတ်ပြည်ကို လိုက်ခဲ့ပါ။ စတုမဟာရာဇ်နတ်တွေကလဲ သူတို့နတ်ရထားပေါ်ကိုခေါ် တာဝတိံသာနတ်တွေကလဲ သူတို့နတ်ရထားပေါ်ကိုခေါ် အဲလို့ နတ်သား၊ နတ်သမီးတွေ အပြိုင် ခေါ်ကြတယ်။ အဲဒီလို အပြိုင်ခေါ်နေတဲ့ နတ်သား နတ်သမီးတွေကို မဟာဓမ္မိက ဥပါသကာကြီးက မြင်နေ ရတယ်။ မြင်နေတော့ လှမ်းပြီး ပြောလိုက်တယ်။ "အာဂမေထ အာဂမေထ" ခဏစောင့် ဆိုင်းကြပါဦးလို့ လက်ဟန်နဲ့လည်းပြပြီး ပြောလိုက်တယ်။ အဲဒီလို ပြပြီး ပြောလိုက်တော့ ရဟန်းတွေက အာဂမေထ။ ဆိုင်းငံ့ရပ်လိုက်ကြပါဦးဆိုတာ တို့ကိုပြောတာ ဖြစ်မှာပဲလို့ စဉ်းစားပြီးတော့ ရပ်လိုက်ကြတယ်။ ဘေးပတ်ပတ်လည် မှာလည်း သားတွေ သမီးတွေမြေးတွေက ဖအေရဲ့ နောက်ဆုံး အချိန်မှာ ကြည့်နေကြတယ်။ အဲဒီတော့ အံ့အားသင့်တာ ပေါ့လေ။ အဖေပဲ တရားနာချင်လို့ ပင့်တဲ့အတွက် ရဟန်း (၈)ပါး ကြွလာပြီး၊ တရားတော်ကို ရွတ်ဖတ်ပေးနေကြတယ်။ ခုအဖေကပဲ စောင့်ဆိုင်း ရပ်ဆိုင်းပါဦး ပြောတယ်။ အဖေ ဘယ်လိုများ ဖြစ်တာလဲ သေရတော့မှာမို့ တို့အဖေဟာ

ကြောက်လန့်ပြီးတော့ လက်အမူအရာတွေ ပြနေတယ်လို့ စိတ်ထင်ပြီး အဖေ ဘာဖြစ်လို့ "အာဂမေထ" စောင့်ဆိုင်းကြပါဦးတော့လို့ ပြောရတာတုန်း။ အဖေ သေရမှာကြောက်လို့လား ဆိုပြီးတော့ သားတွေ သမီးတွေက ငိုကြပါရော။ အဲဒီလိုငိုတော့ ရဟန်းတွေက နေရထိုင်ရခက်တာပေါ့လေ။ ဩော် သူတို့ မိသားစု ကိစ္စပဲဆိုပြီးတော့ ထပြန်သွားကြတယ်။ အဲဒီတော့ မဟာဓမ္မိကဥပါသကာကြီးက မေးတယ်။ အထက်နတ်ပြည်မှာ နတ်ရထား (၆)စင်း ကောင်းကင်မှာ ရောက်နေတယ်။ သူတို့က ငါ့ကို သူတို့နတ်ပြည်က ရထားပေါ် လိုက်ခဲ့ပါဆိုပြီး ကိုယ်စီ ကိုယ်စီခေါ်နေကြလို့။ ငါက အာဂမေထ ဆိုင်းငံ့ကြပါဦးလို့ ပြောလိုက်တာ။ အဲလိုပြော လိုက်တော့ သားသမီးတွေက အထက်ကောင်းကင် မော်ကြည့်ပြီး နတ်ရထားတွေ မတွေ့တော့ ပိုပြီးတော့ ငိုကြတယ်။ တို့အဖေတော့ ဂယောင်ချောက်ချားတွေ မြင်ပြီးတော့ ဂယောင်ချောက်ချားတွေ ပြောနေပြီ။

အဖေ အထက်ကောင်းကင်မှာ ဘာနတ်ရထားမှ မရှိဘူးလို့ သားသမီးတွေက ပြောလိုက်တော့ ဖအေက သားသမီးတွေ ဘာမှမမြင်ရဘူးဆိုတာ သိသွားပြီး ပြန်မေး

လိုက်တယ်။ သားတို့သမီးတို့ အဖေလည်းပဲ အသက်ကုန်ခါနီး ပြီ နတ်ပြည်(၆)ထပ် မှာ ဘယ်နတ်ပြည်က အကောင်းဆုံးလို့ သားတို့သမီးတို့ ကြားဖူးကြသလဲ။ သူတို့အဆင့်အတန်းက ခုနက သားသမီး(၃)မျိုးထဲက အနုဇာတသားသမီးတွေ ဆိုတော့ ဒီမိဘတွေနဲ့အတူတူ တရားလိုက်ပြီး နာနေတော့ ဗဟုသုတရှိတယ်။ နတ်ပြည်(၆)ထပ်ထဲမှာ ကုသိုလ်ကောင်းမှု ပြုလို့ အကောင်းဆုံး နတ်ပြည်က တုသိတာနတ်ပြည်ပါ။ အဲဒီတော့ သားသမီးတွေက ပြောတယ်။ အဖေ ဘုရားလောင်း တွေနေတဲ့ တုသိတာနတ်ပြည်က ကုသိုလ်ကောင်းမှုပြုလို့ အကောင်းဆုံးပါပဲ။ ကဲ အဲဒီလိုဆိုရင် သားတို့ သမီးတို့ ပန်းကုံးတစ်ကုံးနဲ့ တုသိတာနတ်ပြည်ကလာတဲ့ နတ်ရထားမှာ တွဲလွဲဆွဲပါစေလို့ အမိန့်ရှိပြီးတော့ အထက်ကောင်းကင်ကို ပစ်တင်ခိုင်းလိုက်တယ်။ ခိုင်းတဲ့အတိုင်း ပစ်တင်လိုက်တော့ အဲဒီပန်းကုံးကြီး တွဲလွဲဆွဲနေတာကို မြင်နေရတယ်။ သားသမီး မြေးမြစ်တွေဟာ ရထားကြီးကိုတော့ မမြင်ရဘူး။ **"ကဲသားတို့ သမီးတို့ တွေ့ပြီလား"** လို့ သက်သေပြပြီး မေးတဲ့အခါကျမှ သားတွေသမီးတွေက ယုံတယ်။ ကဲ သားတို့သမီးတို့ အဖေရဲ့ သက်တမ်းကုန်ပြီ။ အဲဒီတော့ အဖေ တုသိတာနတ်ပြည်

သွားတော့မယ်။ သားတို့သမီးတို့လဲ တုသိတာနတ်ပြည်ကို လိုက်ချင်ရင် အဖေလုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေ ဆက်လက် ပြီးတော့ လုပ်ကြ။ မပူပန်ကြောင်း တရား(၁၀)ပါး ကို လိုက်နာဖြည့်ကျင့်ကြ။ အဲဒီလို ဆုံးမပြီးတော့ ဒီဘက် လူ့ဘဝ လူ့ခန္ဓာ နောက်ဆုံးစုတိစိတ်ဖြစ်တယ်။ စုတေ တယ်ဆိုတာ အဘိဓမ္မာစကား ပြောတာပေါ့လေ။ အရပ်စကား နဲ့ပြောရင် ကွယ်လွန်အနိစ္စရောက်သွားတယ်။ သေသွားတယ်။

ဟိုဘက် ဒုတိယဘဝမှာ နတ်ပဋိသန္ဓေသွားဖြစ်တယ်။ နတ်ပဋိသန္ဓေဆိုတာက လူတွေလို ကိုယ်ဝန်ဆောင်ကြီးနဲ့ (၁၀)လနေပြီးမှ မွေးဖွားတာမဟုတ်ဘူး။ ဥပပတ် ပဋိသန္ဓေ ဆိုတော့ ဘွားကနဲပဲ နတ်သား သွားဖြစ်တယ်။ အမျိုးသား ဆိုရင် (၂၀-၂၅)နှစ် အရွယ် အမျိုးသမီးဆိုရင် (၁၆) နှစ်အရွယ် ဘွားကနဲ သွားဖြစ်တယ်။ တုသိတာနတ်ပြည်မှာ နှစ်ဆယ့်ငါး ယူဇနာရှိတဲ့ ရွှေဗိမာန် ရတနာဗိမာန်မှာ နတ်သား သွား ဖြစ်တယ်။ နတ်သမီးတွေလဲ ထောင်နဲ့ချီပြီးတော့ အခြံအရံ တွေရှိတယ်။ အဲ အခုလောလောဆယ်တော့ တုသိတာ နတ်ပြည်က လာတဲ့ ရထားပေါ်မှာ နတ်သားအနေနဲ့ ကိုယ်ထင်ပြလိုက်တယ်။ ပြလိုက်တော့ ခုနက ငိုနေတဲ့

သားသမီးမြေးမြစ်တွေ ငိုကြသေးရဲ့လား။ မငိုကြတော့ပါဘူး။ ဩော် ငါတို့ရဲ့ အဖေ ငါတို့အဖိုးဟာ တကယ်ကိုပဲ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုတွေ ပြုသွားတဲ့အတွက် တုသိတာ နတ်ပြည် ရောက်သွားတာ တို့မျက်ဝါးထင်ထင် မြင်လိုက်ရ တယ်ဆိုပြီး ဝမ်းသာအားရဖြစ်ကြတယ်။ ဟိုရဟန်း(၈)ပါး ကတော့ ဘုရားကျောင်းပြန်သွားတယ်။ ဘုရားရှင် ထံကို သွားပြီး ကန်တော့ပြီးတော့ လျှောက်တယ်။ အရှင်ဘုရား ဓမ္မိကဉပါသကာကြီးက တမျိုးကြီးပါ။ သူပင့်လို့ပဲ တပည့်တော် တို့ မဟာသတိပဋ္ဌာနသုတ် ပါဠိတော်ကို သွားရွတ်ရတယ်။ ကုန်အောင်လဲ မရွတ်ခဲ့ရဘူး။ တို့လိုတန်းလန်းနဲ့ ထပြန်လာခဲ့ ရတယ်။ သူက အာဂမေထ၊ ဆိုင်းငံ့ပါဦးလို့ဆိုတာနဲ့ တပည့်တော်တို့ ရပ်လိုက်တယ်။ သူ့သားသမီးမြေးတွေလဲ ငိုနေတယ်။ အဲဒီလို လျှောက်တော့ ဘုရားရှင်က ချစ်သားတို့ သင်တို့ကို ရပ်ခိုင်းတာ မဟုတ်ဘူး။ နတ်ပြည်(၆)ထပ်ကလာတဲ့ နတ်ရထားပေါ်က နတ်တွေက အတင်းအကြပ် ဖိတ်မာန် နေလို့ ရပ်ခိုင်းတာ။ သင်တို့ပြန်လာပြီးတဲ့နောက် ဓမ္မိက ဉပါသကာ ကွယ်လွန်ပြီးတော့ တုသိတာနတ်ပြည်မှာ ဖြစ်သွားပြီ။ အဲလိုပြောတော့ ရဟန်းတွေက အရှင်ဘုရား ဟုတ်ကော ဟုတ်ရဲ့လားလို့ မေးမြန်းကြတယ်။ ဘုရားရှင်က

ဟုတ်ပါတယ်။ တကယ်ကို တုသိတာနတ်ပြည်မှာ ဖြစ်သွားပါပြီဆိုပြီး ဂါထာလေးတပုဒ်နဲ့ ပြောပြလိုက်တယ်။

**ဣဓ မောဒတိ ပေစ္စ မောဒတိ၊**

**ကတပုညော ဥဘယတ္ထ မောဒတိ။**

**သော မောဒတိ သော ပမောဒတိ၊**

**ဒိသွာ ကမ္မဝိသုဒ္ဓိ မတ္တနော။**

သော၊ ထိုကုသိုလ်ကောင်းမှုပြုထားသော ပုဂ္ဂိုလ်သည်။ ဣဓ၊ ဤပစ္စုပ္ပန်ဘဝလောက၌။ မောဒတိ၊ ပျော်ရွှင်ရဝမ်းသာရ၏။ ပေစ္စ၊ တမလွန်ဘဝသံသရာ၌လည်းပဲ။ မောဒတိ၊ ပျော်ရွှင်ရ မွေ့လျော်ရ၏။ ကတပုညော၊ ကုသိုလ်ကောင်းမှု ပြုထားရှိထားသော ပုဂ္ဂိုလ်သည်။ ဥဘယတ္ထ၊ ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ သံသရာ၌လည်းကောင်း။ မောဒတိ၊ မွေ့လျော်ပျော်ရွှင်ရ၏။ အတ္တနော၊ မိမိ၏။ ကမ္မဝိသုဒ္ဓိံ၊ ကုသိုလ်ကံပြုတဲ့အခါ စင်စင်ကြယ်ကြယ် ပြုထားတာကို။ ဒိသွာ၊ မြင်၍။ မောဒတိ၊ ပျော်ရွှင်ရ၏။

ဒီဂါထာလဲ ဟောလိုက်ကော တရားနာပရိတ်သတ်တွေ မင်ဖိုလ်ရသွားတယ်။ အဲဒီတော့ ဒီဒေသနာမှာ ဘာများ အားကျစရာပါသလဲ။ **ဒိသွာ ကမ္မဝိသုဒ္ဓိ မတ္တနော။**

အတ္တနော၊ မိမိ၏။ ကမ္မဝိသုဒ္ဓိံ၊ ကုသိုလ်ကံ ပြုတဲ့အခါ စင်စင်ကြယ်ကြယ် ကြည်ကြည်လင်လင် ပြုထားခြင်းကို။ ဒိသွာ၊ မြင်ရသည်ရှိသော်။ မောဒတိ၊ ပျော်ရွှင်ရ၏ ကျေနပ်အားရ၏။ ကုသိုလ်ကံလုပ်တဲ့အခါ အနှောင့်အယှက်ဆိုတာကတော့ ကြုံမှာပဲ၊ ခေတ်စကားနဲ့ ပြောရင်တော့ စိန်ခေါ်မှုတွေဆိုတာ ရှိမှာပဲ။ အခက်အခဲတွေဆိုတာ ရင်ဆိုင်ကြုံတွေ့ရမှာပဲ။ အဲဒီ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေ၊ အနှောင့်အယှက်တွေ တွေ့တဲ့အခါ စိတ်ညစ်စရာမလိုဘူး။ စိတ်ဆင်းရဲစရာ မလိုဘူး။ ဘယ်လိုပဲ အခက်အခဲတွေ ရင်ဆိုင်တွေ့ရသည်ဖြစ်စေ။ ကိုယ်လုပ်ရမဲ့ ကုသိုလ် အလုပ်ကို စင်စင်ကြယ်ကြယ် ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွ အားရပါးရ လုပ်သွားဖို့ လိုအပ်တယ်။ ဒါကိုပဲ ကမ္မဝိသုဒ္ဓိံ = ကုသိုလ်ကံ လုပ်တဲ့အခါ စင်စင်ကြယ်ကြယ် လုပ်ရမယ်လို့ ခေါ်တာပါပဲ။ အဲဒီတော့ ဘုန်းဘုန်းတို့ ခုတရားနာ ပရိတ်သတ်တွေလဲ မိမိတို့အိမ် (သို့မဟုတ်) မိမိတို့ ကိုးကွယ်တဲ့ ဘုန်းကြီးကျောင်းတွေမှာ မိမိတို့ဝင်နေတဲ့ တရားရိပ်သာတွေမှာ မိမိတို့ဝင်ထွက်နေတဲ့ ဘုရားစေတီတွေမှာ ကုသိုလ်ကောင်းမှုတွေ လုပ်ကြတယ်။ လုပ်တဲ့အခါ အခက်အခဲတွေ ကြုံတွေ့ရ

တတ်တယ်။ အနှောက်အယှက်တွေ ကြုံတွေ့ရတတ်တယ်။ ဘယ်လိုပဲ အခက်အခဲ အနှောက်အယှက်တွေ ကြုံတွေ့ရသည် ဖြစ်စေ နောက်မဆုတ်ပဲနဲ့ ပြီးဆုံးတဲ့အထိ ဝမ်းသာအားရ လုပ်ကြပါ။ လုဇ္ဇတိ ပလုဇ္ဇတီတိ လောကောဆိုတဲ့ ဒေသနာ အရ နှောက်ကိုနှောက်ယှက်ရမှ လောကဆိုတာ ပီသတာ။ ပျက်စီးအောင်ကို ဖျက်စီးရမှ လောကရဲ့ သဘာဝဟာ ပေါ်လွင်တာပဲ။ တခြားမကြည့်နဲ့။ ဘုန်းဘုန်းတို့ ဂေါတမဘုရားရှင်ပဲ ကြည့်ပေါ့လေ။ ဂေါတမဘုရားရှင် လောက် လောကမှာ အကောင်းလုပ်တာ ဘယ်ရှိမလဲ။ ဘုရားလောင်းဘဝတည်းကိုက မာရ်နတ်က ဗုဒ္ဓဂယာ မဟာဗောဓိပင်အောက် ရတနာပလ္လင်ထက်မှာ နှောက်ယှက် ခဲ့တာပဲ။ ဘုရားဖြစ်ပြီးတော့လဲ (၆)နှစ်တိုင်တိုင် နောက်ကနေ တကောက်ကောက် လိုက်ပြီးတော့ နှောက်ယှက်တာပဲ။ အဲတော့ ဘုရားလို ပုဂ္ဂိုလ်တောင်မှ လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော ဆိုတဲ့ လောကသဘာဝအရ အနှောက်အယှက် တွေရှိသေးရင် သူလို့ ငါလို ပုဂ္ဂိုလ်တွေလဲ ရှိမှာပဲ။ လောကဓံဆိုတာတော့ ရှိမှာပဲ။ အဲလိုကြုံ တွေ့တဲ့အခါ စိတ်ပျက်စရာ မလိုဘူး။ စိတ်ညစ်စရာ မလိုဘူး။ ဒါဟာ

လောကရဲ့ သဘာဝပါပဲ။ ကိုယ်လုပ်စရာ အလုပ်ကိုပဲ တည်တည်ငြိမ်ငြိမ်နဲ့ စင်စင်ကြယ်ကြယ် ကြည်ကြည်လင်လင် လုပ်သွားဖို့ပဲ။ ဒါကို ကမ္မဝိသုဒ္ဓိလို့ ခေါ်တယ်။ အဲဒီမှာတော့ အဋ္ဌကထာ ဆရာက နှစ်မျိုးဖွင့်ပြတယ်။ ဒီဓမ္မိက ဥပါသကာဟာ နတ်သားဖြစ်သွားတဲ့အခါ (၁)နံပါတ် ကမ္မသန္ဒဿန = သူကုသိုလ်ကံလုပ်ခဲ့စဉ်က စင်စင် ကြယ်ကြယ် လုပ်ခဲ့တာ ကြည့်ပြီးတော့လဲ မောဒတိ = မွေ့လျော်တယ်။ (၂) နံပါတ် ဝိပါကသန္ဒဿန = နတ်ပြည်မှာ ဖြစ်တဲ့အခါ (၂၅)ယူဇနာရှိတဲ့ ရတနာဗိမာန်ကြီးရတယ်။ ထောင်နဲ့ချီတဲ့ နတ်သမီး အခြံအရံတွေလဲရတယ်။ ဒီလိုအကျိုးကြီးမား တာတွေ တွေ့ပြီးတော့လည်းပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရတယ်။

အဲ့ဒီ အဋ္ဌကထာ အဖွင့်အတိုင်းပဲ မိမိတို့ ကုသိုလ် လုပ်တဲ့အခါ ကုသိုလ်နဲ့ပတ်သက်တဲ့ လုပ်ငန်းတွေလုပ်ကြရ တယ်။ အဲ့ဒီအလုပ်တွေကိုကြည့်ပြီးတော့ ဝမ်းသာတာကို ကမ္မသန္ဒဿန လို့ခေါ်တယ်။ ကိုယ်ကံလုပ်တဲ့အခါ စင်စင်ကြယ်ကြယ်လုပ်ထားတော့ အကျိုးကြရင်လဲ ကြီးမှာပါ ပဲ။ အဲ့တော့ ငါဟာ ဝိပါကသန္ဒဿန အကျိုးကြီးစွာရမှာပဲလို့

စဉ်းစားလိုက်လို့ရှိရင် စိတ်ဟာကြည်လင်သွားပြီး ဘယ်လို အနှောက်အယှက်တွေ တွေ့တွေ့မဖြုံတော့ဘူး။ စိတ်မညစ်တော့ဘူး။ တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်ပြီးတော့ လုပ်နိုင်သွားတယ်။ အဲ့တော့ ဒီလောက်ဆိုရင် ဥပမာနှစ်မျိုး ပြည့်စုံသွားပြီပေါ့။ အတပနီယ = မပူပန်ကြောင်းတရား(၁၀)ပါးကို ဖြည့်ကျင့်လိုက်တယ်။ ဓမ္မိကဥပါသကာကြီး ရောက်တော့ တုသိတာနတ်ပြည် ရောက်သွားတယ်။ ဟို ကုဋေ (၁၆၀) သူဌေးသားကတော့ သူဌေးဘဝကနေပြီး သူတောင်းစားဖြစ်သွားတယ်။ သူတို့လုပ်တဲ့ အလုပ်အပေါ် မူတည်ပြီးတော့ ကွာခြားသွားတယ်။ ကုဋေ (၁၆၀) သူဌေးသားက တပနီယ = ပူပန်ကြောင်းတရား(၁၀) ပါးကျင့်လို့ သူတောင်းစားဘဝ ရောက်သွားတယ်။ မဟာဓမ္မိက ဥပါသကာ ရောက်တော့ အတပနီယ = မပူပန်ကြောင်းတရားကို ဖြည့်ကျင့်လိုက်တဲ့အတွက် တုသိတာနတ်ပြည်ကို ရောက်သွားတယ်။ အဲ့ဒီတော့ မိမိတို့က သူတောင်းစားဘဝ ရောက်အောင်ပဲ နေထိုင်မလား တုသိတာနတ်ပြည် ရောက်အောင်ပဲ နေထိုင်မလား။ တုသိတာနတ်ပြည် ရောက်အောင် နေထိုင်မယ်ဆိုရင် အတပနီယ =

မပူပန်ကြောင်းတရား (၁၀)ပါးကို ဖြည့်ကျင့်ရမယ်။ အဲ့တော့ ဒီမှာပဲ ပထမပိုင်း ဓမ္မရင်ခွင်ခိုလှုံနည်း ပြီးသွားပါပြီ။

## ဝေဠုဒွါရဝေယျသုတ္တန်နည်း

ဒုတိယပိုင်း ဓမ္မရင်ခွင် ခိုလှုံနည်းက ဝေဠုဒွါရဝေယျ သုတ္တန်နည်းပါ။ ဝေဠုဒွါရဝေယျ သုတ္တန်နည်းကတော့ ခုခေတ် ပရိတ်သတ် အလွန်ကြိုက်တဲ့နည်းပေါ့လေ။ တစ်ရက်မှာ မြတ်စွာဘုရားရှင် အမှူးရှိတဲ့ သံဃာတော် အရှင်မြတ်တွေ ကောသလတိုင်း ဒေသစာရီကြွချီတော့ ဝေဠုဒွါရရွာကို ရောက်လာတယ်။ ဝေဠုဒွါရရွာ ရောက်လာတော့ ရွာသူ ရွာသားတွေက ဘုရားရှင်ထံကိုလာကြတယ်။ ရောက်လာပြီး တော့ ရှိခိုးကန်တော့ကာ အလ္လာပသလ္လာပ စကားတွေကို လျှောက်ထားပြီးတော့ သူတို့ရဲ့ဖြစ်ချင်တဲ့ ဆန္ဒတွေကို လျှောက်ထားကြတယ်။ သူတို့ဖြစ်ချင်တဲ့ ဆန္ဒတွေက ဘာတွေလဲဆိုတော့

## သတ္တဝါတွေရဲ့ အလိုဆန္ဒ (၅)မျိုး

၁။ အိုအရှင်ဂေါတမ၊ အကျွန်ုပ်တို့သည် ဇနီးမယား သားသမီးတို့ဖြင့် ကျဉ်းကျပ်သော အိမ်ထောင်သည်ဘဝ၌ မိသားစု ပျော်ရွှင်စွာ နေလိုကြပါကုန်တယ် ဘုရား။

၂။ ထို့အပြင် ကာသိတိုင်းထွက် စန္ဒကူး မွှေးနံ့သာကိုလည်း သုံးဆောင်ခံစားလိုကြပါတယ် ဘုရား။

၃။ ယင်းအပြင် ပန်းပန်ခြင်း၊ ရေမွှေး နံ့သာ လိမ်းခြယ်ခြင်း၊ အလှပြင်ခြင်းတို့ကိုလည်း ပြုလိုကြပါတယ် ဘုရား။

၄။ ထိုမှတပြာ ရတနာစိန်ကျောက် ထိန်ထိန်တောက်ဝတ်ဆင်နိုင်ရန် ရွှေ ငွေ ချမ်းသာ ကြွယ်ဝမှုကိုလည်း လက်ခံသာယာလိုကြပါတယ် ဘုရား။

၅။ ဒါတွင် မကသေးပါ၊ ခန္ဓာကိုယ်ပျက်စီး၍ ကွယ်လွန်ပြီးသည့်နောက်၌လည်း အပါယ်လေးဘုံသို့ မကျလိုဘဲ နတ်ပြည်သို့သာ ရောက်လိုကြပါတယ် ဘုရား။

အရှင်ဂေါတမသည် ဤသို့ အလိုဆန္ဒ တောင်းတခြင်းရှိကြသော အကျွန်ုပ်တို့အား အလိုဆန္ဒ တောင့်တတိုင်းဖြစ်နိုင်ရနိုင်သော နည်းလမ်းကောင်းတရားကို ဟောကြားတော်မူပါ ဘုရား - ဟူ၍ မေးမြန်း လျှောက်ထားခဲ့ကြတယ်။

သူတို့ရဲ့ဖြစ်ချင်တဲ့ ဆန္ဒ(၅)မျိုးက မကောင်းဘူးလား။ အလွန်ကောင်းတယ်။ စီးပွားဥစ္စာကလဲ ကြွယ်ဝချမ်းသာချင်ကြတယ်။ အကောင်းစားအဝတ်တွေလဲ ဝတ်ချင်ကြတယ်။ အကောင်းစား နံ့သာ အမွှေးအကြိုင်တွေလဲ လိမ်းကျံ

ချင်ကြတယ်။ အကောင်းစား အသုံးအဆောင်တွေ သုံးဆောင်ပြီးတော့ မိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင်ကြီးလဲ နေချင်တယ်။ ကွယ်လွန်တဲ့ အခါလည်း မိသားစုအားလုံး နတ်ပြည်ရောက်ချင်တယ်။ အဲ့လိုတရားမျိုး ဟောစမ်းပါဘုရားလို့ လျှောက်ထားကြလို့ ဟောကြားတော်မူခဲ့တဲ့သုတ္တန်က ဘာသုတ္တန်တဲ့လဲ။ ဝေဠုဒွါရေယျ သုတ္တန်ပါဘုရား။ အဲတော့ ဘုန်းဘုန်းတို့ လင်္ကာလေး(၂) ပုဒ်ဆိုလိုက်ရအောင်

ကာယကံ (၃)ပါး

၁။ သက်သတ်, ခိုးဝှက်၊ အိမ်ရာဖျက်၊ သုံးချက် ကာယကံ။

၂။ ကာ, ဒုသုံးပါး၊ ကြဉ်ရှောင်ငြား၊ သုံးပါး ကာယကံ။

(လယ်တီဆရာတော်)

ကာယဒုစရိုက်က ဘယ်နှစ်ပါးတဲ့လဲ (၁) နံပါတ်-ပါဏာတိပါတ-သူများအသက်ကိုသတ်ခြင်း။ (၂) နံပါတ် အဒိန္နာဒါန- သူများ ဥစ္စာကို ခိုးဝှက်တိုက်ခိုက်ခြင်း။ (၃)နံပါတ်-ကာမေသုမိစ္ဆာစာရ-သူများအိမ်ရာ သားမယားကို ဖျက်ဆီးခြင်း ဒါကို ကာယဒုစရိုက် (၃)ပါးလို့ခေါ်တယ်။ ကာယဒုစရိုက် (၃)မျိုးကို ရှောင်ကြဉ်ရင် ကာယသုစရိုက်

(၃)မျိုးဖြစ်သွားတယ်။ အဲတော့ ဘုရားရှင်က ဝေဠုဒွါရ ရွာသားတွေကို ဟောနေပြီ။ ဒကာ၊ ဒကာမတို့ကိုယ်က အသက်ရှည်ချင်တယ်။ ချမ်းသာချင်တယ်။ ကိုယ့်ကို သူများက လာသတ်မယ်ဆိုရင် ကိုယ်ကြိုက်ပါ့မလား။ မကြိုက်ပါဘူး ဘုရား။ မနှစ်သက်ပါဘူးတဲ့။ အဲလိုဆိုရင် ကိုယ့်လိုဘဲ သူများ တွေလဲ အသက်ရှည်ချင်မှာပဲ။ ချမ်းသာချင်မှာပဲ။ ကိုယ်က သူများအသက်ကို သွားပြီး သတ်ဖြတ်မယ်ဆိုရင် အသတ် ဖြတ်ခံရတဲ့ ပုဂ္ဂိုလ်ကတော့ ကျေနပ်ပါ့မလား။ မကျေနပ်ပါဘူး ဘုရား။ အသတ်ခံရတဲ့ ပုဂ္ဂိုလ်က မကြိုက်သလို ငါ့အသက်ကို သတ်ရင် ငါလည်း မကြိုက်ဘူး။ အဲဒီတော့ နှစ်ဦးနှစ်ဖက် မကြိုက်တဲ့ သူများအသက်သတ်ခြင်းကို ဘာဖြစ်လို့ ငါပြုလုပ်မှာလဲ ဆိုပြီးတော့ သူများအသက်သတ်ခြင်း ပါဏာတိပါတ အလုပ်ကို ကိုယ်တိုင်လဲ မလုပ်ဘူး။ ဒါတင်မက တခြားသူတွေကိုလဲ သူများအသက် မသတ်နဲ့ မဖြတ်နဲ့လို့ တားမြစ်တယ်။ ဒါတင်မကသေးဘူး သူများတွေရဲ့ အသက်ကို သတ်တာ ဖြတ်တာကိုလဲ မချီးမွမ်းဘူး။ ကောင်းချီးမပေးဘူး။ အဲဒီတော့ ဘယ်နှစ်မျိုးတဲ့လဲ - (၃) မျိုးပါ ဘုရား။ လူသား တွေတောင် အဲလိုမလုပ်ရဘူးဆိုတော့ ရဟန်း သံဃာတွေ အဲလိုပြောကောင်း လုပ်ကောင်းပါမလား။ မပြောကောင်း

မလုပ်ကောင်းပါဘူး ဘုရား။ အဲဒီနည်းအတိုင်း ဘုရားရှင်က အစွန်း (၃) ပါးလွတ်တဲ့ ကာယသမာစာရကို ဟောပြတယ်။ အဲဒီတော့ သူများအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း ပါဏာတိပါတဝိရတိ။ သူများ ဥစ္စာကို ခိုးတာမှ ရှောင်ကြဉ်ခြင်း အဒိန္နာဒါနဝိရတိ။ သူများအိမ်ရာကို ဖောက်ပြားဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကာမေသုမိစ္ဆာစာရဝိရတိ အားဖြင့် ဒီ(၃)ပါးကိုတော့ ကာယသုစရိုက် (၃) ပါးလို့ခေါ်တယ်။ နောက် နံပါတ် -(၃)၊ နံပါတ်-(၄) လဲ ဆိုကြည့်ပါအုံး။

## ဝစီကံ (၄)ပါး

၃။ မုသာ, မိတ်ခွဲ၊ ဆဲရေး, ပြိန်ဖျင်း၊ အပါယ်ချဉ်း၊ လေးသင်း ဝစီကံ။

၄။ နှုတ်, ဒုလေးပါး၊ ကြဉ်ရှောင်ငြား၊ လေးပါး ဝစီကံ။

(လယ်တီဆရာတော်)

နှုတ်ဖြင့် ပြောတဲ့ ဝစီဒုစရိုက်က (၄) ပါးရှိတယ်။ (၁)နံပါတ်- မုသာဝါဒ = အကျိုးပျက်စီးအောင် လိမ်ညာ စကား ပြောကြားခြင်း။ (၂)နံပါတ်-ပိသုဏဝါစာ = ဂုံးချော သွေးခွဲစကား ပြောကြားခြင်း။ (၃)နံပါတ်-ဖရုသဝါစာ = ရုန့်ရင်း ကြမ်းတမ်းတဲ့ စကားကို ပြောကြားခြင်း။ (၄) နံပါတ်-သမ္ဖပ္ပလာပ =

အရည်မရ အဖတ်မရ အပြိန်အဖျင်း အတင်းအဖျင်းစကား ပြောကြားခြင်းတို့ဖြစ်တယ်။

အဲ လိမ်ညာစကားပြောမယ်ဆိုရင် မုသာဝါဒ။ နောက်တခါ သင်းခွဲတဲ့စကားတွေပြောရင်း ပိသုဏာဝါစာ။ ရှန့်ရင်းကြမ်းတမ်းတဲ့ ဆဲရေးတဲ့စကားတွေ ပြောရင် ဖရုသဝါစာ။ အရည်မရ အဖတ်မရ အတင်းအဖျင်းတွေ ပြောရင် သမ္ဖပ္ပလာပ။ ဒါကိုတော့ ဝစီဒုစရိုက်လို့ခေါ်တယ်။

## သမ္ဗန္ဓ (၇)ပါး

အဲ့ဒီ ဝစီဒုစရိုက် (၄) ပါးက ရှောင်တာကိုတော့ ဝစီသုစရိုက် (၄)ပါးလို့ ခေါ်တယ်။ ဝစီ-သုစရိုက် (၄) ပါးကိုလဲ ဘုရားရှင်က အဲဒီအတိုင်းပဲ (၃)ချက် ဟောပြတယ်။ ကိုယ့်ကိုလာလိမ်ညာ ရင်လဲ ကိုယ်ကကြိုက်ပါ့မလား။ မကြိုက်ဘူး။ ကိုယ်က သူများကို သွားလိမ်ညာ ရင်ရော လိမ်ညာခံရတဲ့ ပုဂ္ဂိုလ်က ကြိုက်ပါ့မလား။ မကြိုက်ဘူး။ အဲတော့ ကိုယ်လဲမကြိုက်။ သူလဲမကြိုက်တဲ့ လိမ်ညာခြင်း အမှုကို ဘာဖြစ်လို့ ပြောကြား မှာလဲ။ ဒီလိုစဉ်းစားပြီးတော့ ကိုယ်ကိုယ်တိုင်လဲ လိမ်ညာစကား မပြောရဘူး။ သူများတွေ

ကိုလဲ လိမ်ညာစကား မပြောဘို့ တိုက်တွန်းတယ်။ လိမ်ညာစကား မပြောကြားရင်လဲ ချီးမွမ်းတယ်။ ဒီလိုပြည့်စုံတာကို ခေါ်တယ်။ အဲဒီတော့ ကာယသုစရိုက်က (၃) ပါး။ ဝစီသုစရိုက်က (၄)ပါး။ ပေါင်းလိုက်တော့ (၇) ပါးရှိတယ်။ ဒါကို ဝေဠုဒွါရေယျ သုတ္တန်မှာ သဒ္ဓမ္မ (၇)ပါးလို့ ဟောထားတယ်။ အဲတော့ ခေါင်းစီးမှာ ဝေဠုဒွါရေယျ သုတ္တန်နောက်က သဒ္ဓမ္မ (၇)ပါးဆိုတာ ဒီ (၇)ပါးတို့ ပါပဲ။ ဘုန်းဘုန်းတို့ နံပါတ် ၅ ကို ဆက်လက်ပြီး ဆိုကြည့်ပါဦး။

၅။ သူတော်တရား၊ ခုနှစ်ပါးနှင့် လိုလားအပ်ရာ၊
လေးဖြာဌာန၊ ပြည့်စုံကမူ၊ ဘဝဆန္ဒ၊ ထပ်တူကြ၏။

## လိုလားအပ်ရာ (၄)ဌာန

သဒ္ဓမ္မဆိုတာ သူတော်ကောင်းတရား (၇)ပါးပါ။ အဲဒီ ခုနှစ်ပါးနဲ့ ပြည့်စုံပြီးတဲ့နောက် လက်ာမှာက လိုလားအပ်ရာ လေးဌာန ရှိတယ်။ ပါဠိလို ဆိုရင်တော့ အာကင်္ခိယ-ဌာနလို့ ခေါ်တယ်။ မြန်မာလိုဆိုရင်တော့ လိုလားအပ်ရာလေးဌာနလို့ ခေါ်ရတယ်။ သဒ္ဓမ္မ (၇) ပါးနဲ့ ပြည့်စုံပြီးတဲ့နောက် လိုလားအပ်ရာ (၄)ဌာနကတော့၊ (၁) ဘုရားဂုဏ်တော်ကို ပွါးများရခြင်း။ (၂)တရားဂုဏ်တော်ကို ပွားများရခြင်း။

(၃) သံဃာ့ဂုဏ်တော်ကို ပွားများရခြင်း။ (၄) ငါးပါးသီလနှင့် ပြည့်စုံရ ခြင်းတို့ ပါပဲ။

(၁)နံပါတ်က - ဘုရားဂုဏ်တော်ကို ပွားများရခြင်း။ (၂)နံပါတ်က - တရားဂုဏ်တော်ကို ပွားများရခြင်း။ (၃) နံပါတ်က - သံဃာ့ဂုဏ်တော်ပွားများရခြင်း။ (၄) နံပါတ်က - ငါးပါးသီလမြဲရခြင်း။ အဲဒီတော့ ဘုရားဂုဏ်တော် ပွားများရခြင်းဆိုတာ ဘုရားဂုဏ်တော် (၉)ပါး။ တရားဂုဏ်တော် ပွားများ တယ်ဆိုတာက တရားဂုဏ်တော် (၆)ပါး။ သံဃာ့ဂုဏ်တော် ပွားများ တယ်ဆိုတာက သံဃဂုဏ်တော် (၉)ပါးတို့ကို ပွါးများတာပါပဲ။ ဘုန်းဘုန်းတို့ တရားနာနေတဲ့ ပုဂ္ဂိုလ်တွေ ဣတိပိ သော ဘဂဝါ အရဟံ စသည်၊ သွာက္ခာတော ဘဂဝတာ ဓမ္မော စသည်၊ သုပ္ပဋိပ္ပန္နော ဘဂဝတော သာဝကသံဃော စသည်ဖြင့် ရပြီးသားပါပဲ။ ဒီမှာတော့ ရွှေဘုန်းပွင့် ဘုရားစေတီတော် မြတ်ကြီးရဲ့ အကြိမ်(၆၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော် အောင်ပွဲအထိမ်းအမှတ်ဆိုတော့ ဘုရား ဂုဏ်တော်ပွားများလိုက်ကြရအောင် ။ ကဲ - အားလုံးလက် အုပ်ချီပြီးတော့ လိုက်ဆိုလိုက်ရအောင်

**တို့ဘုရားမှ နတ်လူတို့က ပူဇော်ရ၏ ဓမ္မဥဿုံ အလုံးစုံကို ကိုယ်တိုင်မှန်စွာ သိတတ်ပါ၏ ဝိဇ္ဇာစရဏ ပြည့်စုံလှဌြား စကားကောင်းကို ကိုယ်တော်ဆို၏ ထိုထို လောက သိတတ်လှ၏ ဆုံးမထိုက်သူ အတူကင်းလတ် ဆုံးမတတ်၏ နတ်လူဆရာ သစ္စာသိမြင် ဘုန်းအရှင်သည် ကိုးအင်ဘုရား ဂုဏ်တော်တည်း။** (ရွှေဟင်္သာဆရာတော်)

သာဓု သာဓု သာဓုပါဘုရား။

အဲဒီတော့ လိုလားအပ်ရာ (၄) ဌာနရှိတယ်။ အဲဒီတော့ သဒ္ဓမ္မက (၇)ပါးရှိတယ်။ ဘုရားရှင်က ဆက်ဟောနေပါပြီ။ ရှာသူ ရှာသားအပေါင်းတို့ သဒ္ဓမ္မ (၇) ပါးနဲ့ လိုလားအပ်ရာ (၄) ဌာန ပြည့်စုံနေပြီဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ မသေသေးပေမယ့် ကြုံးဝါးလို့ရပြီ။ ငါဟာ ကွယ်လွန်တဲ့အခါ ငရဲကို ဘယ်တော့မှ မရောက်ဘူး။ တိရစ္ဆာန်ဘုံကို ဘယ်တော့မှ မရောက်ဘူး။ ပြိတ္တာဘုံကို ဘယ်တော့မှ မရောက်ဘူး။ အသူရကာယ်ဘုံကို ဘယ်တော့မှ မရောက်ဘူး။ အပါယ်လေးပါးလွတ်ပြီလို့ ကိုယ့်ကိုကိုယ် ကြွေးကြော်လို့ရပြီ။ အဲသည်လိုပြောပြတယ်။

အဲဒီတော့ ဒီတရားလည်း ဟောလိုက်ရော ဝေဠုဒွါရ

ရှာသားတွေ ပျော်သွားတယ်။ ဟာ - ကောင်းလိုက်တာ ဒီသဒ္ဒမ္မ (၇) ပါးနဲ့ အာကာဳိယ (၄) ဌာန တရားကို ငါတို့ ကျင့်နိုင်တယ် ဆိုပြီးတော့၊ ဗုဒ္ဓဘာသာကို ပြောင်းသွားကြ တယ်။ သရဏဂုံတွေ ဆောက်တည်သွားကြတယ်။ အဲဒီတော့ ဘုန်းဘုန်းတို့ ဝေဠုဒွါရေယျ သုတ္တန်နည်းက ပိုတောင် မကောင်းဘူးလား။ ခုဒီပရိသတ်တွေ တရားနာနေတဲ့ အချိန် မှာ သဒ္ဒမ္မ (၇ )ပါးနဲ့လဲ ပြည့်စုံသွားတယ်။ အာကာဳိယ (၄) ဌာနနဲ့လဲပြည့်စုံသွားတယ်။ ဇနသန္ဓမင်းဟောတဲ့ အတပနီယ မပူပန်ကြောင်းတရား(၁၀)ပါးနဲ့လဲ ပြည့်စုံသွားတယ် ဆိုတော့ ဒီပရိသတ်တွေဟာ ဝေဠုဒွါရရွာသားတွေ လျှောက်ထားတဲ့ ဘဝဆန္ဒ (၅)မျိုးလုံး ပြည့်စုံနိုင်သွားပါပြီ။ ပြည့်စုံနိုင်ပြီဆိုရင် နောက်ဆုံးကဗျာလေးဆိုပြီး တရားသိမ်းကြရအောင်

၅။ သူတော်တရား၊ ခုနှစ်ပါးနှင့် လိုလားအပ်ရာ၊
လေးဖြာဌာန၊ ပြည့်စုံကမူ၊ ဘဝဆန္ဒ၊ ထပ်တူကြ၏။

၆။ ငရဲ ပေတ၊ တိရစ္ဆာနှင့်၊ အသုရပါ ဤလေးဖြာ၊ မှတ်ပါ
ပါယ်လေးဘုံ။

၇။ ဘဝဆန္ဒ၊ ထပ်တူကြလို၊ များလူဗိုလ်တို့၊
သရဏဂုံ သီလ၊ ထိန်းသိမ်းကြလျက်၊ ခုနှစ်ဝတရား၊

ကျင့်စဉ်များကို၊ လျင်လျားမကြာ၊ ဖြည့်ကျင့်ပါလျှင်၊
နတ်ရွာသုဂတိ၊ နိဗ္ဗာန်ထိပင်၊ ရရှိစေရန်၊ တောင်းဆု
ပန်သည်၊ ဧကန်မုချ၊ ရစေသောဝ်။

(လှရတနာဆရာတော်)

သာဓု သာဓု သာဓု ပါဘုရား။

## ရွှေဘုန်းပွင့်ဘုရားသို့ လှူငွေ (၄)သိန်း

ရွှေဘုန်းပွင့်ဘုရား အကြိမ် (၆၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော် အောင်ပွဲအထိမ်းအမှတ် ပထမအကြိမ် ဓမ္မပူဇာမင်္ဂလာသဘင် ဆင်ယင် ကျင်းပတဲ့အခါ ဘုန်းဘုန်းတို့ကလည်း နားခိုရာရင်ခွင် တရားတော်အလှူကို ဟောကြားပေးခြင်းဖြင့် ပါဝင်ပြီးတော့ လှူဒါန်းရတယ်။

အလှူရှင်တွေ လှူထားတဲ့ ဓမ္မပူဇာ နဝကမ္မထဲမှ (၄)သိန်းကို ရွှေဘုန်းပွင့်ဘုရားအား ပြန်၍ လှူဒါန်းပါမယ်၊ ဒီ ရွှေဘုန်းပွင့်ဘုရားသို့

ပထမအကြိမ် - ဘုရားခြေတော်ရာကိစ္စ
ဒုတိယအကြိမ်- ဘုရားဆံတော်ကိစ္စ
တတိယအကြိမ်- အရှင်သီဝလိ ရဟန္တာကိစ္စ

ယခု စတုတ္ထအကြိမ် ဓမ္မဒေသနာတရား ဟောခြင်းကိစ္စအားဖြင့် (၄)ကြိမ် ရောက်ခဲ့ဘူးတာကို အကြောင်းပြုပြီး နဝကမ္မ (၄)သိန်း လှူဒါန်းခြင်း ဖြစ်ပါတယ်။ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့အနေဖြင့် ရင်ခွင် (၄)မျိုးထဲမှ အမြတ်ဆုံးဖြစ်တဲ့ ဓမ္မရင်ခွင်မှာ ခိုလှုံနိုင်ကြပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြရပါစေသောဟု ဆုတောင်းမှုပြုကြကုန်ရာသတည်း။ (သာဓု သာဓု သာဓု)

## မန်းရွှေစက်တော်ရာ မုခ်ဦးထက်မှ စကျင်ကျောက်သား ခြေတော်ရာကြီး (၂)ဆူ မှတ်တမ်း

ခရစ်နှစ် (၂၀၁၅)ခုနှစ်၌ မန်းရွှေစက်တော်ရာသို့ ပုသိမ်မုံရွာလမ်း (၃)မိုင်မှ အဝင်ဝတွင် ခန့်ငြားထည်ဝါသော မုခ်ဦးကြီးကိုရင်း၊ ထို မုခ်ဦးကြီးထက်၌ ခြေတော်ရာကြီး (၂)ဆူ တည်ထား ပူဇော်ရန်ကိုရင်း တိုင်းအဆင့် ဆွေးနွေး တိုင်ပင်ကြ၏။

ထို တိုင်းအဆင့် ဆွေးနွေးပွဲသို့ နာယက ဩဝါဒါစရိယ ဆရာတော်ကြီးများ ဂေါပကများ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ ဆောက်လုပ်ရေးကုမ္ပဏီမှ အင်ဂျင်နီယာများ တက်ရောက်ကြ၏။ ထိုဆွေးနွေးပွဲတွင် မုခ်ဦးကြီးကိစ္စ ဆွေးနွေးပြီးနောက် ဘုရားခြေတော်ရာကိစ္စ ဆွေးနွေးကြ၏။

ထိုအခါ မကွေးမြို့ သံဃာရာမဆရာတော်ကြီး ဘဒ္ဒန္တ စိန္တာသာရ (အဂ္ဂမဟာ ပဏ္ဍိတ၊ တိပိဋက ဩဝါဒါစရိယ)က-

"ဘုရားခြေတော်ရာကိစ္စကိုတော့ ဆရာတော်တို့လည်း မကျွမ်းကျင်ဘူး၊ ရန်ကုန်မြို့ ပါဠိတက္ကသိုလ် ညောင်တုန်း ကျောင်းတိုက်မှ လှုရတနာဆရာတော်ကတော့ ပြည်တွင်း ပြည်ပ နိုင်ငံအသီးသီးမှ ခြေတော်ရာတွေကို လေ့လာပြီး "အဖေ့ခြေရာ"စာအုပ် ပြုစုထားတယ်၊ အဲဒီ စာအုပ်ဟာ "ဗုဒ္ဓစာပေ ပထမဆု" - ရသွားတယ်၊ ပြည်တွင်း ပြည်ပနိုင်ငံတွေမှာလည်း ခြေတော်ရာတွေကို တည်ထား ပူဇော်နေတယ်၊ ဘုရားခြေတော်ရာကိစ္စကိုတော့ လှုရတနာ ဆရာတော်ကို တာဝန်ပေးအပ်လိုက်ရင် သင့်တော်ပါလိမ့်မည်" ဟု တင်ပြခဲ့ရာ အစည်းအဝေးက သဘောတူ လက်ခံခဲ့ လေသည်။

ထိုအကြောင်းကို မကွေးဆရာတော်က စာရေးသူထံသို့ ဖုန်းဆက် အကြောင်းကြားပြီး မုခ်ဦး တည်ဆောက်မည့် ဆောက်လုပ်ရေးကုမ္ပဏီမှ အင်ဂျင်နီယာများကိုပါ စေလွှတ်ပေးခဲ့ပါသည်။ မုခ်ဦးကြီးကိုတော့ အများကောင်းမှုဖြင့် တည်ဆောက်မည်ဖြစ်ပြီး ဘုရားခြေတော်ရာကိုမူ အလှူ့ရှင် ရှိလျှင် ခွင့်ပြုပါမည်ဟူ၍လည်း မိန့်ကြားခဲ့ပါသည်။

ထိုအခါ ဦးတင်ထွန်း + ဒေါ်အေးအေးမြင့် (ရွှေပြည်သစ် ကားပစ္စည်း ရောင်းဝယ်ရေး) မိသားစုကို အကျိုးအကြောင်း ပြောပြလိုက်ရာ သူတို့မိသားစုက ဘုရားခြေတော်ရာတို့ကို လှူပါမည်ဟု လျှောက်ထားကြသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ သာဓုခေါ်ရပါ၏။

ယင်းသို့ အလှူရှင်ပေါ်ပြီးသည့်နောက် မကွေးဆရာတော်၊ လှဲရတနာဆရာတော်၊ ကိုအောင်ဟိန်း၊ ကိုအောင်ဇေယျ၊ ကိုအောင်မျိုးကြိုင် နှင့် အင်ဂျင်နီယာ တို့သည် မုခ်ဦးအနေအထားနှင့် ဘုရားခြေတော်ရာကို တင်လှူပူဇော်မည့် အနေအထားကိစ္စတို့ကို အကြိမ်ကြိမ် စည်းဝေးကြ၏။ အစည်းအဝေးမှ ဖော်ပြပါအတိုင်း ဆုံးဖြတ်အတည်ပြု ခဲ့ကြပါသည်။

(က) ဘုရားခြေတော်ရာတို့ကို အဝင် + အထွက်တို့မှာ ဖူးမြင်နိုင်ရန် (၂)ဆူတည်ထားရန်၊

(ခ) ရေရှည်တည်တန့်ခိုင်မြဲဖို့အတွက် စကျင်ကျောက်သားဖြင့် ထုလုပ်ပူဇော်ရန်၊

(ဂ) သမိုင်းကို ဖော်ညွှန်းသည့်အနေဖြင့် ဝဲဖက်ချည်း (၂)ဆူ ထုလုပ်ပူဇော်ရန်၊

(ဃ) စက်လက္ခဏာတော်တို့ ပေါ်လွင်စေဖို့ ဆေးရောင်ချယ်ရန်၊

(င) ခြေတော်ရာတို့အား အလယ်နံရံကို မှီထားပြီး မှန်အထူစားဖြင့် ဖုံးအုပ်ထားရန် - တို့ ဖြစ်သည်။

ယင်းသို့ ဆုံးဖြတ်ပြီးနောက် လောကချမ်းသာ ကျောက်တော်ကြီးဘုရား ဒါယကာ ဦးတော်တော်၏ သားများအား စကျင်ကျောက်သားဖြင့် ဘုရားခြေတော်ရာကြီး (၂)ဆူကို ထုလုပ် ပူဇော်ရန် အပ်နှံကြပါသည်။ ဒေါနခြံဘုန်းကြီးနှင့် ကိုအောင်မျိုးကြိုင်တို့က ထုလုပ်ပြီးသော စကျင်ကျောက်သား ဘုရားခြေတော်ရာကြီး (၂)ဆူတို့ကို မန္တလေးမှ သီးသန့်ကားဖြင့် မကွေးမြို့ သံဃာရာမကျောင်းတိုက်သို့ (၃. ၂. ၂၀၁၆)နေ့ တွင် ပင့်ဆောင်လာကြရာ ညနေပိုင်းတွင် ရောက်ရှိလာကြ၏။ သံဃာရာမကျောင်းတိုက်မှ တဖန် ဗုဒ္ဓခြေတော်ရာကြီးတို့ကို ဩဝါဒါစရိယ ဆရာတော်ကြီးများ တိုင်းအဆင့် အစိုးရအဖွဲ့ဝင်များ ဂေါပကများ ဝတ်အသင်းတို့က မကွေး မြသလွန်ဘုရားသို့ ပင့်ဆောင်လျက် ဦးတိုက်ပူဇော်ကြ၏။ မကွေး မြသလွန်ဘုရားမှ တဖန် ဗုဒ္ဓခြေတော်ရာကြီးတို့ကို ကြိုဆိုပင့်ဆောင်ရေးအဖွဲ့က ပုသိမ်

မုံရွာလမ်း (၃)မိုင် အဝင်ဝ မုန်ဦးကြီး နေရာဌာနသို့ ဆက်လက်ပင့်ဆောင်ကြ၏။ ညပိုင်းတွင် ရောက်ရှိလာရာ ဩဝါဒါစရိယ နှင့် ပင့်သံဃာ ဆရာတော်များက အန္တရာယ်ကင်း ပရိတ် ပဋ္ဌာန်းများ နှင့် မဟာသမယသုတ် တို့ကို ရွတ်ဖတ်ကြလျက် ပရိတ်ရေစင်ဖြင့် ခြေတော်ရာကြီးတို့ကို ပက်ဖျန်း ပူဇော်ကြ၏။

(၄. ၂. ၂၀၁၆) နေ့နံနက်ပိုင်းတွင်မူ ကရိန်းစက်ကြီးဖြင့် အလွန်ကြီးမားသော စကျင်ကျောက်သား ဗုဒ္ဓခြေတော်ရာကြီး (၂)ဆူတို့ကို အလွန်မြင့်မားသော မုန်ဦးကြီးအထက်သို့ ပင့်ဆောင်ကြရ၏။ ထိုအချိန်တွင် သံဃာတော်အရှင်မြတ်တို့က ခြေတော်ရာဘုရားရှိခိုးများနှင့် (၁၀၈)ကွက် စက်လက္ခဏာတော်တို့ကို ရွတ်ဖတ်ပူဇော်ပေးကြ၏။ ရှေးဦးစွာ ခြေတော်ရာကြီး (၂)ဆူ တို့၏ အောက်ခံဖြစ်သော ကြာကလာပ် ပလ္လင်ကို ပင့်ပြီးမှ ထိုပလ္လင်ပေါ်တွင် ခြေတော်ရာကြီး တို့ကို ပင့်တင်ထားခြင်းဖြစ်သည်။ မုန်ဦးကြီးမှာ မြင့်မားခြင်း ခြေတော်ရာကြီးတို့မှာ ကြီးမားခြင်း တို့ကြောင့် အလွန်ကြီးမားသော ကရိန်းစက်ကြီးဖြင့် ပင့်တင်နေပါ သော်လည်း သဲထိတ်ရင်ဖို နေရသော မြင်ကွင်းပင်ဖြစ်သည်။

ကရိန်းစက်ကြီးဖြင့် ပင်တင်ပြီးနောက် လက်သမား, ပန်းရံဆရာ, အင်ဂျင်နီယာ, အလူမီနီယံဆရာတို့က မှန်အထူစားဖြင့် ဗုဒ္ဓခြေတော်ရာကြီး (၂)ဆူကို ဖုံးအုပ်ပေးလိုက်ကြ၏။ ခြေတော်ရာ စက်တော်လက္ခဏာတော်တို့မှာ ဖုံများ မကပ်ငြိတော့ဘဲ အတွင်းမှ ဆေးရောင်ခြယ်ထားသည့် အတိုင်း ပေါ်လွင်ထင်ရှားစွာ ဖူးမြင်ရလေသည်။

(၈. ၂. ၂၀၁၆) နေ့ နံနက်ပိုင်း၌ အလှူရှင်မိသားစုက မှန်အလုံကာထားသည့် ထိုစကျင်ကျောက်သား ခြေတော်ရာကြီး (၂)ဆူတို့ကို ရေစက်ချပွဲ ကျင်းပခဲ့လေသည်။ ရေစက်မချခင် နံနက်စောစောတွင် အောက်စက်တော်ရာအား (၁၀၈)ကွက် စက်လက္ခဏာတော်နည်းဖြင့် ဆွမ်းတော်ကြီးပွဲပေါင်း (၁၀၀၀)ကျော် ကပ်လှူကြ၏။ ထို့နောက် ရေစက်ချပွဲကိုမူ မုခ်ဦးကြီးနေရာ၌ ကျင်းပကြ၏။ ရှေးဦးစွာ သံဃာတော်တို့က မုခ်ဦးထက်မှ ဘုရားခြေတော်ရာကြီး (၂)ဆူတို့ကို ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ကြ၏။ ယင်းနောက် မကွေး သံဃာရာမဆရာတော်ကြီးက သီလပေးချီးမြှင့်၍ သံဃာတော်တို့က ပရိတ်ရွတ်ဖတ်ကြပြီး လှေရတနာဆရာတော်က ရေစက်သွန်းချ အမျှပေးဝေခဲ့လေသည်။

အဝင်ဝမုခ်ဦးကြီးအထက်၌ သီတင်းသုံး တော်မူကြသော စကျင်ကျောက်သား ဗုဒ္ဓခြေတော်ရာကြီး (၂)ဆူတို့၏ အရွယ်ပမာဏများမှာ အမြင့်အရှည် (၈-ပေ) အနံအပြန့် (၄-ပေ) ထု (၅)လက်မရှိသည်။ စက်လက္ခဏာတော်မူမှာ - နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး အမှူးပြုသော ခြေတော်ရာမူမှန် ပူဇော်ရေးအဖွဲ့က အတည်ပြုထားသော အနန္တဇိန ခြေတော်ရာမူ ဖြစ်သည်။ စက်လက္ခဏာတော်တို့ကို နဂါးက ရစ်ပတ်ထားပြီး နမ္မဒါနဂါးမင်း နှင့် သစ္စဗန္ဓရဟန္တာမထေရ်တို့ လက်အုပ်ချီလျှက် ရှိခိုးဟန်ကိုပါ ထုလုပ်ပူဇော်ထားသည်။ ခြေတော်ရာကြီး (၂)ဆူတို့သည် အောက်ခံကြာကလာပ်ပေါ်မှာ တည်ရှိကြပါသည်။

အဝင်ဝမုခ်ဦးကြီးနှင့် စကျင်ကျောက်သား ဘုရားခြေတော်ရာကြီး (၂)ဆူတို့မှာ အဝင်+အထွက် နှစ်ဖက်စလုံးတွင် အလွန်ခန့်ငြားထည်ဝါစွာ ဖူးမြင်နေရသဖြင့် ဘုရားဖူးလာ ကားများပင် ရပ်နားကြလျှက် အမှတ်တရ အလှဓါတ်ပုံ ရိုက်စရာနေရာဌာနပင် ဖြစ်နေတော့၏။ ထိုမုခ်ဦးကြီး၏ တိုင်တွင် ရေးသားထားသော ကောင်းမှုရှင် ကမ္ပည်းကျောက်စာမှာ ဤသို့ပါတည်း-

မန်းရွှေစက်တော်ရာ စကျင်ကျောက်သား ဗုဒ္ဓခြေတော်ရာ
ပါဒစေတီ (၂)ဆူ အလှူရှင်
သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် မကွေး
သံဃာရာမဆရာတော် နှင့်
ရန်ကုန် လှရတနာဆရာတော်တို့ကို အမှူးထား၍
ဦးတင်ထွန်း + ဒေါ်အေးအေးမြင့် မိသားစု ကောင်းမှု
နိဗ္ဗာန်ဆု၊ နတ်လူ သာဓုခေါ်စေသော်
(၄. ၂. ၂၀၁၆)

## မြန်မာပြည် ဘုရားဖူးအဖွဲ့ကောင်းမှုဖြင့် ကိုရီးယားနိုင်ငံ၌ တည်ထားမည့် ရွှေဗုဒ္ဓစေတီတော်ရာပါဝစေတီ (၂)ဆူအား အစနေကတာတင် ထွမ်းတော်ကြီးကပ်ပွဲ ကျောင်းပရာ လှုရတနာကျောင်း၌ ရွတ်ဆိုရန် ဗုဒ္ဓစေတီတော်ရာပါဝစေတီ ဘုရားဂုဏ်တော်များ (၁၃.၄.၂၀၁၇) ကြာသပတေးနေ့

## (၁) သဇိဝ ပါဒစေတီ ဝန္ဒနာ

စကြာခြေမွန် တင့်တယ်ဟန်ကို မိုးစွန်ဘုံဖျား သိကြားပြဟ္မာ တူရေးရှာလည်း ဘယ်မှာတမျှ အတူရချိမ့် အသမ,သမာ သုံးလူ့ချာ၏ ရတနာလျှံဝင်း နီဆင်းစင်သန့် အကန့်တစ်ထောင် ထွန်းပြောင်သိင်္ဂါ သန္တာအကွပ် ထိန်လျှပ်ပုံတောင်း ညိုမောင်းကျောက်မျက် ခြေတော်စက်ကို စုံမက်မြတ်နိုး ရှိလျှင်ခိုးသည် (ကောင်းကျိုးလျှင်ဆော ရောက်စေသော်) အကျိုးကောင်းမွန် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ထုတ်ချောက် ရောက်စေသော်။

## (၂) ပရိဘောဂ ပါဒစေတီ ဝန္ဒနာ

အရပ်ဒေသ (၈)ဌာနတို့၌ အမိဌာန်ဖြင့် ပြအပ်ချထား အပ်သောနေရာ၌ ထင်ကျန်ရစ်သော တစ်ထောင်သော အကန့်,အကွက်–အကွပ်,တကူ–ပုံတောင်းအချက်နှင့်တကွ ခပ်သိမ်းသော အခြင်းအရာတို့နှင့် ပြည့်စုံသော

(၁၀၈)ကွက်စက်လက္ခဏာ မင်္ဂလာအမှတ်အသား ပါရှိသော ''ခြေတော်ရာ–ပရိဘောဂ ပါဒစေတီ''ကို သုံးပါးမွန်စွာ ဝန္ဒနာဖြင့် သဒ္ဓါဖြိုးဖြိုး ကျွန်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

## ၃။ ဥဒ္ဒိဿက ပါဒစေတီ ဝန္ဒနာ

စက္ကေနကီတ ပါဒလက္ခဏာ, သဓိဝပါဒစေတီ, ပရိဘောဂပါဒစေတီ,ဖြစ်သော မြတ်စွာဘုရားရှင်၏ မူလ ခြေတော်ရာတို့ကို ရည်မှန်းသမှု အကြောင်းပြု၍ တူနိုင်သမျှတူအောင် စက္ကူတစ်ထွေ အင်္ဂတေနှင့် မသွေအုတ်ခွက် တချက်ပလာစတာ သဲကျောက်ဖျာတည့် တဖြာစကျင် ကျောက်ကိုဆင်လျှက် ပေါ်လွင်စေပြား သစ်သားများနှင့် တပါးအဝတ်အထည် ယွန်းကိုချယ်လျှက် တသွယ်ဖန်သား ပြဒါးများတည့် ကြေးပြားငွေပြား ရွှေသားတို့ဖြင့် ကောင်းစွာထွင်းထု သွင်းပြုလုပ်လျှက် ပူဇော်ထားသော အရပ်ဒေသ ဟူသမျှရှိ ''ဗုဒ္ဓခြေတော်ရာပွါး ဥဒ္ဒိဿက ပါဒစေတီ''များကို သုံးပါးမွန်စွာ ဝန္ဒနာဖြင့် သဒ္ဓါဖြိုးဖြိုး ကျွန်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

## စက္ကေနကီတ ပါဒလက္ခဏာတော် ရရှိခြင်း အကြောင်းကုသိုလ်ကံ

သူ့ချမ်းသာဆောင် မကြောက်အောင်ရွယ် စောင့်ရှောက် ကယ်၍ ဖွယ်ရာခြံရံ လှူဒါန်ကြောင့် – ဝန်းရံပတ်လျှက် ရာရှစ်ကွက်ဖြင့် မြချက်ပုံတောင်း အကွပ်ဆောင်း၍

ထောင်ပေါင်းအကန့် ရှင်းသန့်ပြတ်သား ခြေတော်ဖဝါး၌ ကြီးမားတေဇော် စက်တော်ရတနာ လက္ခဏာဖြင့်– မက္ကာခစား ထံတော်ပါးဝယ် များသောအခြံအရံ ရှိတော်မူသော မြတ်စွာဘုရားအား ရှိသေမြတ်နိုး ရှိခိုးပါ၏။

## နမ္မဒါနဂါးမင်း တောင်ပန်ချက်အရ ချထားသည့် ပရိဘောဂ ပါဒစေတီ

"နမ္မဒါနဂါးမင်း၏ တောင်းပန်ချက်အရ" သုနာပရန္တတိုင်း နမ္မဒါမြစ်ကမ်းနားအရပ်၌ာန၌ အဓိဋ္ဌာန်ဖြင့် ပြအပ် ချထားအပ်သော တစ်ထောင်သော အကန့် အကွက် အကွပ်တံကူ၊ ပုံတောင်း အချက်နှင့်တကွ ခပ်သိမ်းသော အချင်းအရာတို့နှင့်ပြည့်စုံသော (၁၀၈)ကွက် စက်လက္ခဏာ အမှတ်အသားပါရှိသော ခြေတော်ရာ ပါဒစေတီကို သုံးပါးမွန်စွာ ဝန္ဒနာနှင့် သဒ္ဓါဖြိုးဖြိုး ကျွန်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

## သစ္စဗန္ဓရဟန္တာမထေရ် တောင်းပန်ချက်အရ ချထားသည့် ပရိဘောဂ ပါဒစေတီ

''သစ္စဗန္ဓရဟန္တာမထေရ်၏ တောင်းပန်ချက်အရ'' သစ္စဗန္ဓတောင်ပေါ်အရပ်၌ာန ကျောက်ဖျာ၌ အဓိဋ္ဌာန်ဖြင့် ပြအပ်ချထားအပ်သော တစ်ထောင်သော အကန့် အကွက် အကွပ်တံကူ ပုံတောင်းအချက်နှင့်တကွ ခပ်သိမ်းသော အခြင်းအရာတို့နှင့် ပြည့်စုံသော (၁၀၈)ကွက် စက်လက္ခဏာ အမှတ်အသားပါရှိသော ခြေတော်ရာ ပါဒစေတီတော်ကို

သုံးပါးမွန်စွာ ဝန္ဒနာနှင့် သဒ္ဓါဖြိုးဖြိုး ကျွန်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

## ဗုဒ္ဓခြေတော်ရာ ပါဒစေတီ (၃)မျိုး ဘုရားရှိခိုး ဆုတောင်း

ဤသို့လျှင် ဘုရားရှင်၏ သဇီဝပါဒစေတီ ပရိဘောဂ ပါဒစေတီ ဥဒ္ဒိဿကပါဒစေတီအားဖြင့် ဗုဒ္ဓခြေတော်ရာ ပါဒစေတီ သုံးမျိုးတို့ကို ကောင်းစွာယခု ရှိခိုးမှုပြုရသော, ပဏာမစေတနာ, ကုသိုလ်မင်္ဂလာကြောင့် ပကတိခရီး, ဘဝခရီး, သံသရာခရီး,တို့သို့ သွားလာရာတွင် ဘေးရန်စဉ်လျက် ကုသိုလ်ဆန္ဒ ဟူသမျှတို့ ပြည့်ဝပါစေ တောင်းဆုချွေ၏၊ မသွေအမှန် မဂ်ဖိုလ်ဉာဏ်ဖြင့် ဘေးရန်ကင်းငြား နိဗ္ဗာန်တရားကို မျက်မှောက်ပြုရန် တောင်းဆုပန်သည် ကေန်မုချ ပြည့်စေသော်။

**ဗုဒ္ဓခြေတော်ရာ ပါဠိမြန်မာနှစ်ဘာသာဖြင့် ရွတ်ဆိုပုတီးစိပ်နည်း မြတ်စွာဘုရားရှင်၏ နှစ်ဖက်သော ခြေဖဝါးတော်အပြင်တို့၌ တထောင်သော အကန့်အကွက် အကွပ်တံကူ ပုံတောင်းအချက်နှင့်တကွ ခပ်သိမ်းသော အခြင်းအရာတို့နှင့် ပြည့်စုံသော (၁၀၈)ကွက် စက်လက္ခဏာ မင်္ဂလာအမှတ်အသားများ ဖြစ်ကြကုန်သော–**

၁။ သတ္တိ,လက္ခဏာ=လှံမပုံ

၂။ သိရိဝစ္ဆ,လက္ခဏာ=အိမ်မွန်ပုံ

၃။ နန္ဒိယာဝဋ္ဋ,လက္ခဏာ=ဇလပ်ပန်းသဏ္ဌာန်ကလာပ်ပုံ

၄။ သောဝတ္ထိက,လက္ခဏာ=လည်ရေးသုံးဆင့်ပုံ

၅။ ဝဋံသက,လက္ခဏာ=ဦးဆောက်ပန်းပုံ

၆။ ဝဍ္ဍမာနက,လက္ခဏာ=ယောက်ျားတဦးက အခြားတဦးကို ထမ်းသည့်ပုံ

၇။ ဘဒ္ဒပီဌ,လက္ခဏာ=အင်းပျဉ်ပုံ (ရွှေသလွန်)

၈။ အင်္ကုသ,လက္ခဏာ=ချွန်းတောင်းပုံ

၉။ ပါသာဒ,လက္ခဏာ=ပြာသာဒ်ပုံ

၁၀။ တောရဏ,လက္ခဏာ=တံခါးတိုင်ပုံ

၁၁။ သေတစ္ဆတ္တ,လက္ခဏာ=ထီးဖြူပုံ

၁၂။ ခဂ္ဂ,လက္ခဏာ=သန်လျက်ပုံ

၁၃။ တာလဝဏ္ဋ,လက္ခဏာ=ထန်းရွက်ယပ်ဝန်းပုံ

၁၄။ မယူရဟတ္ထ,လက္ခဏာ=ဥဒေါင်းမြီးယပ်ပုံ

၁၅။ ဥဏှီသ,လက္ခဏာ=သင်းကျစ်ပုံ

၁၆။ မဏိ,လက္ခဏာ=ပတ္တမြားပုံ

၁၇။ ပတ္တ,လက္ခဏာ=သပိတ်ပုံ

၁၈။ သုမနဒါမ,လက္ခဏာ=မြတ်လေးပန်းဆိုင်းပုံ

၁၉။ နီလုပ္ပလ,လက္ခဏာ=ကြာညိုပုံ (ကြာပြာ)

၂၀။ ရတ္တုပ္ပလ,လက္ခဏာ=ကြာနီပုံ

၂၁။ သေတုပ္ပလ,လက္ခဏာ=ကြာဖြူပုံ

၂၂။ ပဒုမ,လက္ခဏာ=ပဒုမ္မာကြာပုံ

၂၃။ ပုဏ္ဍရိက,လက္ခဏာ=ပုဏ္ဍရိက်ကြာပုံ

၂၄။ ပုဏ္ဏဃဋ,လက္ခဏာ=ရေပြည့်အိုးပုံ

၂၅။ ပုဏ္ဏပါတိ,လက္ခဏာ=ရေပြည့်ဖလားပုံ

၂၆။ သမုဒ္ဒ,လက္ခဏာ=မဟာသမုဒ္ဒရာပုံ

၂၇။ စက္ကဝါဠပဗ္ဗတ,လက္ခဏာ=စကြဝဠာတောင်ပုံ

၂၈။ ဟိမဝန္တပဗ္ဗတ,လက္ခဏာ=ဟိမဝန္တာတောင်ပုံ

၂၉။ မေရုပဗ္ဗတ,လက္ခဏာ=မြင်းမိုရ်တောင်ပုံ

၃၀။ သူရိယမဏ္ဍလ,လက္ခဏာ=နေဝန်းပုံ

၃၁။ စန္ဒမဏ္ဍလ,လက္ခဏာ=လဝန်းပုံ

၃၂။ နက္ခတ္တာနိ,လက္ခဏာ=နက္ခတ်တာရာများပုံ

၃၃။ ပုဗ္ဗဝိဒေဟ,လက္ခဏာ=အရှေ့ကျွန်းပုံ

၃၄။ အပရဂေါယာန, လက္ခဏာ=အနောက်ကျွန်းပုံ
၃၅။ ဥတ္တရကုရု, လက္ခဏာ=မြောက်ကျွန်းပုံ
၃၆။ ဇမ္ဗုဒီပ, လက္ခဏာ=ဇမ္ဗူဒိပ်(တောင်)ကျွန်းပုံ
၃၇။ စက္ကဝတ္တိ, လက္ခဏာ=စကြဝတေးမင်းပုံ
၃၈။ သေတသခ်, လက္ခဏာ=လက်ယာရစ်ခရုသင်းဖြူပုံ
၃၉။ မစ္ဆယုဂဠ, လက္ခဏာ=ငါးကြင်းအစုံပုံ
၄၀။ စက္ကာဝုဓ, လက္ခဏာ=စက်လက်နက်ပုံ
၄၁။ လဝဏသီဒါ, လက္ခဏာ=ဆားငံသမုဒ္ဒရာပုံ
၄၂။ ဥစ္ဆုသီဒါ, လက္ခဏာ=ကြံရည်အဆင်းရှိသော သမုဒ္ဒရာပုံ
၄၃။ သုရာသီဒါ, လက္ခဏာ=သေရည် အဆင်းရှိသော သမုဒ္ဒရာပုံ
၄၄။ သာဓိသီဒါ, လက္ခဏာ=အမှုခပ်သိမ်းပြီးစေသော သမုဒ္ဒရာပုံ
၄၅။ ဒဓိသီဒါ, လက္ခဏာ=နို့ခမ်း အဆင်းရှိသော သမုဒ္ဒရာပုံ
၄၆။ ဒုဒ္ဓသီဒါ, လက္ခဏာ=နို့ရည်အဆင်းရှိသော သမုဒ္ဒရာပုံ
၄၇။ ဇလသီဒါ, လက္ခဏာ=ရေချို သမုဒ္ဒရာပုံ
၄၈။ ယုဂန္ဓရ, လက္ခဏာ=ယုဂန္ဓရတောင်ပုံ
၄၉။ ဤသဓရ, လက္ခဏာ=ဤသဓရတောင်ပုံ
၅၀။ ကရဝိက, လက္ခဏာ=ကရဝိကတောင်ပုံ
၅၁။ သုဒဿန, လက္ခဏာ=သုဒဿနတောင်ပုံ
၅၂။ နေမိန္ဓရ, လက္ခဏာ=နေမိန္ဓရတောင်ပုံ
၅၃။ ဝိနတက, လက္ခဏာ=ဝိနတကတောင်ပုံ
၅၄။ အဿကဏ္ဏ, လက္ခဏာ=အဿကဏ္ဏတောင်ပုံ

၅၅။ အနောတတ္တ, လက္ခဏာ=အနောတတ္တရေအိုင်ပုံ
၅၆။ ကဏ္ဏမုဏ္ဍ, လက္ခဏာ=ကဏ္ဏမုဏ္ဍရေအိုင်ပုံ
၅၇။ ရထကာရ, လက္ခဏာ=ရထကာရရေအိုင်ပုံ
၅၈။ ဆဒ္ဒန္တ, လက္ခဏာ=ဆဒ္ဒန္တရေအိုင်ပုံ
၅၉။ ကုဏာလ, လက္ခဏာ=ကုဏာလရေအိုင်ပုံ
၆၀။ မဏ္ဍာကိနီ, လက္ခဏာ=မဏ္ဍာကိနီရေအိုင်ပုံ
၆၁။ သီဟပ္ပပါတ, လက္ခဏာ=သီဟပ္ပပါတရေအိုင်ပုံ
၆၂။ သုပဏ္ဏရာဇာ, လက္ခဏာ=ဂဠုန်မင်းပုံ
၆၃။ သံသုမာရ, လက္ခဏာ=မိကျောင်းမင်းပုံ
၆၄။ ဓဇ, လက္ခဏာ=တံခွန်လျှားပုံ
၆၅။ ပဋာကာ, လက္ခဏာ=တံခွန်ကုက္ကားပုံ
၆၆။ သုဝဏ္ဏသိဝိကာ, လက္ခဏာ=ရတနာသံလျင်းပုံ
၆၇။ သုဝဏ္ဏဝါဠဗီဇနီ, လက္ခဏာ=ရွှေစာမရီသားမြီးယပ်ပုံ
၆၈။ ကေလာသပဗ္ဗတ, လက္ခဏာ=ကေလာသငွေတောင်ပုံ
၆၉။ သီဟရာဇာ, လက္ခဏာ=ခြင်္သေ့မင်းပုံ
၇၀။ ဗျဂ္ဃရာဇာ, လက္ခဏာ=ကျားမင်းပုံ
၇၁။ ဝလာဟကအဿရာဇာ, လက္ခဏာ =ဝလာဟကမြင်းမင်းပုံ
၇၂။ ဥပေါသထ ဆဒ္ဒန္တဟတ္ထိရာဇာ, လက္ခဏာ=ဥပေါသထ ဆဒ္ဒန္တ ဆင်မင်းပုံ
၇၃။ ဗာသုကီနာဂရာဇာ, လက္ခဏာ= ဗာသုကီ နဂါးမင်းပုံ
၇၄။ ဟံသရာဇာလက္ခဏာ=ဟသ်ာမင်းပုံ

၇၅။ ဥသဘရာဇာ, လက္ခဏာ=ဥသဘနွားမင်းပုံ

၇၆။ ဧရာဝဏဟတ္ထိရာဇာ, လက္ခဏာ=ဧရာဝဏ်ဆင်မင်းပုံ

၇၇။ သုဝဏ္ဏမကာရ, လက္ခဏာ=ရွှေမကာရ်းပုံ

၇၈။ သုဝဏ္ဏနာဝါ, လက္ခဏာ=မုခ်ထွင့်ရှုလေးခုရှိသောရွှေလှေပုံ

၇၉။ ဗြဟ္မရာဇာ, လက္ခဏာ=ဗြဟ္မာမင်းပုံ

၈၀။ သဝစ္ဆကာဓေနု, လက္ခဏာ=နွားသားအမိပုံ

၈၁။ ကိံပုရိသ ကိံပုရိသီ, လက္ခဏာ=ကိန္နရာအဖို အမပုံ

၈၂။ ကရဝိက, လက္ခဏာ=ကရဝိက်ငှက်မင်းပုံ

၈၃။ မယူရရာဇာ, လက္ခဏာ=ဥဒေါင်းမင်းပုံ

၈၄။ ကောဉ္စရာဇာ, လက္ခဏာ=ကြိုးကြားငှက်မင်းပုံ

၈၅။ စက္ကဝါကရာဇာ, လက္ခဏာ=စက္ကဝါက်ငှက်မင်းပုံ

၈၆။ ဇီဝဉ္ဇီဝကရာဇာ,လက္ခဏာ=ဇီဝဇိဝ်းငှက်မင်းပုံ

၈၇။ စာတုမဟာရာဇိကာ, လက္ခဏာ=စာတုမဟာရာဇ်နတ်ဘုံ

၈၈။ တာဝတိံသာ, လက္ခဏာ=တာဝတိံသာနတ်ဘုံ

၈၉။ ယာမာ, လက္ခဏာ=ယာမာနတ်ဘုံ

၉၀။ တုသိတာ, လက္ခဏာ=တုသိတာနတ်ဘုံ

၉၁။ နိမ္မာနရတိ, လက္ခဏာ=နိမ္မာနရတိနတ်ဘုံ

၉၂။ ပရနိမ္မိတဝသဝတ္တိ , လက္ခဏာ=ပရနိမ္မိတဝသဝတ္တိနတ်ဘုံ

၉၃။ ဗြဟ္မပါရိသဇ္ဇာ, လက္ခဏာ=ပါရိသဇ္ဇာဗြဟ္မာဘုံ

၉၄။ ဗြဟ္မပုရောဟိတာ, လက္ခဏာ=ပုရောဟိတဗြဟ္မာဘုံ

၉၅။ မဟာဗြဟ္မာ, လက္ခဏာ=မဟာဗြဟ္မာဘုံ

၉၆။ ပရိတ္တာဘာ, လက္ခဏာ=ပရိတ္တာဘာဖြစ်ပွားဘုံ

၉၇။ အပ္ပမာဏာဘာ, လက္ခဏာ=အပ္ပမာဏာဘာဖြစ်ပွားဘုံ

၉၈။ အာဘဿရာ, လက္ခဏာ=အာဘဿရာဖြစ်ပွားဘုံ

၉၉။ ပရိတ္တသုဘာ, လက္ခဏာ =ပရိတ္တသုဘာဖြစ်ပွားဘုံ

၁၀၀။ အပ္ပမာဏသုဘာ, လက္ခဏာ =အပ္ပမာဏသုဘာဖြစ်ပွားဘုံ

၁၀၁။ သုဘကိဏှာ, လက္ခဏာ=သုဘကိဏှာဖြစ်ပွားဘုံ

၁၀၂။ ဝေဟပ္ဖလာ, လက္ခဏာ=ဝေဟပ္ဖလာဖြစ်ပွားဘုံ

၁၀၃။ အသညသတ္တာ, လက္ခဏာ=အသညသတ္တာဖြစ်ပွားဘုံ

၁၀၄။ အဝိဟာ, လက္ခဏာ=အဝိဟာဖြစ်ပွားဘုံ

၁၀၅။ အတပ္ပါ, လက္ခဏာ=အတပ္ပါဖြစ်ပွားဘုံ

၁၀၆။ သုဒဿါ, လက္ခဏာ=သုဒဿာဖြစ်ပွားဘုံ

၁၀၇။ သုဒဿီ, လက္ခဏာ=သုဒဿီ ဖြစ်ပွားဘုံ

၁၀၈။ အကနိဋ္ဌာ, လက္ခဏာ=အကနိဋ္ဌာဖြစ်ပွားဘုံ တို့ ရှိကြပါ ပေကုန်သည်တကား။

# (၁၀၈)ကွက် စက်လက္ခဏာ ခြေတော်ရာ ဘုရားရှိခိုး

အတိုင်းမသိ၊ ကျေးဇူးရှိသား၊ မုနိသကျ၊ ဂေါတမ၏၊ ပါဒမြတ်ကျော်၊ ဖဝါးတော်၌၊ ထွန်းပေါ်ကျစ်လစ်၊ တရာ့ရှစ်ကို၊ စိစစ်လျှင်ထွေ၊ လျှင်းလျှင်းရေပိမ့်၊ ချီလေအစ----

(၁-၂)လုံမ, အိမ်မွန်၊ (၃)သုံးတန်ပွင့်ချပ်၊ ဇလပ်သဏ္ဌာန်, ကလာပ်ဟန်နှယ်၊ (၄) လည်ရေးသုံးဆင့်၊ (၅) လှတင့် ထွန်းတောက်၊ ဦးဆောက်ပန်းက၊ (၆) စွမ်းထယောကျ်ား တစ်ဦးသားကို ထမ်းထားသည့်သွင်၊ (၇) အင်းပျဉ် ဝန်းနှင့်၊ (၈-၉) ချွန်းတောင်း,ပြာသာဒ်၊ (၁၀) အထွတ် မြင့်ခိုင်၊ တံခါးတိုင်က၊(၁၁-၁၂) ဖြူဆွပြိုးပြက်၊ ထီး,သန်လျက်နှင့်၊ (၁၃) ထန်းရွက်ယပ်ဝန်း၊ (၁၄) ရွှန်းရွှန်းရောင်မောင်း၊ ဥဒေါင်းမြီးယပ်၊ (၁၅) သင်းကျပ်ရွှေပြား၊ (၁၆) ပတ္တမြား ကျောက်မျက်၊ (၁၇) စားခွက်ရောင်ပြေး၊ (၁၈) မုလေးပန်းဆိုင်း၊ (၁၉-၂၃) တုနှိုင်းမရ၊ ပွင့်လှအပြား၊ ငါးပါးကြာမျိုး၊ (၂၄) ပြည့်သည့်အိုးနှင့်၊ (၂၅) ပြည့်ဖြိုးဖလား၊ (၂၆) ရေပြားသမုဒ္ဒ၊ (၂၇) စကြာဝဠာတောင်မွန်၊ (၂၈) ဟိမဝန် တောချောင်၊ (၂၉) မြင်းမိုရ်တောင်နှင့်၊ (၃၀-၃၁) ထွန်းပြောင်နေ,လ၊ (၃၂) နက္ခတ္တက၊ (၃၃-၃၆) ဒီပလေးသွယ်၊ ကျွန်းငယ်ရံဆောင်၊ (၃၇) ဘုန်းခေါင်စကြာမင်း၊ (၃၈) ခရသင်းဖြူနစ်၊

မွေ့ရစ်လကျာ၊ (၃၉) ရွှေဝါအဆင်း၊ ငါးမင်းစုံလျှက်၊ (၄၀) လက်နက်စက်က၊

(၄၁–၄၇) ရေတွက်သချာ၊ ဂဂ်ါခုနစ်တန်၊ (၄၈–၅၄) တောင်ရံခုနစ်လုံး၊ (၅၅–၆၁) အိုင်ထုံးခုနစ် ကွက်၊ (၆၂) ငှက်ဂဠုန်မင်း၊ (၆၃) မြစ်တွင်းကိန်းအောင်း၊ မိကျောင်းရေသား၊ (၆၄) တံခွန်လျားနှင့်၊ (၆၅) ကုက္ကားတံခွန်၊ (၆၆) မင်းတန်သံလျင်း၊ (၆၇) အဆင်းရွှေလား၊ သားမြီးလေဆောင်၊ (၆၈) ငွေတောင် ကေလာသ၊ (၆၉–၇၀) သီဟ,ဗျဂ္ဃ၊ (၇၁) ဝလာဟမြင်း၊ (၇၂) ဆင်မင်းမြတ်စွာ၊ ဥပေါသထာယာဥ်မွန်၊ ဆဒ္ဒန်တူပြီ၊ (၇၃) ဗာသုကီမည်ရင်း၊ နဂါးမင်းနှင့်၊ (၇၄) ဟသာ်ရွှေလား၊ (၇၅) နွားဥသဘမွန်၊ (၇၆) ဧရာဝဏ် တခဏ်း၊ (၇၇) ရွှေမကရ်းတထွေ၊ (၇၈) ရွှေလှေ လျှံဝါ၊ (၇၉) ပြဟ္မာထွတ်ဖျား၊ (၈၀) သားနှင့်တကွ၊ နွားမနို့ညစ်၊ (၈၁) အချစ်မြဲစွာ၊ ကိန္နရာ ဖို,မ၊ (၈၂) သဒ္ဒမဆိတ်၊ ကရဝိတ်တွန်ညှောင်း၊ (၈၃–၈၄) ဥဒေါင်း, ကြိုးကြာ၊ (၈၅) သံသာစက္ကဝါက်၊ (၈၆) စုံလျှက်ဇီဝဇိုဝ်း၊ (၈၇–၉၂) မိုးဝဘုံသာ၊ ဆကာမာနှင့်၊ (၉၃–၁၀၈) ပြဟ္မာဘုံရပ်၊ ဆယ့်ခြောက်ထပ်လည်း၊ ယှဉ်စပ်မကင်း၊ ခပင်းများစွာ၊ ရံစကာနှင့်၊

စကြာခြေမွန်၊ တင့်တယ်ဟန်ကို၊ မိုးစွန်ဘုံဖျား၊ သိကြားပြဟ္မာ၊ တူရေးလှာလည်း၊ ဘယ်မှာတမျှ၊ အတူရချိမ့်၊

အသမ,သမာ၊ သုံးလူ့ချာ၏၊ ရတနာ လျှံဝင်း၊ နီဆင်းစင်သန့်၊ အကန့်တထောင်၊ ထွန်းပြောင် သီဂါ၊ သန္တာအကွပ်၊ ထိန်လျှပ်ပုံတောင်း၊ ညိုမောင်း ကျောက်မျက်၊ ခြေတော်စက်ကို၊ စုံမက်မြတ်နိုး၊ ရှိလျှင် ခိုးသည်၊ (ကောင်းကျိုးလျှင်ဆော ရောက်စေသော၀်) အကျိုးကောင်းမွန်၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ်၊ နိဗ္ဗာန် ထုတ်ချောက်၊ ရောက်စေသော၀်-----။

## ရွှေပုဒ္ဒခြေတော်ရာအလှူ

## ကိုရီးယား - ဂျယ်ဂျူး ခရီးစဉ် (၇ ရက်/၆ ည)

## (၁၆. ၄. ၂၀၁၇ မှ ၂၂. ၄. ၂၀၁၇)

၁။ Day 01. 16 Apr 2017 Yangon - Hanoi (Dinner)

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ Vietnam Airline ဖြင့် ည (၀၇း၁၀)တွင် စတင်ထွက်ခွါလာရာ ဟန္နိုင်းမြို့ရှိ Noi Bai လေဆိပ်သို့ ည (၀၉း၃၀)တွင် ရောက်ရှိပါမည်။ ထို့နောက် ဟန္နိုင်းလေဆိပ်မှ ည (၁၁း၄၅)တွင် ကိုရီးယား နိုင်ငံ အင်ချွန်းလေဆိပ်သို့ ဆက်လက်ထွက်ခွါပါမည်။ လေယာဉ်ပေါ်တွင် ညစာ သုံးဆောင်ပြီး အိပ်စက် အနားယူကာ လိုက်ပါလာပါမည်။

၂။ Day 02. 17 Apr 2017 Nami island

(Breakfast/ Lunch/ Dinner)

ကိုရီးယားနိုင်ငံ၏ ဒေသစံတော်ချိန် နံနက် (၀၅း၅၀)တွင် ကိုရီးယားနိုင်ငံ အင်ချွန်း အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိပါမည်။ လေဆိပ်ရှိ ဧည့်ကြိုခန်းမတွင် ဧည့်လမ်းညွှန်မှ ကြိုဆို နှုတ်ဆက်ပြီးနောက် နေ့လည်စာ သုံးဆောင်ပါမည်။ ဦးစွာအနေဖြင့် ကိုရီးယားတို့၏ ရှေးဟောင်း အမွေအနှစ်များစုစည်းရာ Gyeongbokgung Palace ၊ ကိုရီးယားအမျိုးသား Folk ပြတိုက်၊ သမ္မတအိမ်တော် (Blue House) တို့အား သွားရောက်လေ့လာ လည်ပတ်ပါမည်။ ထို့နောက် ကိုရီးယားနိုင်ငံ၏ အကျော်ကြားဆုံး Drama ရုပ်ရှင်ကားဖြစ်သော Winter Sonata ရုပ်ရှင်ကား ရိုက်ကူးရာ၊ လှပသာယာသော နာမိကျွန်းသို့ သွားရောက် လည်ပတ်ကြပါမည်။ နာမိကျွန်းတွင် စီတန်းလှပနေသော ထင်းရှူးပင်တန်းများ၊ Winter Sonata ရုပ်ရှင်မှ မင်းသား၊ မင်းသမီးတို့၏ ရုပ်တုများ၊ ချစ်သူစုံတွဲများ၏ ကြည်နူးဖွယ် ပုံရိပ်လေးများနှင့် ဓါတ်ပုံ ရိုက်ရန် အကောင်းဆုံး ရှုခင်းများကို ခံစားတွေ့မြင်

ရမည် ဖြစ်ပါသည်။ ညစာသုံးဆောင်ပြီးနောက် ပျော်ပျော် ပါးပါး ဈေးဝယ်ထွက်နိုင်ရန် Dongdaemun Market သို့ ပို့ဆောင်ပေးပါမည်။ ထို့နောက် ဆိုးလ်မြို့ရှိ Hotel တွင် အိပ်စက် အနားယူကြပါမည်။

၃။ Day 03. 18 Apr 2017 Seoul - Jeju Sightseeing

(Breakfast/ Lunch/ Dinner)

နံနက်စာကို Hotel တွင် သုံးဆောင်ပြီးနောက် ဂင်ပိုလေဆိပ်မှတစ်ဆင့် ဂျယ်ဂျူးလေဆိပ်သို့ သွားရောက်ကြပါမည်။ ဂျယ်ဂျူးကျွန်းသို့ ရောက်ရှိလျှင် 'The Pond of God' ဟု တင်စားခေါ်ဝေါ်ကြသော Jeju ကျွန်းတွင် ထင်ရှားလှသည့် chonjiyeon ရေတံခွန် နှင့် Jusangjeolli ကမ်းပါးသို့ သွားရောက်ကြပါမည်။ နေ့လည်စာ သုံးဆောင်ပြီးနောက် နာမည်ကြီးဇာတ်လမ်းတွဲ 'Princess Hour' မှ ဇာတ်ဝင်ခန်း တစ်ချို့ ရိုက်ကူးရာ နိုင်ငံတကာမှ ချစ်စရာ အကောင်းဆုံးသော Teddy Bear လေးများကို တစ်စုတစ်စည်း မြင်တွေ့နိုင်သည့် Teddy Bear Museum သို့ သွားရောက် လည်ပတ်ကြပါမည်။ ညစာသုံးဆောင်

ပြီးနောက် အိပ်စက်အနားယူရန် ဂျယ်ဂျူးရှိ ဟိုတယ်သို့ ပို့ဆောင်ပေးပါမည်။

၄။ Day 04. 19 Apr 2017 Jeju Sightseeing (Breakfast/ Lunch/ Dinner)

နံနက်စာအား ဟိုတယ်တွင် သုံးဆောင်ပြီးနောက် UNESCO မှ သဘာဝအမွေအနှစ် တစ်ခုအဖြစ် သတ်မှတ်ထားခြင်း ခံရသော ဂျယ်ဂျူး၏ ဆုတောင်းပြည့် နေထွက်တောင်ထိပ်ဟု တင်စားခေါ်ဆိုကြသော Songsan Sunrise Peak မှ သဘာဝပတ်ဝန်းကျင် အလှအပတို့ကို ကြည့်ရှုခံစားရပါမည်။ ထို့နောက် နာမည်ကျော် ကိုရီးယား ရုပ်ရှင် All in ရိုက်ကူးခဲ့သည့် အလွန်လှပသော Seopjicoji ကမ်းပါးနှင့် Seonup Folk Village သို့လည်း ဆက်လက် လည်ပတ်ကြ ပါမည်။ နေ့လည်စာ သုံးဆောင်ပြီးနောက် Jeju International Airpot မှတစ်ဆင့် ဆိုးလ်မြို့ရှိ Gimpo လေဆိပ်သို့ ပြန်လည်ထွက်ခွါလာပါမည်။ ထို့နောက် ကိုရီးယားနိုင်ငံ၏ ပျော်ရွှင်ဖွယ်ကောင်းသော Nanta Show အား သွားရောက်ကြည့်ရှုပြီးနောက် ညစာသုံးဆောင်ပါမည်။ Soul မြို့ရှိ ဟိုတယ်တွင် အိပ်စက်အနားယူပါမည်။

## ၅။ Day 05. 20 Apr 2017 Everland

(Breakfast/ Lunch/ Dinner)

နံနက်စာအား ဟိုတယ်တွင် သုံးဆောင်ပြီးနောက် ကိုရီးယားနိုင်ငံထွက် ဂျင်ဆင်းများအား လေ့လာနိုင်ရန် ဂျင်ဆင်းပြတိုက်၊ ခရမ်းဆွဲကျောက်မျက်ရတနာများကို လေ့လာနိုင်ရန် Amethyst Factory သို့ ပို့ဆောင်ပေးပါမည်။ ကင်ချီပြုလုပ်ပုံ အဆင့်ဆင့်ကို သင်ယူရမည့် Kimchi School နှင့် လှပသော ကိုရီးယားရိုးရာဝတ်စုံလေးများကို ကိုယ်တိုင် ဝတ်ဆင်၍ ဓာတ်ပုံများရိုက်ကူးနိုင်မည့် Han Bok House သို့ သွားရောက်ကြပါမည်။ ထို့နောက် စတော်ဘယ်ရီသီးများ စိုက်ပျိုးထားရာ Strawberry Farm ထဲသို့ သွားရောက်၍ စတော်ဘယ်ရီသီးများအား ပျော်ပျော်ပါးပါး ဝယ်ယူစားသုံးကြပါမည်။ နေ့လည်စာ သုံးဆောင်ပြီးနောက် 1976 တွင် ဖွင့်လှစ်ခဲ့သော 247 ဧက ကျယ်ဝန်းလှသည့် ဓာတ်ပုံရိုက်ရန် အထူးဆွဲဆောင် လျှက်ရှိသည့် Everland ကစားကွင်းသို့ သွားရောက် လည်ပတ်ကြပါမည်။ Everland ကစားကွင်းတွင် အအေးမြဆုံး ရိုလာကိုစတာဟု တင်စားခေါ်ဝေါ်ကြသည့်

သစ်သားဖြင့် ပြုလုပ်ထားသော T-Express၊ ရာသီပေါ် ပန်းပင်တွေနှင့် အလှဆင်ထားသော Rose Garden ၊ ကမ္ဘာပေါ်တွင် ထင်ရှားသော ခြင်္သေ့ကျားနှင့် ဆင်၊ သစ်ကုလားအုပ်၊ မြင်းကျားနှင့် အခြား တိရစ္ဆာန်များကို မြင်တွေ့နိုင်မည့် Safari World နှင့် အခြားအခြားသော ကစားနည်းမျိုးစုံကို စိတ်ကြိုက်ကစားနိုင်မည် ဖြစ်ပါသည်။ ညစာသုံးဆောင်ပြီးနောက် ဆိုးလ်မြို့ရှိ ဟိုတယ်တွင် ပြန်လည်အိပ်စက် အနားယူပါမည်။

၆။ Day 06. 21 Apr 2017 Seoul Sightseeing

(Breakfast/ Lunch/ Dinner)

နံနက်စာကို Hotel တွင် သုံးဆောင်ပြီးနောက် 1971 တွင် နမ်ဆမ်တောင်ထိပ်ပေါ်တွင် တည်ထောင်ခဲ့သည့် ဆိုးလ်မြို့ တစ်ခုလုံးကို အပေါ်စီးမှ ကြည့်ရှုနိုင်သော ဆက်သွယ်ရေး တာဝါတစ်ဖြစ်လဲ ဆိုးလ်၏အမြင့်ဆုံး မျှော်စင် Namsan Tower သို့ သွားရောက် လည်ပတ်ပါမည်။ ချစ်သူ စုံတွဲများက သူတို့၏ ချစ်ခြင်းများကို သော့ခလောက်လေး ထည့်၍ သိမ်းထားမည် ဆိုလျှင် ချစ်သူတို့၏ ချစ်ခြင်းများက

ထာဝရတည်မြဲမည်ဟု ယူဆကြသဖြင့် အရောင်အသွေးစုံလင်လှသည့် သော့ခလောက်မျိုးစုံကလည်း ထို Namsan Tower ၏ ဆွဲဆောင်မှုတစ်ခု ဖြစ်ပါသည်။ နေ့လည်စာသုံးဆောင်ပြီးနောက် ကိုရီးယားနိုင်ငံထွက် Cosmetic ပစ္စည်းများအား ဈေးသက်သက်သာသာဖြင့် ဝယ်ယူနိုင်ရန် Cosmetic Gallery နှင့် Duty Free ဆိုင်များသို့ ပို့ဆောင်ပေးပါမည်။ ထို့နောက် ကိုရီးယားနိုင်ငံ၏ နာမည်ကျော် ပန်းခြံဖြစ်သည့် Yeouido ပန်းခြံသို့ သွားရောက်၍ အမှတ်တရ ဓါတ်ပုံများ ရိုက်ကူးကြပါမည်။ ညနေပိုင်းတွင် ဟန်မြစ်ထဲတွင် ပျော်ပျော်ပါးပါး Cruise စီးရင်း ဆိုးလ်မြို့၏ အလှအပများကို ခံစားကြပါမည်။ ညနေပိုင်းတွင် ဆိုးလ်မြို့၏ အစည်ကားဆုံး နေရာဖြစ်သော MyeongDong အရပ်သို့ သွားရောက်လည်ပတ်ပါမည်။ ထိုနေရာတွင် ဆိုင်ခန်းပေါင်းမြောက်မြားစွာ ရှိပြီး ကိုရီးယားရိုးရာ စားသောက်ဆိုင်ငယ်လေးများ ကိုရီးယား၏ နာမည်ကျော် အလှကုန်ဆိုင်များ၊ ဒေသထွက်နှင့် နိုင်ငံတကာ Brand မျိုးစုံရရှိနိုင်သော Shopping Center ကြီးများ၊ အမှတ်တရ ပစ္စည်းအရောင်း ဆိုင်များ

တစုတဝေးတည်း တွေ့ရှိနိုင်မည်ဖြစ်ပါသည်။ ညစာ သုံးဆောင်ပြီးနောက် ဟိုတယ်တွင် ပြန်လည် အိပ်စက် အနားယူပါမည်။

၇။ Day 07. 22 Apr 2017 Seoul - Hanoi - Yangon

(Breakfast/ Lunch)

နံနက်စာကို Hotel တွင် သုံးဆောင်ပြီးနောက် အမှတ်တရပစ္စည်းများနှင့် ကိုရီးယားနိုင်ငံ၏ ရိုးရာမုန့်များ ဝယ်ယူနိုင်ရန် Local Market သို့ ပို့ဆောင်ပေးပါမည်။ ထို့နောက် အင်ချွန်းလေဆိပ်မှ မနက် (၁၀း၀၅)တွင် Vietnam လေကြောင်းလိုင်းဖြင့် ပြန်လည်ထွက်ခွါလာရာ ဟနွိုင်းလေဆိပ်သို့ နေ့လည် (၁၂း၃၅)တွင် ရောက်ရှိပါမည်။ ညနေ (၀၄း၄၀)တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ထွက်ခွါလာရာ ည (၀၆း၁၀)တွင် ပြန်လည် ရောက်ရှိပါမည်။

## ရွှေဗုဒ္ဓခြေတော်ရာ ပါဒစေတီ အလှူ
## ကိုရီးယား - ဂျယ်ဂျူး ခရီးစဉ် ဘုရားဖူးများ

| | | |
|---|---|---|
| ၁။ | လှရတနာ ဆရာတော် | ဘဒ္ဒန္တ နာရဒါဘိဝံသ |
| ၂။ | မကွေး ဆရာတော် | ဘဒ္ဒန္တ စိန္တာသာရ |
| ၃။ | မန္တလေး ဆရာတော် | ဘဒ္ဒန္တ ဝဏ္ဏိဿရ |
| ၄။ | ပန်းတနော် ဆရာတော် | ဘဒ္ဒန္တ ဝရသေနာပတိ |
| ၅။ | ဓမ္မဓရ ဆရာတော် | ဘဒ္ဒန္တ ဝဏ္ဏိတ |
| ၆။ | ကြည့်မြင်တိုင် ဆရာတော် | ဘဒ္ဒန္တ သုမန |
| ၇။ | တောင်ငူ ဆရာတော် | ဘဒ္ဒန္တ သူရိယ |
| ၈။ | ပဲခူး ဆရာတော် | ဦးဟုန်ဟိုက် |
| ၉။ | ဦးတင်ထွန်း | ရန်ကုန် |
| ၁၀။ | ဒေါ်အေးအေးမြင့် | ။ |
| ၁၁။ | မဇာလီတင်ထွန်း | ။ |
| ၁၂။ | ဒေါ်ကြည်ကြည်အေး | အိမ်မဲ |
| ၁၃။ | ဒေါ်လှလှရီ | ရန်ကုန် |
| ၁၄။ | ဦးကျိန်တာ | ။ |
| ၁၅။ | ဒေါ်သီတာဦး | ။ |
| ၁၆။ | ဒေါ်စုစုသန်း | ။ |
| ၁၇။ | ဦးဟန်လင်း | ။ |
| ၁၈။ | ဒေါ်စန်းညွန့် | ။ |
| ၁၉။ | မောင်မင်းဆက်ပိုင် | ။ |
| ၂၀။ | မောင်ကောင်းအုပ်စိုး | ။ |

## ရွှေဗုဒ္ဓခြေတော်ရာ ပါဒစေတီ အလှူရှင်များ

၁။ လှုရတနာ ဆရာတော် ဘဒ္ဒန္တ နာရဒါဘိဝံသ
၃၀,၀၀၀ိ/-

၂။ မကွေး ဆရာတော် ဘဒ္ဒန္တ စိန္တာသာရ
၁၀,၀၀၀ိ/-

၃။ မန္တလေး ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏိသရ
၁၀,၀၀၀ိ/-

၄။ ပန်းတနော် ဆရာတော် ဘဒ္ဒန္တ ဝရသေနာပတိ
၁၀,၀၀၀ိ/-

၅။ ဓမ္မရေ ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏိတ
၁၀,၀၀၀ိ/-

၆။ ကြည့်မြင်တိုင် ဆရာတော် ဘဒ္ဒန္တ သုမန
၁၀,၀၀၀ိ/-

၇။ တောင်ငူ ဆရာတော် ဘဒ္ဒန္တ သူရိယ
၁၀,၀၀၀ိ/-

၈။ ပဲခူး ဆရာတော် ဦးဟုန်ဟိုက်
၃၀,၀၀၀ိ/-

၉။ ဦးတင်ထွန်း+ဒေါ်အေးအေးမြင့် မိသားစု၊ ရန်ကုန်
၅၂၀,၀၀၀ိ/-

၁၀။ ဒေါ်ကြည်ကြည်အေး အိမ်မဲ ၁၀၀,၀၀၀ိ/-

၁၃။ ဒေါ်လှလှရီ ရန်ကုန် ၃၀,၀၀၀ိ/-

၁၄။ ဦးကျိန်တာ+ဒေါ်သီတာဦး မိသားစု၊ ရန်ကုန် ၅၀၀,၀၀၀ိ/-

၁၅။ ဒေါ်စုစုသန်း ရန်ကုန် ၅၀,၀၀၀ိ/-

၁၆။ ဦးဟန်လင်း+ဒေါ်စန်းညွန့် မိသားစု၊ ရန်ကုန် ၂၀၀,၀၀၀ိ/-

၁၇။ မစောယုယုနွယ် ၁၀,၀၀၀ိ/-

အမှတ် ........
ရက်စွဲ ........

# နားခိုရာ ရင်ခွင်

၁။ နားခိုစရာ ရင်ခွင်မှာ လေးဖြာအပေါင်းရှိ၊

၂။ မိဘ ဆရာ လောကသာ ဓမ္မာထည့်၍သိ၊

၃။ ဓမ္မရင်ခွင်, နားခိုဝင်, သူပင်မြတ်လေဘိ၊ (လှရတနာဆရာတော်)

## ဓမ္မရင်ခွင် ခိုဝင်ခြင်း ဖနသန္ဓဇာတ်တော်လာ

## ပူပန်ကြောင်းတရား (၁၀)ပါးနှင့် မပူပန်ကြောင်းတရား (၁၀)ပါး

၁။ ငယ်ကဥစ္စာ၊ မဖွေရှာ၊ အိုခါကြောင့်ကြ၊ ပူပန်ရ။ (ငယ်စဉ်ဥစ္စာ ရှာဖွေပါ)

၂။ ငယ်ကပညာ၊ မသင်ပါ၊ အိုခါကြောင့်ကြ၊ ပူပန်ရ။ (ငယ်စဉ်အခါ ပညာရှာ)

၃။ ငယ်ကဆိုးညစ်၊ လွန်ကောက်ကျစ်၊ အိုလစ်ခါမှ၊ ပူပန်ရ။ (ငယ်စဉ်အခါ လိမ္မာပါ)

၄။ ငယ်စဉ်စိတ်ဆတ်၊ သူ့သက်သတ်၊ အိုလတ်ခါမှ၊ ပူပန်ရ။ (ပါဏာတိပါတ ရှောင်ကြဉ်ကြ)

၅။ ငယ်စဉ်မိုက်မြူး၊ ကာမေကျူး၊ အိုမူးခါမှ၊ ပူပန်ရ။ (မိစ္ဆာစာရ ရှောင်ကြဉ်ကြ)

၆။ ငယ်စဉ်ပြည့်တင်း၊ မလှူလျှင်း၊ အိုမင်းခါမှ၊ ပူပန်ရ။ (ငယ်စဉ်အခါ ပေးလှူပါ)

၇။ မိအိုဖအို၊ မပြုလို၊ ကိုယ်အိုခါမှ၊ ပူပန်ရ။ (ငယ်စဉ်မိဘ လုပ်ကျွေးကြ)

၈။ မွေးဖဆရာ၊ ထင်သေးခါ၊ အိုခါကြောင့်ကြ၊ ပူပန်ရ။ (အမိအဖ ရှိသေလေးစားကြ)

၉။ ရဟန်းသူမြတ်၊ မဆည်းကပ်၊ အိုလတ်ခါမှ၊ ပူပန်ရ။ (ရဟန်းသူမြတ် ဆည်းကပ်အပ်)

၁၀။ ငယ်စဉ်တရား၊ မကျင့်ပြား၊ မိုက်မှားအိုမှ၊ ပူပန်ရ။ (အမြတ်တရား ကျင့်ကာထား)

ထိုမှအပြန်၊ ကောင်းကျိုးမှန်၊ စေန်မုချ၊ မပူရ။ (ဆရာညာ)